မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၂၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက် | ၂၀၁၃ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ အင်္ဂါနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မူဆယ်-နမ့်ခမ်း-ကွတ်ခိုင်တစ်ဝိုက်တွင် နိုင်ငံတကာအဆင့်မီ စီးပွားရေးဇုန်ဖွင့်လှစ်ရန်စီစဉ်

နေပြည်တော် ဩဂုတ် ၂၆

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က လိုအပ်သလိုဆောင်ရွက်ပေးနေသည့်အချိန်မျိုးတွင် သိန္နီမြို့နယ်ရှိ ပြည်သူများနှင့် ရပ်မိရပ်ဖများကလည်း ဤဒေသ၏ တည်ငြိမ်အေးချမ်းရေးကို အလေးထားကူညီပြီး မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ယနေ့နံနက်ပိုင်းက သိန္နီမြို့နယ် အောင်မင်္ဂလာခန်းမ၌ ပြုလုပ်သည့်တွေ့ဆုံပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နယ်မြေဆိုင်ရာ လိုအပ်ချက်များကို တင်ပြခဲ့ကြရာ ဒုတိယသမ္မတက လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယခင်ရောက်ရှိခဲ့စဉ်က ပညာရေးအခက်အခဲ၊ ကျန်းမာရေးအခက်အခဲ၊ လမ်းတံတားပြုပြင်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ မြို့ဦးကြာကန်ပြန်ဆယ်ယူတူးဖော်ရေး၊ မြို့နယ်ရှမ်းယဉ်ကျေးမှုအတွက် မြေနေရာပြန်ရရှိရေး စသည့်လိုအပ်ချက်နှင့် အခက်အခဲများကို ဖြေရှင်းပေးခဲ့ပါကြောင်း၊ ယခုလည်း ပံ့ပိုးနိုင်သည်များကို ထပ်မံပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတက သိန္နီမြို့နယ်သည် နယ်စပ်ကုန်သွယ်ရေးလမ်းမကြီးပေါ်တွင် ရှိနေသော်လည်း လယ်ယာစိုက်ပျိုးရေး၊တစ်နိုင်တစ်ပိုင်ကုန်သွယ်ရေးနှင့် အသက်မွေးဝမ်းကျောင်းပြုသည့်ဒေသဖြစ်ပါကြောင်း၊ ရှမ်းစော်ဘွားများ အဆက်ဆက်အခြေချခဲ့ရာ သမိုင်းဝင်နေရာလည်းဖြစ်ပြီး အေးချမ်းစွာနေလာခဲ့သည့်မြို့နယ်ဖြစ်ပါကြောင်း၊ ထိုအခြေအနေကို အသုံးပြုပြီး ခရီးသွားလုပ်ငန်းပါ တိုးချဲ့လုပ်ဆောင်သွားနိုင်မည်ဆိုပါက မြို့နယ်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်သည်ဟု သုံးသပ်မိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးလုပ်ကိုင်လိုသည့် ဆန္ဒရှိပါကလည်း နေပြည်တော်သို့ လာရောက်လေ့လာနိုင်ပါကြောင်း၊ သို့မဟုတ်ပါက ဧကတစ်ရာခန့်လယ်ယာမြေနေရာပေးနိုင်မည်ဆိုလျှင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး လာရောက်သရုပ်ပြသနိုင်အောင် စီစဉ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ▲

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကွတ်ခိုင်မြို့ရှိ လေဆိပ်တည်ဆောက်မည့် နေရာပြမြေပုံအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အောက်ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၂၆

သံလွင်မြစ်ရေသည် ဘားအံမြို့၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ် အထက် ၃၆ စင်တီမီတာ (၁ ဒသမ ၂ ပေခန့်)ကျော်လွန်နေကာ နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဆီးဂိမ်းအတွက် ကာယကြံ့ခိုင်မှုပြိုင်ပွဲဝင်များ ရွှေတံဆိပ်အတွက် လေ့ကျင့်ပြင်ဆင်နေ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၆

လက်မောင်းကြွက်သားအဖုအထစ်၊ ရင်အုပ်ကြွက်သားက မို့မောက်ပြန့်ကားစွာ၊ ဝမ်းဗိုက်ကြွက်သားများက အရစ်ရစ်ထလျက်၊ ပေါင်ကြွက်သားများ မြောင်းမြောင်းထအောင် ကိုယ်ကာယလေ့ကျင့်နေသော မြန်မာ့ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ ဆီးဂိမ်းပြိုင်ပွဲဝင် ကာယဗလမောင်များ ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်းရှိ အားကစားလေ့ကျင့်မှုစခန်းအတွင်း၌ နှစ်လုံးပေါက်လေ့ကျင့်နေကြသော ကာယကြံ့ခိုင်မှု အားကစားသမားများ၏ ပြင်ဆင်လေ့ကျင့်နေမှုကို သွားရောက်ကာ နည်းပြ ဦးအောင်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"(၂၇)ကြိမ်မြောက် ဆီးဂိမ်းအတွက် အားကစားသမားတွေကို လေးရက်လေ့ကျင့် တစ်ရက်နားပုံစံနဲ့ ကျွန်တော်တို့ စခန်းသွင်းလေ့ကျင့်နေပါတယ်။ ***စာမျက်နှာ ၉ ကော်လံ ၆*** ●

ဆီးဂိမ်းအတွက် ကိုယ်ကာယကြံ့ခိုင်မှု ကာယဗလမောင်များ ဤသို့ လေ့ကျင့်ပြင်ဆင်နေသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နွားနို့နှင့် ကျန်းမာရေး

နေ့စဉ် နွားနို့သောက်သုံးပေးခြင်းဖြင့် ဗီတာမင်နှင့် ကယ်လ်စီယမ်ဓာတ်များ ပိုမိုကြွယ်ဝကာ အရိုးအဆစ်များသန်မာစေပြီး လူကိုကြီးထွားစေနိုင်ပါသည်။ အထူးသဖြင့် ကျောင်းနေအရွယ်ကလေးများ နွားနို့ကို နေ့စဉ်သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ် ဖွံ့ဖြိုးမှုအားကောင်းစေပြီး ထွားကျိုင်းသော လူငယ်လူရွယ်များအဖြစ်သို့ ရောက်ရှိလာနိုင်သည်။

နွားနို့သည် လူရွယ်လူလတ်များ နေ့စဉ်သောက်သုံးပေးလျှင် အရိုးအဆစ်များကျန်းမာသန်စွမ်းမှုကို ရနိုင်သကဲ့သို့ ကျောင်းနေအရွယ်ကလေးများ သောက်သုံးပါက လူကိုကြီးထွားစေနိုင်သည့်အပြင် ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးမှုကိုလည်း ရရှိစေနိုင်သည်။ အချို့သော နိုင်ငံတွင် မိမိတို့နိုင်ငံသားများ ခန္ဓာကိုယ်ထွားကျိုင်းသောလူမျိုးများ ဖြစ်လာစေရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်းကို အာဟာရအဖြစ် နေ့စဉ် နွားနို့တိုက်ကျွေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရသည်။

ကျန်းမာသန်စွမ်းသောလူမျိုးများ မွေးထုတ်ပေးခြင်းသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးရေးအတွက် အခြေခံအရင်းအမြစ်ဖြစ်သည်။ ကျန်းမာသန်စွမ်းမှ အလုပ်လုပ်နိုင်ကြမည်ဖြစ်သလို အလုပ်လုပ်ကြမှလည်း ကြီးပွားတိုးတက်မည်ဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံတွင်လည်း ကျောင်းနေအရွယ်ကလေးများ နွားနို့တိုက်ကျွေးရေးလုပ်ငန်းစဉ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကြားသိရသည်။ အလှူရှင်များ ဖိတ်ခေါ်ပြီး မူလတန်း ကလေးများအား နွားနို့တိုက်ကျွေးခြင်းကို နေပြည်တော်ရှိ ကျောင်းများမှ စတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လာမည့်နှစ်များတွင် မူလတန်းကလေးများသာမက အလယ်တန်းကလေးများကိုပါ နေ့စဉ် နွားနို့တိုက်ကျွေးနိုင်ရန် အလှူရှင်များဖိတ်ခေါ်ပြီး စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းနို့စားနွားမွေးမြူရေးကို အရှိန်မြှင့်တင်လုပ်ဆောင်ပြီး ကလေးများအား နွားနို့တိုက်ကျွေးရေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်သွားကြရန်လည်း သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်လျက်ရှိသည်။ နို့စားနွားမွေးမြူရေးတိုးတက်လာသည်နှင့်အမျှ ကျောင်းများ၌ နွားနို့လှူဒါန်းသူများပေါ်များကာ နွားနို့တိုက်ကျွေးရေးလုပ်ငန်းကို တွင်ကျယ်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

သို့ပါ၍ မိမိတို့နိုင်ငံတွင် သန်မာထွားကျိုင်းသော လူသားထုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ကျောင်းတိုင်းကျောင်းတိုင်း နွားနို့တိုက်ကျွေးရေးအစီအမံများ အလှူရှင်၊ စေတနာရှင်များနှင့် ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဆိုပါက ကျွန်ုပ်တို့နိုင်ငံ၌ ကျန်းမာသန်စွမ်းသည့် လူ့အသိုက်အဝန်းအဖြစ် မကြာမီနှစ်များအတွင်း ရောက်ရှိလာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၂၆

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ပညာရည်ချွန်ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၆

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ပျဉ်းမနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်ဦးသည် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြု အမှာစကားပြောကြားပြီး ငါးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ကိုးဦး၊ ဂုဏ်ထူးဆုရ ကျောင်းသား ကျောင်းသူ ၂၂ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆုရ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ပေးအပ်

အဆိုပါ အခမ်းအနားအပြီးတွင် ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူ ၆၀ အား စာရေးကိရိယာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

ယဉ်ကျေးမှုအမွေအနှစ်ပုထိုးတော်ကြီးသို့ အန္တရာယ်ရှိ၍ မတက်စေလို

မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်တစား လာရောက်လေ့လာလျက်ရှိကြသည့် အမရပူရခေတ် ဘိုးတော်မင်းတရားခေါ် ဗဒုံမင်းတရားကြီး၏ ကောင်းမှုတော်ပုထိုးတော်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းကျေးရွာ၌ တည်ရှိပါသည်။

မင်းကွန်းဒေသ၏ ကြီးငါးကြီးတွင် တစ်ခုအပါအဝင်ဖြစ်သည့် အဆိုပါ ပုထိုးတော်ကြီးသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ဒဏ်ခံခဲ့ရခြင်းကြောင့် ပုထိုးတော်ကြီး၏ ကြံ့ခိုင်မှုမှာ စိုးရိမ်ရသောအနေအထားတွင်ရှိခဲ့၍ ပုထိုးတော်ကြီးအပေါ်သို့ တက်ရောက်ခွင့်ကို သက်ဆိုင်ရာက တားမြစ်ထားသည်။

တက်ရောက်ဖူးမြော်သူများ အတွက်အန္တရာယ်ရှိနိုင်ခြင်းကြောင့် ပုထိုးတော်ကြီးအပေါ်သို့ တက်ရောက်ခြင်း မပြုကြပါရန် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် သက်ဆိုင်ရာကကြေညာထားကာ ပုထိုးတော်ကြီးအပေါ်တက်ရောက်သည့်လှေကားကို ပိတ်ထားသော်လည်း အချို့သော စည်းကမ်းမလိုက်နာသူတို့သည် အတားအဆီးများကို ကျော်ဖြတ်ကာ ပုထိုးတော်ကြီးအပေါ်သို့ တက်ရောက်နေကြသည်ကို တွေ့ရှိခဲ့ရပေသည်။ **(အောက်ပုံ)**

သို့ဖြစ်ပါ၍ မိမိအတွက်လည်း အန္တရာယ်ရှိနိုင်သလို မိမိကြောင့်လည်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ထိခိုက်ပျက်စီးစေနိုင်မည့် ထိုကဲ့သို့သော စည်းကမ်းမဲ့ဆောင်ရွက်နေမှုများ ဆောင်ရွက်ခြင်းမပြုကြပါရန်နှင့် နိုင်ငံကြီးသားမပီသသော ထိုသို့ပြုမူဆောင်ရွက်နေမှုများကို သက်ဆိုင်ရာက ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

မောင်ယဉ်ကျေး

အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

▲ ***ရှေ့ဖုံးမှ***

အဆိုပါတွေ့ဆုံပွဲ၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ၊ တစ်ဘာသာဂုဏ်ထူးရရှိသူ တစ်ဦးအတွက် ငွေကျပ်တစ်သိန်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ခြောက်ဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၁၅၀ စုစုပေါင်းဂုဏ်ပြုငွေ ၁၆၃ ဒသမ ၅ သိန်း ပေးအပ်ခဲ့သည်။

ထို့မှတစ်ဆင့် ဒုတိယသမ္မတသည် ကွတ်ခိုင်မြို့သို့ရောက်ရှိပြီး လေယာဉ်ကွင်းဟောင်း ပြေးလမ်းအခြေအနေနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံ၍ ကွတ်ခိုင်မြို့သည် လူဦးရေတစ်သိန်းခုနစ်သောင်းခန့်ရှိပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံသည့် မြို့လေးပင်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်မီသည့် စီးပွားဖြစ်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်နိုင်ပါက အလုပ်အကိုင်၊ အခွင့်အလမ်းပိုလာပြီး ကွတ်ခိုင်ပြည်သူလူထု၏ လူမှုစီးပွားရေး တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ကွတ်ခိုင်မြို့၏ အခြေခံအဆောက်အအုံများ တဖြည်းဖြည်း တိုးတက်ပြောင်းလဲနေပြီး မပြောင်းလဲသေးသည်မှာ ဖွံ့ဖြိုးမှုပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံရှိသည့် မြို့ဖြစ်သည့်အတွက် ရိုးရာဓလေ့နှင့် နေထိုင်စားသောက်မှုပုံစံကိုလေ့လာကြည့်ရှုနိုင်သည့် အစီအစဉ်မျိုး စသည့်ခရီးသွားများကို ဆွဲဆောင်သောလုပ်ငန်းများ လုပ်နိုင်ပါကြောင်း။

ယခုခရီးစဉ်မတိုင်မီ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့်ဆွေးနွေးခဲ့ပါကြောင်း၊ ကွတ်ခိုင်တွင်ရှိသည့် လေဆိပ်ကို အကျိုးရှိရှိအသုံးပြုနိုင်အောင် ပြုပြင်ပြီး လေယာဉ်အငယ်စားဖြင့် ပြေးဆွဲနိုင်မည်ဆိုပါက ဤဒေသမှ ပြည်သူလူထုသာမက မူဆယ် တစ်ဝိုက်မှ လုပ်ငန်းရှင်များ၊ နိုင်ငံတကာခရီးသွားများ ဝင်ထွက်သွားလာနိုင်မည်ဖြစ်သည့်အတွက် ကွတ်ခိုင်မြို့၏ စီးပွားရေးကို အထောက်အကူပြုမည်ဟု သုံးသပ်မိပါကြောင်း၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးကို အခြေခံပြီး မူဆယ်-နမ့်ခမ်း-ကွတ်ခိုင်တစ်ဝိုက်တွင် နိုင်ငံတကာအဆင့်မီ စီးပွားရေးဇုန်ဖွင့်လှစ်ရန် အစီအစဉ်ရှိပါကြောင်း၊ ကွတ်ခိုင်မြို့၏ စီးပွားရေးဇုန်အတွင်း၌ ဖြစ်ထွန်းနိုင်မည့် စီးပွားဖြစ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းပါဝင်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးမှ ထွက်ရှိသည့် တန်ဖိုးမြှင့်ပစ္စည်းများကို ဈေးကွက်ကြီးမားသည့် အိမ်နီးချင်းနိုင်ငံကို ပို့ဆောင်နိုင်အောင် စီစဉ်ထားပါကြောင်း၊ ထိုမွေးမြူရေး၊ စိုက်ပျိုးရေးဇုန်လုပ်ငန်းကို စိတ်ဝင်စားသော ကွတ်ခိုင်မြို့မှ လုပ်ငန်းရှင်များကိုပါဝင်ကြရန် ဖိတ်ခေါ်လိုပါကြောင်း၊ ကမ္ဘာကိုကြည့်လျှင် တည်ငြိမ်အေးချမ်းမှုမရှိမှုကြောင့် ဆင်းရဲတွင်းနက်ရသည့်နိုင်ငံများ၊ အာရှ အာဖရိကတို့တွင် ရှိပါကြောင်း၊ တစ်နှစ်ပတ်လုံး လက်နက်ကိုင်ပဋိပက္ခဖြစ်နေရသည့်အတွက် စီးပွားရေး၊ ဖွံ့ဖြိုးရေးဘက်ကို အာရုံမစိုက်နိုင်ကြပါကြောင်း၊ ကွတ်ခိုင်မြို့ကို ဖွံ့ဖြိုးသည့်အခြားမြို့နယ်များကဲ့သို့ ဖွံ့ဖြိုးစေလိုပါကြောင်း၊ နိုင်ငံခြားခရီးသွား၊ ပြည်တွင်းခရီးသွားဧည့်သည်များဖြင့် စည်စည်ကားကား ရှိနေသင့်ပြီဖြစ်ပါကြောင်း၊ ဒေသ၏တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးစည်ပင်သည့် ကွတ်ခိုင်မြို့ဖြစ်လာအောင် မိမိတို့အားလုံးပါဝင်ကြိုးစားကြရန် လိုပါကြောင်း၊ အားလုံးပါဝင်လုပ်ဆောင်ပါမှ ဖြစ်နိုင်သည့်အတွက် ပါဝင်ကူညီကြရန် လိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဒေသခံပြည်သူများက ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးဆိုင်ရာဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယသမ္မတက ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကွတ်ခိုင်မြို့ရှိ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ခုနစ်ဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ငွေကျပ် ၁၇၅ သိန်းနှင့် ၂၀၁၂-၂၀၁၃ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉ ဦးတို့အတွက် ငွေကျပ် ၄၅ သိန်း စုစုပေါင်းဂုဏ်ပြုငွေကျပ် သိန်း ၂၂၀ ပေးအပ်ခဲ့သည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံး၌ ပြည်နယ်အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး ရှမ်း၊ ကချင်၊ ပလောင်၊ ကိုးကန့်၊ လားဟူ၊ “ဝ”နှင့် လီဆူးတိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့တို့က ကပြဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါညစာစားပွဲ၌ တိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ကြပြီး လီဆူးတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုငွေကျပ်သိန်း ၅၀ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် လားရှိုးမြို့၌ လူမှုရေးအသင်းအဖွဲ့များ၏ လုပ်ရှားမှုများကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် လားရှိုးမြို့၌ ခရိုင်အမျိုးသမီးရေးရာရုံး၌ပြုလုပ်သည့် ကိုးကန့်အမျိုးသမီးများအား အမျိုးသမီးရေးရာ အသင်းဝင်ကတ်နှင့် ရင်ထိုးတံဆိပ်တပ်ဆင်ပေးခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန် လားရှိုး မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း သားဖွား ခန်း၌ ကိုယ်ဝန်ဆောင် မိခင်များအား ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဖြူဖြူညွန့်က အမှာစကားပြောကြားပြီး ကိုးကန့်အမျိုးသမီးများအား အမျိုးသမီးရေးရာကတ်နှင့် ရင်ထိုးတံဆိပ်များအား တပ်ဆင်ပေးသည်။

ထို့နောက် ကိုးကန့်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရှယ်ရီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ဒုတိယသမ္မတ၏ဇနီးသည် ခရိုင်အမျိုးသမီးရေးရာရုံးတွင် ဖွင့်လှစ်သင်ကြားပေးနေသည့် ယောဂကျင့်စဉ် လေ့ကျင့်ခန်းပြုလုပ်နေသောသင်တန်းသူများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ဇနီးသည် လားရှိုးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းသို့ရောက်ရှိပြီး ကိုယ်ဝန်ဆောင် မိခင် ၁၅ ဦးနှင့် မွေးကင်းစကလေးမိခင်တစ်ဦးတို့အား အာဟာရ၊ ဆေးနှင့် ကလေးအသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတ၏ဇနီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်သို့ ရောက်ရှိပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မန်ဆူရှမ်းကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပုညနန္ဒအား ဖူးမြော်ကြည်ညိုကာ အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ***ကျောဖုံးမှ***

ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ မြန်မာအသင်းမှာ ခြေအသာဖြင့် တောက်လျှောက်ဖိကစားနိုင်ခဲ့ပြီး၈ မိနစ်တွင် ရဲရင့်အောင်၊ ၁၈ မိနစ်တွင် ရဲရင့်ကို၊ ၃၅ မိနစ်တွင် မင်းသူ၊ ၈၆ မိနစ်တွင် ဟိန်းဖြိုးဝင်းတို့က သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာ ၄၅ မိနစ်တွင် ဘရူနိုင်းအသင်းက ကိုယ့်ဂိုးကို သွင်းမိခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျက ဗီယက်နမ်ကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ အုပ်စု (က)တွင် ဗီယက်နမ်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်၊ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ သုံးမှတ်စီ၊ ဘရူနိုင်းကသုံးပွဲရှုံး အမှတ်မရသေးပေ။ ယနေ့ပွဲစဉ်တွင် ပထမပွဲအဖြစ် ဖိလစ်ပိုင်နှင့်လာအို၊ ဒုတိယပွဲအဖြစ် အင်ဒိုနီးရှားနှင့် စင်ကာပူတို့ ကစားကြမည်ဖြစ်သည်။

○ ***ကျောဖုံးမှ***

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပူးပေါင်းလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ပူးပေါင်းလုပ်ငန်းအဖွဲ့အနေဖြင့် ရင်းနှီးမြှုပ်နှံရန် လာရောက်သူများအတွက် လုပ်ဆောင်ပေးဖွယ်ရာရှိသည်များကို ပိုမို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးရန် မှာကြားသည်။

ရင်းနှီးမြှုပ်နှံမှု ဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်ရေး၊ လုပ်ငန်းများလွယ်ကူချောမွေ့စေရေး၊ လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးကြပ်မတ်နိုင်ရေးတို့အတွက် တစ်နေရာတည်းတွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခုနှစ်ဧပြီ ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပူးပေါင်းလုပ်ငန်းအဖွဲ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စသည့်ဌာနများ ပူးပေါင်းဖွဲ့စည်းထားပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့်ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများအား တစ်နေရာတည်းတွင် လုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုမှတစ်ဆင့် မင်္ဂလာဒုံမြို့နယ်ရှိ မင်္ဂလာဒုံစက်မှုဇုန်သို့ ရောက်ရှိရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ မင်္ဂလာဒုံစက်မှုဇုန်ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးမင်းသူနှင့် တာဝန်ရှိသူများက စက်မှုဇုန် တည်ထောင်ခဲ့မှု၊ မြေအကျယ်အဝန်းနှင့် ဖော်ထုတ်ပြီး စက်မှုမြေကွက်များအား နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသို့ နှစ်ရှည်ငှားရမ်းနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက စက်မှုဇုန်များဖော်ထုတ်ရာတွင် ယခုကဲ့သို့ စနစ်တကျ ဖော်ထုတ်တည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်မှာကြားပြီး စက်မှုဇုန်အတွင်းရှိ Myanmar Asia Optical International Co.,Ltd. မှ မှန်ဘီလူးနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Mitsui Co. တို့ပူးပေါင်း၍ မင်္ဂလာဒုံစက်မှုဇုန်ကုမ္ပဏီလီမိတက်ကို ဖက်စပ်တည်ထောင်ခဲ့ပြီး မင်္ဂလာဒုံမြို့နယ်ရှိ မြေဧက ၂၂၀ ကျော်တွင် နိုင်ငံတကာအဆင့်မီ မင်္ဂလာဒုံစက်မှုဇုန်ကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ဆောက်ဖော်ထုတ်ခဲ့သည်။ ဖော်ထုတ်ပြီးသော စက်မှုမြေကွက်များကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသို့ နှစ်ရှည်ငှားရမ်းရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ်မှ စတင်၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် စင်ကာပူနိုင်ငံ Kep-venture Pte. Ltd တို့ ပူးပေါင်း၍ ယင်းစက်မှုဇုန်ကို ဆက်လက်အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ စက်မှုဇုန်တွင် စက်မှုလုပ်ငန်း ၁၈ ခု လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏသို့ ရောက်ရှိရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရန်ကုန်မြို့တွင်ကျင်းပမည့် ပြိုင်ပွဲများနှင့်ပတ်သက်၍ အားကစားအဖွဲ့ချုပ်များက ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် ပြိုင်ပွဲကာလအတွင်း လုံခြုံရေးကိစ္စရပ်များ စီမံထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း တာလီဘန်အရေး ပါကစ္စတန်နှင့် ဆွေးနွေးမည်

ကဘူးလ် ဩဂုတ် ၂၆

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးစတင်ဆွေးနွေးနိုင်ရေး အစ္စလမ္မာဘတ်မြို့၌ ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဩဂုတ် ၂၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စတာကာဇိုင်းအနေဖြင့် ထိပ်တန်းတာလီဘန်အကျဉ်းသားများကို လွှတ်ပေးရန် မစ္စတာ နာဝပ်ရှရစ်ကို ဖိအားပေး တိုက်တွန်းလိမ့်မည်ဖြစ်ကြောင်းလည်း ကဘူးလ်မြို့ရောက် ဘီဘီစီသတင်းထောက် ကရင်အောလင်းက ပြောကြားသည်။ အကြမ်းဖက်သမားများက မစ္စတာ ဟာမစ်ကာဇိုင်းနှင့်တွေ့ဆုံဆွေးနွေးရန် ငြင်းဆိုလျက်ရှိသည်။ ၎င်းတို့က မစ္စတာကာဇိုင်းကို အမေရိကန်ရုပ်သေးဟု ပြောကြားလျက်ရှိသည်။

တာလီဘန်တို့ကို ထိန်းချုပ်နိုင်ခြင်းသည် အကြမ်းဖက်မှုထိန်းချုပ်ခြင်းဖြစ်သည်ဟု အာဖဂန်တို့က ယုံကြည်ထားကြသည်။ ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့က ယင်းတို့နိုင်ငံအတွင်း တာလီဘန်အကြမ်းဖက်မှုများဖြစ်ပွားနေခြင်းမှာ အာဖဂန်တာလီဘန်များက အားပေးအားမြှောက်ပြုနေကြောင်း စွပ်စွဲပြောကြားလျက်ရှိသည်။ အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် ဇွန်လက ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော မစ္စတာ နာဝပ်ရှရစ်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံ ဆွေးနွေးမည်ဖြစ်သည်။**(ဘီဘီစီ)**

ကုလသမဂ္ဂ စစ်ဆေးရေးမှူးများ ဆီးရီးယား ဓာတုလက်နက် တိုက်ခိုက်မှုကို စစ်ဆေးမည်

ဒမတ်စကတ် ဩဂုတ် ၂၆

ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့သည် **(အပေါ်ပုံ)** လွန်ခဲ့သော ဗုဒ္ဓဟူးနေ့က ဒမတ်စကတ်မြို့အနီး သံသယရှိ ဓာတုလက်နက်တိုက်ခိုက်ခံရသည့် နေရာသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း ဩဂုတ် ၂၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ သွားရောက်စစ်ဆေးမှုသည် ဆီးရီးယားအစိုးရက အပစ်အခတ်ရပ်စဲရေး သဘောတူပြီးနောက် သွားရောက်ကြသည်ဟု ဆိုသည်။ ထိုအတောအတွင်း ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်က အမေရိကန်၏ စစ်ရေးအရ ဝင်ရောက်ကြားဝင်ခြင်းဖြင့် အောင်မြင်မှုကိုမရနိုင်ကြောင်း ပြောကြားလိုက်သည်။

ပြောကြား

အနောက်နိုင်ငံခေါင်းဆောင်များသည် ဆီးရီးယားကို ရုပ်သေးအစိုးရအဖြစ်ပြောင်းလဲရန် ကြိုးစားနေခြင်းမှာ မအောင်မြင်နိုင်ပါကြောင်း ၎င်းက ရုရှားသတင်းစာ အစ်ဇဗက်ကီးယားသို့ ပြောကြားသည်။

လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ရသည့် ယင်းတိုက်ခိုက်မှုသည် ဆီးရီးယားအစိုးရတပ်များက ဓာတုလက်နက် သုံးတိုက်ခိုက်သည်ဟု အနည်းငယ် သံသယဖြစ်မိကြောင်း အမေရိကန်ကပြောကြားသည်။ အစိုးရက သူပုန်များအပေါ် အပြစ်ဖို့ ပြောဆိုလျက်ရှိသည်။

ဆီးရီးယားအစိုးရက ဓာတုလက်နက်သုံးတိုက်ခိုက်လျှင် စစ်ရေးအရအရေးယူနိုင်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက လွန်ခဲ့သောနှစ်က ပြောဆိုခဲ့သည်။

မြေထဲပင်လယ်အရှေ့ပိုင်းရှိ အမေရိကန်ရေတပ်က ဆီးရီးယားကို စစ်ရေးအရတိုက်ခိုက်ရန် စဉ်းစားနေပြီဖြစ်ကြောင်း ဝါရှင်တန်ကပြောကြားသည်။ **(ဘီဘီစီ)**

ယခုနှစ် ကမ္ဘာ့ဆန်အများဆုံးတင်သွင်းသည့် နိုင်ငံ တရုတ်ဖြစ်လာမည်

ပေကျင်း ဩဂုတ် ၂၆

တရုတ်နိုင်ငံ၏ စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးလာမှုနှင့်အတူ ၎င်းတို့၏ တစ်နှစ်ပတ်လုံး ဆန်၊ ဂျုံ တင်သွင်းမှုသည် ၂၀၁၃ ခုနှစ် ထဲ၌ ကမ္ဘာ့အများဆုံး ဆန်နှင့် ဂျုံ တင်သွင်းသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း မကြာသေးမီက ထုတ်ပြန်လိုက်သော အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံကို ကျော်ကာ ၂၀၁၄ ခုနှစ်၏ ကမ္ဘာ့အကြီးဆုံး ရေနံစိမ်းတင်သွင်းရာနိုင်ငံလည်း ဖြစ်လာဖွယ်ရှိနေပြီး အာရှ၏အကြီးဆုံးစီးပွားရေးနိုင်ငံ တရုတ်နိုင်ငံသည် ပဲပုပ်၊ ဝါဂွမ်းနှင့် သံစိမ်းများ နံပါတ်တစ်တင်သွင်းရာ နိုင်ငံလည်းဖြစ်လာနိုင်သည်။

ထို့ကြောင့် အစားအသောက်နှင့် သဘာဝသယံဇာတများ၏ ကုန်ဈေးနှုန်းများအပေါ် ၎င်းနိုင်ငံ၏ ခိုင်မာသောဝယ်လိုအားက ရိုက်ခတ်လာဖွယ်ရှိကြောင်း ကမ္ဘာ့နိုင်ငံအချို့က စိုးရိမ်နေကြသည်။

၂၀၁၂ ခုနှစ်က တရုတ်နိုင်ငံ၏ ဆန်တင်သွင်းမှုမှာ ယခင်နှစ်ထက် လေးဆထိတိုးကာ ဆန်တန်ချိန် ၂ ဒသမ ၄ သန်းထိ တင်သွင်းခဲ့သည်။

၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံက ကမ္ဘာ့ဆန်အများဆုံး တင်သွင်းရာ နိုင်ဂျီးရီးယားနိုင်ငံကို ကျော်ဖြတ်ကာ တန်ချိန် ၃ ဒသမ ၂ သန်းထိ တင်သွင်းဖွယ်ရှိသည်။ ၂၀၁၄ ခုနှစ်တွင်မူ ဆန်တန်ချိန် ၃ ဒသမ ၄ သန်းထိ တင်သွင်းသွားဖွယ်ရှိသည်ဟု ဩဂုတ်လလယ်က အမေရိကန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဌာနက ထွက်ချက်ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၁၂ ခုနှစ်က ဆန်အများဆုံး စိုက်ပျိုးထုတ်လုပ်ရာ နိုင်ငံဖြစ်ပြီး တန်ချိန် သန်း ၂၀၀ ကျော် ထွက်ရှိခဲ့သော်လည်း ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံအပါအဝင် ဈေးသက်သာသည့် ဆန်များဝယ်ယူမှုကို မကြာသေးမီနှစ်များကတည်းက တိုးမြင့်လာခဲ့သည်။

၂၀၁၂ ခုနှစ်က ဂျုံတင်သွင်းမှုမှာမူ ယခင်နှစ်ကထက် သုံးဆခန့်တိုးမြင့်ကာ တင်သွင်းတန်ချိန် ၃ ဒသမ ၆၈ သန်းရှိခဲ့ပြီး ၂၀၁၄ ခုနှစ်အရောက်တွင်မူ အီဂျစ်နိုင်ငံကို ကျော်ဖြတ်ကာ ကမ္ဘာ့ဂျုံအများ ဆုံးတင်သွင်းရာ နိုင်ငံဖြစ်လာမည်ဟု တရုတ် နိုင်ငံမီဒီယာများက ယခုလဆန်းပိုင်းက သတင်းရေးသားဖော်ပြကြသည်။

အမေရိကန်နိုင်ငံ စွမ်းအင်သတင်းအချက်အလက်ဌာန အဆိုအရ တရုတ်နိုင်ငံသည် အောက်တိုဘာလထဲ၌ အမေရိကန်ကို ကျော်လွန်ကာ ရေနံစိမ်းတင်သွင်းရန် စီမံကိန်းရှိကြောင်း၊ ၂၀၁၄ ခုနှစ်၏ ကမ္ဘာ့ရေနံစိမ်းအများဆုံး တင်သွင်းရာနိုင်ငံ ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။ **(ရိုက်တာ)**

မက္ကဆီကိုတောင်ပိုင်း၌ ကုန်ရထားလမ်းချော်တိမ်းမှောက် အနည်းဆုံးငါးဦးသေဆုံး

မက္ကဆီကိုစီးတီး ဩဂုတ် ၂၆

မက္ကဆီကိုနိုင်ငံတောင်ပိုင်း၌ ကုန်တင်ရထားတစ်စင်း လမ်းချော်တိမ်းမှောက်ခဲ့ရာ အနည်းဆုံးလူငါးဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ကုန်တင်ရထားတိမ်းမှောက်မှုကြောင့် **(ယာပုံ)**အနည်းဆုံး ၃၅ ဦးထိခိုက်ဒဏ်ရာရရှိသွားပြီး ၁၆ ဦးမှာ ဆိုးရွားကြောင်း၊ သေဆုံးသူအရေအတွက်တိုးလာနိုင်ကြောင်း ဩဂုတ် ၂၆ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

"ရထားထဲမှာ ပိတ်မိနေတဲ့အရေအတွက်တော့ မသိရသေးပါဘူး"ဟု ကြက်ခြေနီအဖွဲ့က ပြောသည်။ ရထားတိမ်းမှောက်ရာဒေသသည် လူနာတင်ယာဉ်မရောက်ရှိနိုင်သောဒေသဖြစ်ပြီး စစ်သားများ၊ မိုင်းလုပ်သားများနှင့်အရေးပေါ်ကယ်ဆယ်ရေးလုပ်သားများက ရထားမှောက်ရာဒေသသို့ သွားရောက်ရန်ကြိုးစားလျက်ရှိသည်။

အဆိုပါ ရထားလမ်းချော် တိမ်းမှောက်မှုသည် ဩဂုတ် ၂၅ ရက် အစောပိုင်းက ဖြစ်ပွားခြင်းဖြစ်ပြီး မိုဘိုင်းဖုန်း အဆက်အသွယ်မရသောဒေသလည်းဖြစ်ကြောင်း တာဘက်စကိုပြည်နယ်ပြည်သူ့ရေးရာကာကွယ်စောင့်ရှောက်ရေးတာဝန်ရှိသူ ဆီးဆာဘူရေးလိုက ပြောသည်။

ယင်းရထားပေါ်သို့ ဒါဇင်နှင့်ချီပြီး ခရီးသည်များလိုက်ပါလာကြောင်း၊ ဂွာတီမာလာနယ်စပ်မှ မက္ကဆီကိုတောင်ပိုင်း ခုတ်မောင်းသည့်ရထားဖြစ်ကြောင်း ဘူရေးလိုက ဆက်လက်ပြောကြားသည်။ **(ဘီဘီစီ)**

ဥပဒေရေးရာကဏ္ဍ

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်း

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ ။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဓာတုပစ္စည်း** ဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကိုသော်လည်းကောင်း၊ အသက်ကိုသော်လည်းကောင်း အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုဖြစ်စေသည့် သဘာဝအရဖြစ်စေ၊ လူတို့ပြုလုပ်ဖန်တီးရာမှဖြစ်စေ ထွက်ပေါ်လာသော ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတုဒြပ်စင်၊ ဒြပ်ပေါင်းနှင့် ဒြပ်နှောများကို နည်းပညာအရ ဓာတ်ပြုပေါင်းစပ်ခြင်းဖြင့် ရရှိသော အခိုးအငွေ့၊ အရည်၊ အဆီနှင့်အစိုင်အခဲစွန့်ပစ်ပစ္စည်းများလည်း ပါဝင်သည်။

(ခ) **ဆက်စပ်ပစ္စည်း** ဆိုသည်မှာ ဓာတုပစ္စည်းမှ ထွက်ပေါ်လာသော အန္တရာယ်ဖြစ်စေသည့် ဆင့်ပွားပစ္စည်းများကို ဆိုသည်။

(ဂ) **ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ဓာတုပစ္စည်းကို ဖြစ်စေ၊ ဆက်စပ်ပစ္စည်းကိုဖြစ်စေ သိုလှောင်ခြင်း၊ နည်းပညာအရပြုပြင်ခြင်း၊ စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်းကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စက်မှုဝန်ကြီးဌာနကို ဆိုသည်။

(င) **ဗဟိုဦးစီးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ကို ဆိုသည်။

(စ) **ဗဟိုကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးအတွက် ဤဥပဒေအရဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ် ကြီးကြပ်ရေးအဖွဲ့များကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဈ) **လိုင်စင်** ဆိုသည်မှာ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ရန် ဤဥပဒေအရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ည) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်ထားသည့်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအတွက် ဤဥပဒေအရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဋ) **အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများစာရင်း** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း မည်သည့်လုပ်ငန်းတွင်မဆို အသုံးပြုနိုင်ရန် ဗဟိုဦးစီးအဖွဲ့က အမျိုးအစားခွဲခြားသတ်မှတ်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ အမျိုးသားအဆင့် စာရင်းကို ဆိုသည်။

(ဌ) **အမျိုးအစားခွဲခြားခြင်း** ဆိုသည်မှာ သာမန်ဓာတုပစ္စည်း၊ ကန့်သတ်ဓာတုပစ္စည်းနှင့် တားမြစ်ဓာတုပစ္စည်းများဟူ၍ ခွဲခြားခြင်းကို ဆိုသည်။

(ဍ) **သိုလှောင်ရုံ** ဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း မပြုမီ ပြည်တွင်းတွင် သုံးစွဲနိုင်ရေးအတွက် ပြည်ပမှတင်သွင်းသော အန္တရာယ်ရှိနိုင်သည့် ပမာဏရှိသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သိုလှောင်ရန် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ထားသော အဆောက်အအုံ သို့မဟုတ် သိုလှောင်ကန်ကို ဆိုသည်။

(ဎ) **အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်း** ဆိုသည်မှာ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းထည့်သောဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံများနှင့် ထုပ်ပိုးပစ္စည်းများ၊ ယင်းတို့ကို သိုလှောင်သိမ်းဆည်းထားသော သိုလှောင်ရုံများ၊ ယင်းတို့ကို သယ်ယူပို့ဆောင်သော ယာဉ်များတွင် သတ်မှတ်ချက်များနှင့်အညီ အန္တရာယ်ဖော်ပြချက် သတိပေးအမှတ်အသားကပ်ခြင်းကို ဆိုသည်။

(ဏ) **မူလဓာတ်ခွဲခန်း** ဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်း နမူနာများကို ဓာတ်ခွဲစစ်ဆေးရန် ဗဟိုဦးစီးအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကို ဆိုသည်။

(တ) **အယူခံဓာတ်ခွဲခန်း** ဆိုသည်မှာ မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ လိုအပ်သည့်အခါ ထပ်မံစစ်ဆေးပြီး အပြီးသတ်အဆုံးအဖြတ်ပြုနိုင်ရန် ဗဟိုဦးစီးအဖွဲ့က သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများအား ဘေးအန္တရာယ်ဖြစ်စေခြင်းနှင့် သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များကို ထိခိုက်ပျက်စီးစေခြင်းမှ ကာကွယ်ရန်၊

(ခ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်၊

(ဂ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို စနစ်တကျသုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များရယူသော စနစ်ကို ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။

အခန်း (၃)

ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဗဟိုဦးစီးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
စက်မှုဝန်ကြီးဌာန၊

(၂) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ကျန်းမာရေးဝန်ကြီးဌာန၊

(၃) ပြည်ထောင်စုဝန်ကြီးများ သို့မဟုတ် အဖွဲ့ဝင်
ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊

(၄) ကော်မတီဥက္ကဋ္ဌများ အဖွဲ့ဝင်
သက်ဆိုင်ရာမြို့တော်စည်ပင်သာယာရေး၊

(၅) ကျွမ်းကျင်သူပညာရှင်တစ်ဦး တွဲဖက်အတွင်းရေးမှူး(၁)

(၆) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
မီးသတ်ဦးစီးဌာန၊
ပြည်ထဲရေးဝန်ကြီးဌာန၊

(၇) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စက်မှုညွှန်ကြားရေးဦးစီးဌာန၊
စက်မှုဝန်ကြီးဌာန၊

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဗဟိုဦးစီးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အခန်း (၄)

ဗဟိုဦးစီးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဗဟိုဦးစီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းမပြုရန် တားမြစ်ပိတ်ပင်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း၏ အမျိုးအမည်နှင့် ပမာဏကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတို့ကို သတ်မှတ်ခြင်း၊

(ဃ) လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားသူတို့၏ အရည်အချင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) အန္တရာယ်သတိပေး အမှတ်အသားကပ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမည့် သိုလှောင်ရုံ တည်ဆောက်သင့်သောနေရာ သတ်မှတ်ခြင်း၊ သိုလှောင်ရုံနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းနှင့် စပ်လျဉ်း၍ အမျိုးအစားခွဲခြားခြင်း၊ စာရင်းထုတ်ပြန်ခြင်း၊ ယင်းတို့၏ ကန့်သတ်ချက်များကို သတ်မှတ်ခြင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများအရ သော်လည်းကောင်း၊ သုတေသနစမ်းသပ်တွေ့ရှိချက်အရသော်လည်း ကောင်း အမျိုးအစားခွဲခြားခြင်းကို ပြန်လည်ပြင်ဆင်ခြင်း၊

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ် တိုက်ရိုက်ထိခိုက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှတစ်ဆင့် လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်အား သွယ်ဝိုက်ထိခိုက်မှုတို့ကို ကြိုတင်ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ည) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် လူနှင့်တိရစ္ဆာန်တို့၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်သို့ ဆိုးကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သောအဖွဲ့များ ဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် အရေးယူခြင်း၊

(ဌ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အကြံပေးအဖွဲ့နှင့် အခြား ပညာရပ်ဆိုင်ရာအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်း၊

(ဍ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

၆။ ဗဟိုဦးစီးအဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

အခန်း (၅)

ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ဗဟိုဦးစီးအဖွဲ့သည် -

(က) စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တို့ကို သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များအား အဖွဲ့ဝင်များအဖြစ် ထည့်သွင်း ဖွဲ့စည်းနိုင်သည်။

၈။ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများက ထုတ်လုပ်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(ခ) ဗဟိုဦးစီးအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ် ကြီးကြပ်ရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဃ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းတွင် ပြင်ဆင်သင့်သော သို့မဟုတ် ဖြည့်စွက်သင့်သော သို့မဟုတ် ပယ်ဖျက်သင့်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းအမျိုးအမည်ကို ဗဟိုဦးစီးအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(င) ခွင့်ပြုချက်ဖြင့်သုံးစွဲသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ဝယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို စနစ်တကျရှိစေရေးအတွက် ပညာပေးရေးလုပ်ငန်းကိုဆောင်ရွက်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆ ဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုံခြုံရေးကိရိယာများ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများ ထားရှိခြင်းနှင့် စနစ်တကျ သုံးစွဲတတ်စေရန် ပြည်တွင်း၊ ပြည်ပသင်တန်းများ တက်ရောက်စေခြင်း၊

(ဆ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ သုံးစွဲရေးနှင့် စွန့်ပစ်ရေးဆိုင်ရာ နည်းလမ်းများနှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရ တားမြစ်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ထည့်သွင်းအသုံးပြုသော စက်ကိရိယာများကိုလည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းများ မပြုရန် တားမြစ်ပိတ်ပင်ခြင်း၊

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများမှ ထွက်ရှိလာသော အခိုးအငွေ့၊ အရည်၊ အဆီနှင့် အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ၊ ပျက်စီးနေသော သို့မဟုတ် သက်တမ်းလွန်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ စုပုံခြင်း၊ စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ည) ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို နိုင်ငံတွင်းမှတစ်ဆင့် ဖြတ်သန်းကုန်သွယ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းကိစ္စအတွက် ထောက်ခံချက်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ အန္တရာယ်အဆင့်နှင့် အန္တရာယ် အမျိုးအစားများကို သတ်မှတ်ခြင်း၊

(ဌ) လိုင်စင်စည်းကမ်းချက်များနှင့် မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဍ) ဗဟိုဦးစီးအဖွဲ့က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို လည်းကောင်း၊ ထူးခြားသောအခြေအနေတွင် တာဝန်ယူလုပ်ဆောင်ရမည့် လမ်းညွှန်ချက်များကိုလည်းကောင်း ရေးဆွဲ၍ စီမံချက်ချမှတ် ဆောင်ရွက်ရမည်။

အခန်း (၆)

စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရန် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဓာတုဗေဒကျွမ်းကျင်သူ အနည်းဆုံးတစ်ဦးပါဝင်သော စစ်ဆေးရေး အဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် မိမိ၏ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ကာလ အတွင်း တင်ပြရမည်။

၁၁။ စစ်ဆေးရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများကို စစ်ဆေးရာတွင် သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ခြောက်လလျှင်တစ်ကြိမ် ပုံမှန်စစ်ဆေး၍ အစီရင်ခံစာကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ခ) ခြောက်လလျှင်တစ်ကြိမ် ပုံမှန်စစ်ဆေးမှု၏ ကြားကာလတွင် ရှောင်တခင်စစ်ဆေးခြင်းနှင့် သတင်းအရ စစ်ဆေးခြင်းကို ဆောင်ရွက်ခြင်း၊

(ဂ) ထူးခြားသော အခြေအနေများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်း အကြောင်းကြားတင်ပြခြင်း၊

(ဃ) ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့က ပေးအပ်သော တာဝန်များကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်း။

စာမျက်နှာ ၆ သို့

ဥပဒေရေးရာကဏ္ဍ

စာမျက်နှာ ၅ မှ

၁၂။ (က) သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သည် နယ်စပ်ကုန်သွယ်မှုစခန်းများ၊ ဆိပ်ကမ်းများနှင့် အခြားလိုအပ်သော နေရာများတွင် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းထားရှိနိုင်သည်။ ထိုသို့ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့များသည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် ပြည်ပမှ တင်သွင်းလာသော ဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများကို သတ်မှတ်ထားသောနည်းလမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း ရှိ မရှိကို လိုအပ်သလို စစ်ဆေးရမည်။ ထိုသို့စစ်ဆေးရာတွင် ထူးခြားသောအခြေအနေများရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်းတင်ပြရမည်။

အခန်း (၇)

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်

၁၃။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်နှင့်တကွ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၁၄။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဒ်မ ၁၃ အရ လိုင်စင်လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုပါက လိုင်စင်ခ ပေးသွင်းစေပြီး စည်းကမ်းချက်များနှင့်အတူ လိုင်စင်ကို ထုတ်ပေးရမည်။

၁၅။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို စတင်လုပ်ကိုင်ခြင်းမပြုမီ-

(က) စက်ပစ္စည်းကိရိယာများ၏ လုံခြုံစိတ်ချမှုနှင့် ခံနိုင်ရည်ရှိမှုတို့အတွက် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(ခ) တာဝန်ထမ်းဆောင်မည့်သူများကို သက်ဆိုင်ရာ ပြည်ပသင်တန်းများ သို့မဟုတ် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဖွင့်လှစ်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်မှုသင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများသို့ တက်ရောက်စေရမည်။

၁၆။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် ညွှန်ကြားချက်များကို မိမိကိုယ်တိုင် လိုက်နာရမည့်အပြင် လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများက တိကျစွာလိုက်နာစေရန်လည်း ဆောင်ရွက်ရမည်။

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် လိုအပ်သော လုံခြုံရေးကိရိယာများ လုံလောက်စွာထားရှိရမည့်အပြင် လုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများအား ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကို အခမဲ့ထုတ်ပေးရမည်။

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သူများအား လုပ်ငန်းခွင်လုံခြုံရေးကိရိယာ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့်ဝတ်စုံများကို စနစ်တကျ သုံးစွဲတတ်စေရန် သင်တန်းပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် လိုအပ်သလို ညွှန်ကြားခြင်းများ ပြုရမည်။

(င) လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း ဘေးအန္တရာယ်ထိခိုက်နိုင်မှု ရှိ မရှိနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်။

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် တာဝန်ထမ်းဆောင်မည့်သူများအား ကျန်းမာရေးစစ်ဆေးပေးပြီး ယင်းလုပ်ငန်းတွင်လုပ်ကိုင်ရန် ကျန်းမာရေးနှင့်ညီညွတ်ကြောင်း ထောက်ခံချက်ရရှိမှသာ တာဝန်ထမ်းဆောင်ခွင့်ပြုရမည်။ ယင်းတို့၏ကျန်းမာရေးစစ်ဆေးချက်မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရမည်။

(ဆ) အန္တရာယ်ရှိနိုင်သော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို သိုလှောင်ခွင့်ရရှိပါက ခွင့်ပြုသည့်အကြောင်းကြားစာမိတ္တူကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ရမည်။

(ဇ) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို အသုံးပြု၍ မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းလုပ်ကိုင်ပါက သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏လမ်းညွှန်သဘောတူညီချက် ကြိုတင်ရယူရမည်။

(ဈ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းတွင် သယ်ယူပို့ဆောင်သည့်အခါ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ခွင့်ပြုထားသောပမာဏကိုသာ သယ်ဆောင်ရမည်။

(ည) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို လိုင်စင်ပါ နေရာဒေသတစ်ခုခုမှ အခြားနေရာဒေသ တစ်ခုခုသို့ပြောင်းလဲပြီး သယ်ယူပို့ဆောင်ရန်ရှိပါက ဗဟိုကြီးကြပ်ရေးအဖွဲ့ထံမှ ခွင့်ပြုချက် ရယူရမည်။

(ဋ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်းမရှိစေရန် ပတ်ဝန်းကျင်နှင့် သက်ဆိုင်သောဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၇။ လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းနှင့် စပ်လျဉ်း၍ လူနှင့်တိရစ္ဆာန်တို့ကိုသော်လည်းကောင်း၊ ပတ်ဝန်းကျင်ကိုသော်လည်းကောင်း ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်ပါက လျော်ကြေးပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ အာမခံထားရှိရမည်။

၁၈။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၁၉။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၈ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း (၈)

မှတ်ပုံတင်လက်မှတ်

၂၀။ လိုင်စင်ရရှိသူသည် မိမိ၏ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အသုံးပြုမည့်လုပ်ငန်းနှင့်သက်ဆိုင်သော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၁။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို စိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက သက်ဆိုင်ရာဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအတွက် မှတ်ပုံတင်ခပေးသွင်းစေပြီး စည်းကမ်းချက်များနှင့်အတူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်။

၂၃။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မိမိမှတ်ပုံတင်ထားသော စာရင်းတွင်မပါရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုရန်ရှိပါက မှတ်ပုံတင်ပေးရန် ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ ထပ်မံလျှောက်ထားရမည်။

(ခ) မိမိမှတ်ပုံတင်ထားသော စာရင်းတွင်ပါရှိသော်လည်း အသုံးမပြုလိုသောဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများရှိပါက အဆိုပါစာရင်းကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ အသိပေးတင်ပြရမည်။

၂၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်သက်တမ်းကို တိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၅။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ မှတ်ပုံတင်ခွင့်ရရှိထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများသည် ပြည်တွင်းပြည်ပမှ ထပ်မံရရှိသည့် အချက်အလက်များအရ လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်အား အန္တရာယ်ဖြစ်စေနိုင်သည်ဟုသိရှိရပါက ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ထိုဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကို တားမြစ်ရမည်။ လိုအပ်ပါက မှတ်ပုံတင်လက်မှတ်ကိုရုပ်သိမ်းခြင်း ပြုနိုင်သည်။

အခန်း(၉)

အန္တရာယ်ထိန်းချုပ်ကာကွယ်ခြင်းနှင့် အန္တရာယ်ကိုလျော့ပါးစေခြင်း

၂၇။ လိုင်စင်ရရှိသူများသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အန္တရာယ်ကို ထိန်းချုပ်ကာကွယ်ရန်နှင့် လျော့ပါးစေရန် အောက်ပါတို့ကို လိုက်နာစေရမည်-

(က) အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အန္တရာယ်အဆင့်ကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၏ ဂုဏ်သတ္တိများအရ အမျိုးအစား ခွဲခြားခြင်း၊

(ခ) အန္တရာယ်ကင်းရှင်းမှုအဆင့် မှတ်တမ်းလွှာနှင့် အန္တရာယ်သတိပေးအမှတ်အသားတို့ကို ဖော်ပြခြင်း၊

(ဂ) မတော်တဆဖြစ်ပွားမှုကာကွယ်ရန်နှင့် လျော့ပါးစေရန် လုံခြုံရေးကိရိယာများ၊ ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများ ထားရှိခြင်းနှင့် စနစ်တကျသုံးစွဲတတ်စေရန် သင်တန်းများတက်ရောက်စေခြင်း၊

(ဃ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) ဗဟိုကြီးကြပ်ရေးအဖွဲ့က တားမြစ်ပိတ်ပင်ထားသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ၊ ယင်းတို့ကို ထည့်သွင်းအသုံးပြုသော စက်ကိရိယာများကို ပြည်တွင်းသို့ တင်သွင်းမှု သို့မဟုတ် ပြည်ပသို့ တင်ပို့မှု မပြုခြင်း။

အခန်း (၁၀)

လိုင်စင်ပျက်ပြယ်ခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း

၂၈။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်သည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(က) လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) လိုင်စင်သက်တမ်း ကုန်ဆုံးချိန်အထိ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားမှု မရှိခြင်း၊

(ဂ) ဤဥပဒေအရ လိုင်စင်ပယ်ဖျက်ခံရခြင်း။

၂၉။ လိုင်စင်ရရှိသူသည်-

(က) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ပြန်လည် လျှောက်ထားနိုင်ခွင့် ရှိသည်။

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(ဂ) အရ လိုင်စင်ပျက်ပြယ်သည့်ကိစ္စတွင် လိုင်စင်ပြန်လည် လျှောက်ထားခွင့် မရှိစေရ။

အခန်း(၁၁)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၀။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် လိုင်စင်ရရှိသူက လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင်လက်မှတ်ရရှိသူက မှတ်ပုံတင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်းသော်လည်းကောင်း၊ လိုင်စင်ရရှိသူနှင့် မှတ်ပုံတင်ရရှိသူတို့က ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သက်ဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ် နိုင်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်တို့ကို ပယ်ဖျက်ခြင်း။

၃၁။ ပုဒ်မ ၃၀ အရ ဗဟိုကြီးကြပ်ရေးအဖွဲ့က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုဦးစီးအဖွဲ့သို့ အယူခံနိုင်သည်။

၃၂။ ဗဟိုဦးစီးအဖွဲ့သည် ပုဒ်မ ၃၁ အရ အယူခံမှုတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

အခန်း (၁၂)

တားမြစ်ချက်များ

၃၃။ မည်သူမျှ ဗဟိုဦးစီးအဖွဲ့က တားမြစ်ပိတ်ပင်ထားသည့် ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းမပြုရ။

၃၄။ မည်သူမျှ လိုင်စင်မရှိဘဲ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၃၅။ မည်သူမျှ မှတ်ပုံတင်ထားခြင်းမရှိသော သို့မဟုတ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်သော သို့မဟုတ် အရည်အသွေး စံချိန်စံညွှန်းမမီသော ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းတွင် သုံးစွဲခြင်းမပြုရ။

၃၆။ မည်သူမျှ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းနှင့် စပ်လျဉ်း၍ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များက စစ်ဆေးခြင်းကိုဆောင်ရွက်ရာတွင် တားဆီးပိတ်ပင်ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း မပြုရ။

အခန်း(၁၃)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင်ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၄ နှင့် ၃၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် ပြစ်မှုနှင့် သက်ဆိုင်သောပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း (၁၄)

အထွေထွေ

၄၀။ ဝန်ကြီးဌာနသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခနှင့် ဓာတ်ခွဲစစ်ဆေးခများကို သတ်မှတ်ရမည်။

၄၁။ (က) ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

စာမျက်နှာ ၇ သို့

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ** ပုဒ်မ ၄ ပုဒ်မခွဲ (က)တွင်ပါရှိသော "နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူဖြစ်ခြင်း" ဆိုသည့်စကားရပ်အစား **"နိုင်ငံသားဖြစ်ခြင်း"** ဟု ပြင်ဆင်ရမည်။

၃။ **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ** ပုဒ်မ ၅ ပုဒ်မခွဲ (ဃ)တွင် ပါရှိသော "ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သော ပါတီထူထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ် သို့မဟုတ် ယာယီသက်သေခံလက်မှတ်အမှတ်" ဆိုသည့် စကားရပ်အစား **"ပုဒ်မ ၄ ပါအချက်များနှင့်ညီညွတ်သောပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်"** ဟု ပြင်ဆင်ရမည်။

၄။ **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ** ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)တွင်ပါရှိသော "နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူဖြစ်ခြင်း" ဆိုသည့်စကားရပ်အစား **"နိုင်ငံသားဖြစ်ခြင်း"** ဟု ပြင်ဆင်ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

လွှတ်တော်ရေးရာကဏ္ဍ

စာမျက်နှာ ၆ မှ

(ခ) ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ဆေးရေးအဖွဲ့များ၏ ကုန်ကျစရိတ်နှင့် ချီးမြှင့်ငွေများကို ဝန်ကြီးဌာနက ကျခံရမည်။

၄၂။ ဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများကို ဝန်ကြီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၄၃။ ဓာတုပစ္စည်း သို့မဟုတ် ဆက်စပ်ပစ္စည်းများနှင့် စပ်လျဉ်း၍ -

(က) မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် သတ်မှတ်ရက်အတွင်း အယူခံလျှောက်ထားခြင်းမပြုပါက မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် အပြီးသတ်သက်သေခံချက် ဖြစ်စေရမည်။

(ခ) မူလဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် သတ်မှတ်ရက်အတွင်း အယူခံလျှောက်ထားခဲ့ပါက အယူခံ ဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာသည် အပြီးသတ်သက်သေခံချက် ဖြစ်စေရမည်။

၄၄။ ပုဒ်မ ၃၉ ပါ ပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၅။ လိုင်စင်ရရှိသူသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းပြုလုပ်လိုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ကိုရယူ၍ သက်ဆိုင်ရာသို့ လျှောက်ထားရမည်။

၄၆။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုဦးစီးအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

◆ အမျိုးသားလွှတ်တော်မှ

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း အပေါ်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်သော ဦးစောထွန်းမြအောင်၊ ဒေါ်ခင်ဝိုင်းကြည်၊ ဦးခင်မောင်လတ်၊ ဦးခင်မောင်ရီ၊ ဦးလှဆွေ၊ ဦးဖုန်းမြင့်အောင်၊ ဦးမင်းဦးတို့နှင့် ၂၄-၈-၂၀၁၃ ရက်တွင် အကျေအလည်ဆွေးနွေးညှိနှိုင်းခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီနှင့် ဦးလှဆွေတို့၏ အကြံပြုဆွေးနွေးချက်အရ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းအတွက် လိုက်နာရန် စည်းကမ်းချက်များတွင် ပုံနှိပ်သူနှင့်ထုတ်ဝေသူများ တိကျစွာလိုက်နာဆောင်ရွက်နိုင်မည့် စည်းကမ်းသတ်မှတ်မှုများဖြစ်စေရန် ဥပဒေကြမ်း၏ ပြင်ဆင်ချက်ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဃ)ကို ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် ပုဒ်မ ၇ ၊ ပုဒ်မခွဲ (ဃ)အတိုင်းသာ ပြန်လည်အတည်ပြုရန် ညှိနှိုင်းသဘောတူညီခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(င)သည် လက်တွေ့၌ အငြင်းထွက်ဖွယ်ရာများ ရှိသဖြင့် ဖြည့်စွက်ခြင်းမပြုတော့ရန် ညှိနှိုင်းသဘောတူညီခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၏ အကြံပြုဆွေးနွေးချက်အရ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက်ဖြင့်သာ သံသယရှိသော ထုတ်ဝေစာကို ဖြန့်ချိခြင်းမပြုရန် ဆိုင်းငံ့ထားနိုင်ရေးအတွက် ပြင်ဆင်ချက်ပုဒ်မ ၁၂ ကို “လျှောက်ထားလွှာလက်ခံရရှိသော တရားရုံးသည် တရားဝင်ထုတ်ဝေစာမဟုတ်ကြောင်း အမိန့်တစ်စုံတစ်ရာမချမှတ်မီ လျှောက်ထားခံရသော ထုတ်ဝေစာကို ဖြန့်ချိခြင်းမပြုရန် ယာယီတားဝရမ်းထုတ်ဆင့်ခြင်းကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်သည်” ဟု ပြင်ဆင်ရန် ညှိနှိုင်းသဘောတူညီခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ခေတ်စနစ်တိုးတက်လာသည်နှင့်အမျှ ပုံနှိပ်ခြင်းလုပ်ငန်းကိုဆောင်ရွက်သည့် ပုံနှိပ်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်းမရှိဟု ယူဆသည့်အတွက် ဥပဒေကြမ်းတွင် ပုံနှိပ်ခြင်းနှင့်သက်ဆိုင်သော စကားရပ်များ၊ ပုံနှိပ်သူနှင့်သက်ဆိုင်သော စကားရပ်များကို ပယ်ဖျက်ပေးရန် ဆွေးနွေးခဲ့ပါကြောင်း၊ ဦးဖုန်းမြင့်အောင်၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းတို့သည် တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်ပြီး ထုတ်ဝေခြင်းလုပ်ငန်းများ၊ ထုတ်ဝေသူများသာ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူဆောင်ရွက်ရမည်မဟုတ်ဘဲ ပုံနှိပ်ခြင်းလုပ်ငန်းများ၊ ပုံနှိပ်သူများသည်လည်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးဆောင်ရွက်ရန် သင့်မြတ်ကြောင်း၊ ဥပဒေကြမ်းကို မူလရေးဆွဲစဉ်ကပင် သက်ဆိုင်ရာဝန်ကြီးဌာနက အသေးစိတ်စဉ်းစားခဲ့ပြီးမှ တင်ပြခဲ့ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းအချက်ကို ဥပဒေကြမ်းကော်မတီကလည်း လက်ခံသဘောတူခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ဦးဖုန်းမြင့်အောင်တို့အကြား ယင်းအချက်ပေါ်တွင် ညှိနှိုင်းသဘောတူညီမှုမရသဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကိုသာ ရယူဆောင်ရွက်ရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ပါကြောင်း။

ဖော်ပြပါ ညှိနှိုင်းဆွေးနွေးချက်များမှအပ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များသည် သီးခြားပြင်ဆင်ဖြည့်စွက်ရန်လိုအပ်မှုမရှိခြင်း၊ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်များတွင် ပါရှိပြီးဖြစ်ခြင်း၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းဖော်ပြရန်ဖြစ်ခြင်းတို့ကြောင့် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်များအတိုင်းသာထားရှိရန် ညှိနှိုင်းသဘောတူညီခဲ့ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါက်တာအေးမောင်။ (သတင်းစဉ်)

ထိုသို့အဆုံးအဖြတ်ရယူအတည်ပြုရာတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ပုံနှိပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည့် ပုံနှိပ်သူများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်းမရှိသည့်အတွက် ဥပဒေကြမ်းတွင် ပုံနှိပ်ခြင်းနှင့်သက်ဆိုင်သော စကားရပ်များ၊ ပုံနှိပ်သူနှင့်သက်ဆိုင်သောစကားရပ်များကို ပယ်ဖျက်ပေးရန် တင်ပြထားခြင်းအား လွှတ်တော်၏အဆုံးအဖြတ်ကို ရယူရာ ထောက်ခံမဲ ၅ မဲ၊ ကန့်ကွက်မဲ ၁၅၅ မဲဖြင့် ၎င်း၏တင်ပြချက်ကို ပယ်ဖျက်ခဲ့သည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ ပထမပုံမှန်မှ ပဉ္စမပုံမှန်အထိ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများစာရင်းချုပ်နှင့် ပထမပုံမှန်မှ စတုတ္ထပုံမှန်အထိ ဆောင်ရွက်ဆဲ ကြယ်ပွင့်မပြမေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ကော်မတီဝင် ဦးစိုင်းကျော်ဇောသန်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

အဆိုပါအစီရင်ခံစာ၌ ပထမအကြိမ် အမျိုးသားလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၅၈ ခုနှင့် ကြယ်ပွင့်မပြမေးခွန်းပေါင်း ၂၁၆ ခု စုစုပေါင်း ၃၇၄ ခုမေးမြန်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဖြေကြားခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားသည့်အဖြေများတွင် လတ်တလောဘတ်ဂျက်နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိသကဲ့သို့ အချို့မှာ လာမည့် ၅ နှစ်စီမံကိန်းဘတ်ဂျက်များတွင် ထည့်သွင်းလျာထားဆောင်ရွက်ရသည်များလည်းရှိပါကြောင်း၊ သက်ဆိုင်ရာဘတ်ဂျက်တွင်ပါဝင်ခြင်း ရှိ၊ မရှိ လွှတ်တော်ကိုယ်စားလှယ်များကလည်း ထပ်မံနှိုးဆော်သတိပေး စိစစ်ရန်လိုအပ်သကဲ့သို့ မိမိတို့ကော်မတီကလည်း ကတိကဝတ်ဖြစ်မှုအပေါ် မူတည်၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်း ကော်မတီဝင် ဦးစိုင်းကျော်ဇောသန်း။ (သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသည် ၉-၁-၂၀၁၃ ရက်နေ့မှ ၂၂-၃-၂၀၁၃ ရက်နေ့အထိ ကြာမြင့်ခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်သက်တမ်း ၂ နှစ်ခွဲရှိလာပြီဖြစ်သဖြင့် အတွေ့အကြုံများ ရင့်ကျက်လာကြပြီး မေးခွန်းမေးမြန်းချက်များအပေါ် အစိုးရမှ ဆောင်ရွက်ပေးရန် ကတိကဝတ်များအရ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ရသုံးမှန်းခြေငွေစာရင်းတွင် ပါ၊ မပါ စိစစ်ပေးလာပြီး မိမိတို့ကော်မတီနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာသည်ကို တွေ့ရှိရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအချို့မှ ဖြေကြားချက်များမှာ ယခုအခါ လိုရင်းတိုရှင်းထိမိသောအဖြေများနှင့်အတူ ဆောင်ရွက်လာသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့် အဆိုများအပေါ် အချို့ဝန်ကြီးဌာနများအနေဖြင့် ဖြေကြားချက်အရ ကတိကဝတ်ဖြစ်ခဲ့ပြီးဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ချက်များ နှောင့်နှေးမှုရှိနေခြင်းနှင့် ကတိကဝတ်နှင့် ကိုက်ညီမှု မရှိသည်များလည်း ဖြစ်ပေါ်လျက်ရှိသည့်အပြင် မေးခွန်းများ၊ အဆိုများအပေါ် ကတိကဝတ်ပေးခဲ့ပြီး လက်တွေ့ဆောင်ရွက်ချက်များမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့်မဲဆန္ဒရှင်များ ဆန္ဒပြည့်ဝမှုမရှိသည်များလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကော်မတီအနေဖြင့် ဝန်ကြီးဌာနများနှင့်ဆက်လက်ညှိနှိုင်းတွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

✻ ပြည်သူ့လွှတ်တော်မှ

ဝန်ကြီးဌာန ငွေစာရင်းသို့ ဆက်လက်လွှဲပြောင်းပေးရပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ဒေသတွင်း နိုင်ငံများနှင့် သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် အပြန်အလှန်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် နိုင်ငံတကာ၌ အလုပ်လုပ်နေရသော မြန်မာလူမျိုးများမှ ယခင်ကာလကပေးသွင်းရသော ၁၀ ရာခိုင်နှုန်းဝင်ငွေခွန်များ၊ ထောက်ခံစာထုတ်ပေးခြင်းမှ ကောက်ခံရရှိသောဝင်ငွေများ၊ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးပေးခြင်းနှင့် နိုင်ငံကူးလက်မှတ်အသစ်များထုတ်ပေးရာတွင် ကောက်ခံရရှိသော ဝင်ငွေများအား မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ (၃)လတစ်ကြိမ် ယူရိုငွေကြေးဖြင့် ပုံမှန်လွှဲပြောင်းပေးပို့ပြီး ဝင်ငွေခွန်မှ ကောက်ခံရရှိငွေကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ထောက်ခံစာထုတ်ပေးခြင်းမှ ကောက်ခံရရှိငွေကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးပေးခြင်းနှင့် အသစ်ထုတ်ပေးခြင်းမှ ကောက်ခံရရှိငွေကို ပြည်ထဲရေးဝန်ကြီးဌာနတို့၏ ငွေစာရင်းများထဲသို့ လွှဲပြောင်းပေးလျက်ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

“သံရုံးတွေက ဗီဇာထုတ်ပေးတဲ့အတွက် ဝင်ငွေတွေရရှိတယ်။ အဲဒါတွေကို ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာသိချင်လို့ မေးလိုက်တာပါ။ ဒုတိယဝန်ကြီးဖြေကြားလို့ ကျွန်တော်သိသွားရပါပြီ။ ကျွန်တော်တို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်လာတော့ နိုင်ငံအချင်းချင်း ဗီဇာကင်းလွတ်ခွင့်တွေ ပေးတော့မယ်ဆိုတာလည်း ဒုတိယဝန်ကြီးဖြေသွားပါတယ်။ နောက်ဆုံးတစ်ချက် ကျွန်တော်မေးသွားတာနဲ့ပတ်သက်ပြီး သံရုံးတွေမှာ သုံးပိုင်ခွင့်မရှိဘူးဆိုတာ သိရတယ်။ သံရုံးဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ မျက်နှာစာပဲဖြစ်တယ်။ အဲဒီသံရုံးတွေက ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ လုပ်နေရရင် ဘယ်ကောင်းမလဲ။ သံရုံးတွေရဲ့ အရေးပါမှု အခန်းကဏ္ဍတက်လာဖို့ အများကြီးလိုအပ်ပါတယ်။ အရည်အချင်းတွေ၊ အရည်အသွေးတွေ တက်လာမှ သူတို့ရောက်နေတဲ့နိုင်ငံနဲ့ ဆက်ဆံရေးတွေ ကောင်းသည်ထက် ကောင်းအောင် သူတို့ဦးဆောင်လုပ်နိုင်မယ်။ အခုမလုပ်နိုင်ဘူးလို့လည်း ကျွန်တော်ပြောတာမဟုတ်ပါဘူး။ ဒီ့ထက်ပိုကောင်းအောင်လုပ်နိုင်ဖို့ပြောချင်တာပါ။ ကျွန်တော်တို့နိုင်ငံဟာ အရင်တုန်းကထက် နိုင်ငံတကာက အရေးပါမှုက မြင့်မားလာလို့ ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်ရမယ်။ ဒုတိယဝန်ကြီး ဖြေသွားတာက သုံးခွင့်မရှိဘူးတဲ့။ အဲဒီမူတွေကို ပြန်ပြောင်းဖို့ သင့်ပြီထင်ပါတယ်”ဟု မေးခွန်းရှင် ဦးဝင်းဦးက ပြောပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင် ဖြေကြားစဉ်။ (သတင်းစဉ်)

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **မြန်မာ့မီးရထားလုပ်ငန်းမှ ဆက်သွယ်ရေးအတွက် အသုံးပြုလျက်ရှိသော ကြေးနန်းကြိုးများနှင့် တိုင်များကို ပြုပြင်ထိန်းသိမ်းပေးနိုင်ခြင်းရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက အုတ်ဖိုမြို့နယ်အတွင်းရှိ မီးရထားဘူတာရုံ အချင်းချင်း ဆက်သွယ်သည့် တယ်လီဖုန်းလိုင်းများသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းပိုင် ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မွမ်းမံ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လက်ရှိတိုင်များပေါ်တွင် မီးရထားအတွက် တစ်ဖက်နှင့်တစ်ဖက် အသုံးပြုသောဘလောက်လိုင်း (ကွန်ထရိုးလိုင်းနှစ်ပင်နှင့် လိုင်းကြိုးတစ်ပင်ပါသောလိုင်း) ကြိုးများနှင့် ကြို့ပင်ကောက်-အုတ်ဖို-မင်းလှ အရန်ဖိုက်ဘာဆက်ကြောင်း ရှိပါကြောင်း၊ မီးရထားအတွက် တစ်ဖက်နှင့်တစ်ဖက် အသုံးပြုသော ဘလောက်လိုင်းများ၊ မဂ္ဂနက်တိုတယ်လီဖုန်းများမှာ ဟောင်းနွမ်းနေပြီး သုံးစွဲ၍မရတော့သည့်အတွက် ဆက်သွယ်ရေး I-Com: စက်များဖြင့်သာ သုံးစွဲလျက်ရှိရာ အဆိုပါလိုင်းများတွင် တပ်ဆင်ထားသော တိုင်နှင့်ကြိုးများကို ပြန်လည်စိစစ်ပြီး ဆက်သွယ်ရေးလုပ်ငန်းများအတွက် လက်ရှိအသုံးပြုနေသော ကြိုးများနှင့်တိုင်များကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အသုံးမပြုတော့သည့် လိုင်းကြိုးများအား စနစ်တကျဖြုတ်သိမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၏ **နိုင်ငံတော်ပြန်တမ်းအဖြစ် ထုတ်ပြန်ကြေညာပြီး ပေးအပ်ချီးမြှင့်ထားသည့် ဘွဲ့ထူး၊ ဂုဏ်ထူးတံဆိပ်နှင့် လစဉ်ချီးမြှင့်ငွေအား ခေတ်နှင့်လျော်ညီစွာတိုးမြှင့်ချီးမြှောက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ ယခင်နိုင်ငံတော်ကောင်စီ၏ ၁၉၈၀ ပြည့်နှစ် ဇွန်လ (၁၂)ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေအဖြစ် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမအဆင့်အတွက် ငွေကျပ် ၃၀၀၀၀၊ ဒုတိယအဆင့်အတွက် ငွေကျပ် ၁၅၀၀၀၊ လစဉ်ချီးမြှင့်ငွေမှာ ပထမအဆင့်အတွက် ငွေကျပ် ၆၀၀၊ ဒုတိယအဆင့်အတွက် ငွေကျပ် ၃၀၀ ပြဋ္ဌာန်းပါရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရရှိသော ပုဂ္ဂိုလ်ကြီးများအား လစဉ်ချီးမြှင့်ငွေကို ခေတ်နှင့်လျော်ညီစွာ တိုးမြှင့်ချီးမြှောက်လိုလျှင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့မှ နိုင်ငံတော်သမ္မတထံတင်ပြ၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်းနှင့် လတ်တလော တိုးမြှင့်ချီးမြှင့်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီက **“၂၀၁၃ ခုနှစ်၊ စာချုပ်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်း”** ကို တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခဲ့သည်။

အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

တိုင်းရင်းသားအသီးသီးတို့၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်သည့် ဥပဒေတစ်ရပ်ရေးဆွဲနိုင်မှ စည်းလုံးညီညွတ်မှုပေါ်ပေါက်လာနိုင်ပြီး ငြိမ်းချမ်းရေးရရှိမည်

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၆

တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရုံး၊ ရုံးအမှတ် (၂၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် တိုင်းရင်းသားများအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများရရှိစေရေးအတွက် ဥပဒေကြမ်းကို ရေးဆွဲနိုင်ရန် လိုအပ်ပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိမှသာ နိုင်ငံတော်အနေဖြင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်း၊ တိုင်းရင်းသား အသီးသီးတို့၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်သည့်ဥပဒေတစ်ရပ်ရေးဆွဲနိုင်မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပေါ်ပေါက်လာနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပေါ်ပေါက်လာမှသာ ငြိမ်းချမ်းရေးရရှိမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှုရရှိလာမည်ဖြစ်က အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲလာမည်ဖြစ်ကြောင်း၊ ထို့အတွက် ယခုကျင်းပသည့်ဥပဒေကြမ်း ဆွေးနွေးပွဲကို အောင်မြင်စွာ ရေးဆွဲနိုင်စေရန် အားလုံးပါဝင်ရေးဆွဲကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ပြောကြားရာတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် ရည်ရွယ်ချက်အားဖြင့် အဓိကမှာ တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုခိုင်မာစေရန်နှင့် ချစ်ကြည်ရင်းနှီးမှု ရရှိစေရန်ဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုအားလုံးအကြားတွင် ယုံကြည်မှုခိုင်မာစွာ တည်ဆောက်ရန်လိုအပ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများအကြား ကွဲပြားခြားနားမှုမရှိစေဘဲ စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ပူးပေါင်းနေထိုင်သွားရန် လိုအပ်ကြောင်း၊ ယင်းသို့ဖြစ်ပေါ်လာအောင် ဆောင်ရွက်ရာတွင် အသေးစိတ် လက်တွေ့ကျကျ ချဉ်းကပ်သုံးသပ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု ခိုင်မာစေရန်နှင့် သံသယများ ပပျောက်စေရန်အတွက် အချင်းချင်းအပြန်အလှန်လေးစားမှုနှင့်ချစ်ခင်ရင်းနှီးမှုရရှိရေး ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဗိုလ်ချုပ်မောင်မောင်အုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ တက်ရောက်လာသည့် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များက ဥပဒေကြမ်းရေးဆွဲရာတွင် လိုအပ်သည့်အချက်အလက်များ ဆောင်ရွက်ရန် အစီအမံများနှင့် အကောင်အထည်ဖော်လုပ်ဆောင်ရန် လိုအပ်သည့် ကိစ္စရပ်များအပေါ် အသေးစိတ် ဆွေးနွေးရှင်းလင်းတင်ပြကြသည်။

၎င်းနောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမြောက် စီမံချက်ရေးဆွဲနိုင်ရေး အလှူရှင်အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမြောက် စီမံချက်ရေးဆွဲနိုင်ရေး အလှူရှင်အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမြောက် စီမံချက်ရေးဆွဲနိုင်ရေး အလှူရှင်အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၁၀) ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်ကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများ၊ NGO များက အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကြသည့်အတွက် ကြိုဆိုပါကြောင်းဖြင့် ပဏာမ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေး၊ ပြည်သူတို့၏ လူနေမှုဘဝများ တိုးတက်မြင့်မားရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းစေရေး၊ နိုင်ငံ အနှံ့ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်ရေးတို့ကို ပြည်သူတို့၏ လိုအပ်ချက်၊ လိုလားချက်များနှင့်အညီ စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေး ဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် အမည်သစ်နှင့်ဖွဲ့စည်းခဲ့သည့် ဝန်ကြီးဌာနအသစ်၏ ထားရှိချမှတ်သင့်သည့် ပိုမိုပြည့်စုံကောင်းမွန်သော မူဝါဒ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ပြန်လည်ချမှတ်ရမည်ဖြစ်ပါကြောင်း။

သို့အတွက် ပြီးခဲ့သည့် ဩဂုတ် ၁၇ ရက်တွင် INGO များ၊ NGO များ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲမှ အရေးကြီးသည့် အကြံပြုချက်(၁၇) ချက်ရရှိခဲ့ပြီး ယင်းတို့အပေါ် အခြေခံ၍ဝန်ကြီးဌာနသည် ချက်ချင်းဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ် (၃) ရပ်အား ချမှတ်ထားပါကြောင်း၊ ယင်းတို့မှာ ကျေးလက်ဒေသရှိ ကျေးရွာအားလုံးတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေး ဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိစေရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျေးလက်ပြည်သူများ အာဟာရပြည့်ဝစွာ စားသောက်နိုင်ရေးအတွက် အစားအစာဖူလုံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးခြင်းတို့ဖြစ်ကြောင်း။

ထို့ပြင် ဝန်ကြီးဌာန၏ပင်မလုပ်ငန်းတာဝန်များဖြစ်သည့် အောက်ပါ ကျေးလက်ဒေသနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျေးလက် လမ်းတံတားများ တည်ဆောက်ပြုပြင်အဆင့်မြှင့်တင်ပေးခြင်း၊ ကျေးလက်ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ (အများသုံးအိမ်သာ) ဆောင်ရွက်ပေးခြင်း၊ နေရပ်ပြောင်းရွှေ့ နေထိုင်ရသူများအတွက် ကျေးလက်အိမ်ရာများ တည်ဆောက်ပေးခြင်း၊ ကျေးလက်ဒေသပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် မွေးဖက်ပေးစနစ်ဖြင့် နို့စားနွားမများ၊ အသားတိုးဝက်၊ ဆိတ်များ၊ ကြက်၊ ဘဲများ မွေးမြူနိုင်ရေးဆောင်ရွက်ပေးခြင်းတို့ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်စေရန်နှင့် အောင်မြင်မှုအကျိုးရလဒ်များကို ကျေးလက်နေပြည်သူများ ခံစားနိုင်ရန်အတွက် ရေတို/ရေရှည် ဆောင်ရွက်ရမည့် မဟာဗျူဟာစီမံချက်များ ရေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

အလှူရှင်နိုင်ငံများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ INGO များ၊ NGO များ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံးကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေး မဟာဗျူဟာစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိမိဝန်ကြီးဌာနနှင့် လက်တွဲလုပ်ဆောင်ပေးပါရန် တိုက်တွန်းလိုပါကြောင်း။

ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ် ရှင်သန်မှုတို့ကို ဆောင်ကြဉ်းပေးမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာရေးဆွဲနိုင်ရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တက်ရောက်လာသူများ၏အကူအညီ၊ အထောက်အပံ့၊ အတွေးအမြင်၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှုများ လိုအပ်နေပါကြောင်း၊ သို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာရေးဆွဲနိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ တက်ရောက်လာသူများက ပွင့်ပွင့်လင်းလင်းဆွေးနွေးအကြံပြုပေးကြရန် ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလှူရှင်အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပလူမှုရေးအဖွဲ့အစည်းများ၊ ပညာရှင်များက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမြောက် စီမံချက်ရေးဆွဲနိုင်ရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်အဖွဲ့အစည်းများ၊ INGO များ၊ NGOများ၊ ပညာရှင်များနှင့်မီဒီယာများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သစ်တောစိုက်ခင်းများသည် ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် များစွာအထောက်အကူပြု

နေပြည်တော် သြဂုတ် ၂၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် သြဂုတ် ၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ဝန်ကြီးသည် စစ်ကိုင်းမြို့နယ်ရှိ မကျီးဖြူကွက်လပ်ဖြည့် စိုက်ခင်းဧက ၅၀ စိုက်ပျိုးထားရှိမှုနှင့် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ ရေထွက်သစ်တောပျိုးဥယျာဉ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တိုးချဲ့ပညာပေးပြခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကန့်ဘလူမြို့နယ် ရေအေးသစ်တောစခန်း၌ သစ်တောဦးစီးဌာနမှ စိုက်ပျိုးတည်ထောင်ထားသော ကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားရာတွင် သစ်တောစိုက်ခင်းများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွင် အဓိကဓာတ်ငွေ့တစ်ခုဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူသည့် ကာဗွန်သိုလှောင်ရာ ဇီဝဒြပ်ထုအစုများဖြစ်သဖြင့် ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိပါကြောင်း၊ ထို့အပြင် နောင်အနာဂတ်အတွက် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန် အရင်းအမြစ်များဖြစ်သဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်း ပြုစုစောင့်ရှောက်သွားရမှာဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သီးနှံသစ်တောရောနှော စိုက်ပျိုးသည့်စနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို တည်ထောင်သွားရန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် သဘာဝသစ်တောများမှ သစ်ထုတ်လုပ်ခြင်းကို နှစ်စဉ်ထုတ်လုပ်နိုင်သည့် အရေအတွက်ပမာဏအရသာ လျှော့ချထုတ်လုပ်သွားမည်ဖြစ်ပြီး နောင်လိုအပ်လာမည့် သစ်နှင့်သစ်တောထွက်ပစ္စည်းများကို သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးပြီး ထုတ်လုပ်သွားမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပြည်ထောင်စု ဝန်ကြီးသည် ကန့်ဘလူမြို့နယ်အတွင်းရှိ ၂၀၀၅ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀၀၊ ၂၀၀၈ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၈၀၀၊ ၂၀၀၈ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၇၅၀၊ ကျွန်းနှင့် ပိတောက်သစ်စေ့ထုတ်ဧရိယာများ၊ တင်ဝင်းထွန်းကုမ္ပဏီနှင့် ရွှေမိုးသာထရေးဒင်း ကုမ္ပဏီတို့၏ ကျွန်းစိုက်ခင်းများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးယူကလစ်စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးရှိ လမ်း/တံတားများ ပြုပြင်ထိန်းသိမ်း

နေပြည်တော် သြဂုတ် ၂၆

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် မိုင်တိုင်(၁၆၅/၁)နှင့် (၁၆၅/၃)အကြားရှိ ဆွာချောင်းတံတား ကြံ့ခိုင်မှု၊ ပဲခူးတိုင်းဒေသကြီး ပဲနွယ်ကုန်း-ကျောက်ကြီးလမ်း၊ စစ်တောင်းတံတား(နတ်သံကွင်း)ကြံ့ခိုင်မှုနှင့် ရေစီးရေလာအခြေအနေ၊ ပဲနွယ်ကုန်း-ကျောက်ကြီးလမ်း မိုင်တိုင်(၉/၀)နှင့် (၉/၁)ကြား မြေထိန်းနံရံ တည်ဆောက်ထားမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် သြဂုတ်၂၅ရက် နံနက်ပိုင်းက လှည့်လည်စစ်ဆေးသည်။

ထို့နောက် ကျောက်ကြီးမြို့လယ်တံတား တည်ဆောက်ရေးလုပ်ငန်းနှင့် စစ်တောင်းတံတား အမှတ်(၃) (ထန်းတပင်) တည်ဆောက်ရေးလုပ်ငန်းတို့သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

● *ရွှေဖုံးမှ*

စုစုပေါင်း အားကစားသမား ခုနစ်ဦးကို လေ့ကျင့်ထားပြီး တကယ်တမ်းပြိုင်ပွဲဝင်ရင်တော့ ဒီအားကစားသမားခုနစ်ဦးထဲက ငါးဦးကိုရွေးချယ်ယှဉ်ပြိုင်စေမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောပြသည်။ ကာယကြံ့ခိုင်မှု ကာယဗလမောင်များအတွက် လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းကိရိယာမျိုးစုံကို အပြည့်အဝ ဖြည့်ဆည်းပေးထားသည်ကို တွေ့ရသည်။

လေ့ကျင့်နည်း တစ်ခုချင်း၏ ရှေ့တွင် ကိုယ်လုံးပေါ်မှန်ချပ်ကြီးများ တပ်ဆင်ပေးထားရာ မိမိ၏ ကိုယ်ကာယတိုးတက်မှု၊ လျော့ကျမှုကို မပြတ်တမ်း သတိပြု ချိန်ဆနိုင်အောင် ဖြည့်ဆည်းပေးထားခြင်းဖြစ်သည်။

"ဆီးဂိမ်းအတွက် လောလောဆယ်ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်နေသူတွေကတော့ ထွန်းမင်း၊ သိန်းထွန်းဦး၊ အောင်ခိုင်ဝင်း၊ စိုးမိုးအောင်၊ ခင်မောင်ကျော်၊ မင်းဇော်ဦးနှင့် ဆလိုင်းကျော်မင်းတို့ ဖြစ်ပါတယ်။ သူတို့က တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ပြိုင်ပွဲနဲ့ ကုမ္ပဏီတွေက ပြုလုပ်တဲ့ပြိုင်ပွဲတွေ၊ မောင်မြန်မာပြိုင်ပွဲတွေက ဆုရရှိတဲ့သူတွေကိုစနစ်တကျ ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်နေတာဖြစ်ပါတယ်" ဟု နည်းပြဦးအောင်နိုင်က ဆက်လက်ပြောပြသည်။

ကိုယ်ကာယကြံ့ခိုင်မှု အတွက် အနေအထိုင်၊ အစားအသောက်များကအစ ဆေးဝါးများလည်း အားကစားဝန်ကြီးဌာနနှင့် အဖွဲ့ချုပ်တို့က ဖြည့်ဆည်းပံ့ပိုးပေးထားသည်။ (၂၇)ကြိမ်မြောက်ဆီးဂိမ်းတွင် ကာယဗလပြိုင်ပွဲအတွက် မြန်မာအားကစားသမားများအတွက် အဓိကပြိုင်ဘက်များမှာ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့်အင်ဒိုနီးရှားတို့ဖြစ်ကြောင်း သိရသည်။ ယခုအခါ မြန်မာနိုင်ငံကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ အားကစားသမားနှစ်ဦးနှင့် အားကစားမယ် သုံးဦးတို့သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် သြဂုတ် ၂၇ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည့် (၄၇)ကြိမ်မြောက် ကာယဗလနှင့်ကိုယ်ကာယကြံ့ခိုင်မှု တံခွန်စိုက်အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြရန် သြဂုတ် ၂၇ရက်တွင် ထွက်ခွာကြမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့တွင် ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် သိန်းထွန်းဦးနှင့် ကာယဗလပြိုင်ပွဲအတွက် စိုးမိုးအောင်တို့က ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် မအေးအေးစိုး၊ ခေါဝင်း၊ နန်းထက်ထက်လင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုပြိုင်ပွဲသည် အာရှပြိုင်ပွဲဖြစ်ရာ နိုင်ငံပေါင်း ၂၀ ကျော်တို့မှ အားကစားမောင်မယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာအားကစားသမားများသည် အဓိကပြိုင်ဘက်များအဖြစ် အီရန်၊ မလေးရှား၊ ဗီယက်နမ်တို့အား အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအတွက် မြန်မာအားကစားသမားများသည် အကြိုလေ့ကျင့်မှုအဖြစ် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများ ပါဝင်ဆင်နွှဲလျက်ရှိရာ ရွှေတံဆိပ်များ မျှော်မှန်းလျက် လေ့ကျင့်နေကြခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် အကြံပြုစာများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်သူများသိရှိစေရန်ထုတ်ပြန်ကြေညာခြင်း

၁။ **ရန်ကုန်မြို့၊လှိုင်သာယာ အောင်ဇေယျတံတားတွင် Light Truck ယာဉ်တစ်စီးလျှင် Asia World Company မှ ၃၀၀ ကျပ် အခွန်ကောက်ခံနေပါကြောင်း၊ သန်လျင်နှင့် အခြားတံတားများထက် ပိုမိုများပြားနေခြင်းသည် မဖြစ်သင့်ပါကြောင်း၊ အကြံပြုချက်နှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းပြန်ကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုလမ်းပေါ်ရှိ စီမံကိန်းဝင် တံတားနှင့်သာမန်တံတားများ၏ အဆင့်သတ်မှတ်ချက်များအလိုက် ကောက်ခံရမည့်နှုန်းထားများအား စိစစ်ခဲ့ရာ စီမံကိန်းဝင် (ဂ)အဆင့်တံတားများ ဖြစ်သည့် တွံတေးတံတား၊ပန်းလှိုင်တံတား၊ ဒဂုံတံတားအမှတ် -၂၊ အောင်ဇေယျတံတားနှင့် ရွှေပြည်သာတံတားတို့ဖြစ်ပြီး ဘုရင့်နောင်တံတားမှာ သာမန် (ဃ)အဆင့် တံတားဖြစ်ပါကြောင်း။

၂။ တံတားကောက်ခံမှု နှုန်းထားများနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၂/၂၀၁၂)မှ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စီမံကိန်းဝင်တံတားနှင့် သာမန်တံတားများအတွက် Light Truck (သေး)အား စီမံကိန်းဝင် (ဂ)အဆင့်တံတားတွင် ၃၀၀ ကျပ်နှုန်းနှင့် သာမန် (ဃ)အဆင့်တံတားတွင် ၁၀၀ ကျပ်နှုန်းအတည်ပြုသတ်မှတ်ပေးခဲ့ ပြီး ဖြစ်ပါကြောင်း။

၃။ သာမန်(ဃ)အဆင့် ဘုရင့်နောင်တံတားတွင် ကောက်ခံနှုန်းထားအရ ၁၀၀ကျပ်နှုန်း ကောက်ခံရမည်ဖြစ်သော်လည်း အဆိုပါတံတားတွင် ယာဉ်ဖြတ်သန်းအသုံးပြုမှုများပြားလျက်ရှိသည့်အတွက် နှစ်တန်နှင့် သုံးတန်အောက် ဆလွန်းနှင့် ဗင်မော်တော်ယာဉ်များကို ဖြေလျှော့ပေးသည့်အနေဖြင့် ၅၀နှုန်းဖြင့် ကောက်ခံစေလျက်ရှိပါကြောင်း။

၄။ Asia World Company မှ အောင်ဇေယျတံတားတွင် ကောက်ခံလျက်ရှိသည့် နှုန်းထားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် နှုန်းထားများအတိုင်းသာ ကောက်ခံခြင်းဖြစ်ပြီး ပိုမိုကောက်ခံခြင်းမရှိပါကြောင်း။

၅။ အထက်ပါအကြံပြုချက်နှင့်ပတ်သက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းပြန်ကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်တံတားသည် မြန်မာ့မီးရထားပိုင်တံတားဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်အရ စီမံကိန်းဝင်(ခ)အဆင့်တံတားဖြစ်ပြီး သန်လျင်တံတားတွင်ဖြတ်သန်းသည့် Light Truck ယာဉ်တစ်စီးလျှင်တံတားဖြတ်သန်းခ နှုန်းထားအား ၃၀၀ ကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိပါကြောင်း။

၆။ အဆိုပါ မြန်မာ့မီးရထားပိုင် သန်လျင်တံတားဖြတ်သန်းခ ကောက်ခံခြင်းလုပ်ငန်းကို တစ်နှစ်တစ်ကြိမ် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နိုင်ငံပိုင်သတင်းစာများမှ ထည့်သွင်းကြေညာ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဈေးနှုန်းအမြင့်ဆုံးပေးသွင်းသူအား စိစစ်ရွေးချယ်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်းဖြစ်ပါကြောင်းနှင့် လက်ရှိတွင် (၁-၁၀-၂၀၁၂)ရက်နေ့မှ (၃၀-၉-၂၀၁၃)ရက်နေ့အထိ တစ်နှစ်သက်တမ်းအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် မြန်မာ့မီးရထားတို့ စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမှလည်း Light Truck ယာဉ်တစ်စီးလျှင် ဖြတ်သန်းခကျပ် ၃၀၀ နှုန်းဖြင့် သတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း။

၇။ **မြန်မာနိုင်ငံသားနှင့်အိမ်ထောင်ပြုထားသည့် နိုင်ငံခြားသားတစ်ဦး၏ ဇနီး/ခင်ပွန်းသည် Stay Permit Visa ရရှိရန်အတွက် ရင်းနှီးသည့်ဌာနအကြီးအကဲတစ်ဦး၏ ထောက်ခံချက်ဖြင့် ရယူနေထိုင်ရကြောင်း အကြံပြုချက်နှင့်စပ်လျဉ်း၍** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းပြန်ကြားရာတွင် မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်လိုသည့် နိုင်ငံခြားသားများအား ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများမှ ပြည်ဝင်ဗီဇာအမျိုးအစား (၆)မျိုးခွဲခြား၍ ထုတ်ပေးလျက်ရှိပါကြောင်းနှင့် လျှောက်ထားသူကာယကံရှင်မှ ဌာနအကြီးအကဲတစ်ဦးတစ်ယောက်ထံ သွားရောက်တွေ့ဆုံအကူအညီတောင်းခံမှသာလျှင် ရနိုင်သည်ဟုထင်မှတ်၍ တောင်းဆိုခြင်းဖြစ်နိုင်ပါကြောင်းနှင့် မြန်မာနိုင်ငံသားနှင့်အိမ်ထောင်ပြုထားသည့် နိုင်ငံခြားသားတစ်ဦး၏ဇနီး/ခင်ပွန်းသည် ပြည်ဝင်ဗီဇာ(လူမှုရေး)ဖြင့် ဝင်ရောက်လာပြီး မြန်မာနိုင်ငံတွင်နေခွင့်သက်တမ်းတိုးမြှင့်လိုပါက မည်သည့်ဌာနအကြီးအကဲ၏ သဘောတူ ညိုနှိုင်းချက်ကိုမျှ ရယူရန်မလိုဘဲ လက်ရှိတွင် ဆန္ဒရှိသလောက် အကြိမ်ကြိမ်တိုးမြှင့်နေထိုင်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

၈။ မြန်မာနိုင်ငံတွင်မွေးဖွားပြီး အခြားနိုင်ငံသားအဖြစ်ခံယူသွားသော မြန်မာပြည်မွေး နိုင်ငံခြားသားများ(သို့မဟုတ်)မြန်မာနိုင်ငံသားတစ်ဦးဦးနှင့် တရားဝင်ထိမ်းမြားလက်ထပ်ထားသော ဇနီး/ခင်ပွန်းစသည့်သူများ ပြည်ပရှိမြန်မာသံရုံးများတွင် ပြည်ဝင်ဗီဇာလျှောက်ထားပါက ပြည်ဝင်ဗီဇာ (လူမှုရေး)အား နေခွင့်သက်တမ်း (၂၈)ရက်ဖြင့် ထုတ်ပေးခဲ့ပါကြောင်း၊ ၎င်းတို့သည် မြန်မာနိုင်ငံသို့ ဝင်ရောက်လာပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် မြန်မာပြည်တွင် ဆက်လက်နေခွင့်သက်တမ်းတိုးမြှင့်လိုပါက ၎င်းတို့တည်းခိုနေထိုင်ရာလိပ်စာအရ သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးရုံးမှတစ်ဆင့် တိုင်းဦးစီးဌာနမှူးရုံးသို့ တင်ပြထောက်ခံချက်ရယူရပါကြောင်းနှင့် စာရွက်စာတမ်းအထောက်အထားစုံလင်ပါက ဦးစီးရုံးချုပ်မှ နေခွင့်သက်တမ်းပထမအကြိမ်အတွက် နေခွင့်(၃)လ၊ အခငွေ **US 36 $** ကောက်ခံ၍ ဒုတိယအကြိမ်နေခွင့်လျှောက်ထားစဉ်မှစ၍ တစ်ကြိမ်လျှင် နေခွင့်(၆)လ၊ အခငွေ **US 90 $** ကောက်ခံ၍ အကြိမ်ကြိမ် ဆက်လက်တိုးမြှင့်နေထိုင်ခွင့်ပြုပေးလျက်ရှိပါကြောင်း။

၉။ **လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများ၏ ထောက်ခံချက်လက်မှတ်ဖြင့် နိုင်ငံခြားသားများအား ဗီဇာထုတ်ပေးနေခြင်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြန်ကြားရာတွင်** ပြည်ဝင်ဗီဇာ(လူမှုရေး)နှင့် ပြည်ဝင်ဗီဇာ(ကမ္ဘာလှည့်)တို့မှအပ ကျန်ဗီဇာများဖြင့် ဝင်ရောက်လာသူများအား တစ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ (Single Journey Special Re-entry Visa) နှင့် အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ (Multiple Journey Special Re-entry Visa) တို့အား သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၏ ညှိနှိုင်းချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ထုတ်ပေးလျက်ရှိပါကြောင်းနှင့် ပြည်ဝင်ဗီဇာ (လူမှုရေး)နှင့် ပြည်ဝင်ဗီဇာ(ကမ္ဘာလှည့်)တို့ဖြင့် ဝင်ရောက်လာသူများအား ပြည်ပြန်ဝင်ခွင့် ဗီဇာထုတ်ပေးခြင်းမပြုဘဲ မြန်မာနိုင်ငံမှထွက်ခွာပြီး ပြန်လည်ဝင်ရောက်လိုပါက သက်ဆိုင်ရာ မြန်မာသံရုံးတွင် ပြည်ဝင်ဗီဇာထပ်မံလျှောက်ထား၍ ဝင်ရောက်နိုင်မည် ဖြစ်ပါကြောင်း။

၁၀။ **မှတ်ပုံတင်ပျက်စီးသွား၍ သာကေတမြို့နယ်၌ ပြန်လည်လျှောက်ထားခဲ့ရာတွင် မြောက်ဒဂုံမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ ထောက်ခံချက်လိုအပ်သောကိစ္စဖြစ်သဖြင့် မြောက်ဒဂုံလူဝင်မှုကြီးကြပ်ရေးရုံးသို့ သွားရောက်တောင်းခံခဲ့ရာ ဦးစီးမှူးသည် ရုံးလုပ်ငန်းဖြင့်ရုံးပြင်ပသို့ရောက်ရှိနေသောကြောင့် အခက်အခဲများနှင့် ကြုံတွေ့နေရပါသဖြင့် ဦးစီးမှူးမရှိသည့်အချိန်များတွင် အခြားသူတစ်ဦးမှ တာဝန်ခံ၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ /မရှိ အကြံပြုတင်ပြခြင်းနှင့်စပ်လျဉ်း၍** မူလရုံးမှ ထုတ်ပေးထားသည့် ရုံးလက်ခံမှတ်တမ်းများ မှန်/မမှန်စိစစ်နိုင်ရန်အတွက် ကာယကံရှင်မှသွားရောက်ဆက်သွယ်ဆောင်ရွက်ရခြင်း၊ ဝေးလံဒေသဖြစ်ပါက လွယ်ကူလျင်မြန်စေရန်အတွက် ဌာနမှတာဝန်ယူ၍ ဖုန်း/ဖက်စ်တို့ဖြင့်ချိတ်ဆက်၍ ဌာနအချင်းချင်းဆက်သွယ်ပေးခြင်းများဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းသည် လွန်စွာအရေးကြီးသည့်ကိစ္စဖြစ်ပါ၍ ယခုအခါ ဆောင်ရွက်ပေးလျက်ရှိသည့် ဖြေလျှော့နည်းအရ တိုင်းရင်းသားဖြစ်ပါက အနိမ့်ဆုံးမြို့နယ်ဦးစီးဌာနမှူး (ဦးစီးအရာရှိ) အဆင့်မှ စိစစ်လက်မှတ်ရေးထိုးပေးရခြင်း၊ သွေးနှော ကပြားလူမျိုးဖြစ်ပါက ကိုယ်ရေးနောက်ကြောင်း စိစစ်ခြင်းများပြုလုပ်၍ အထက်သို့တင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး (ညွှန်ကြားရေးမှူး)အဆင့်မှ စိစစ်အတည်ပြုလက်မှတ်ရေးထိုးပေးရခြင်း လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းထားရှိပါကြောင်း။

၁၁။ မြို့နယ်ဦးစီးဌာနမှူးသည် မြို့နယ်အဆင့်ဒေသအာဏာပိုင်အဖွဲ့တွင် တွဲဖက်တာဝန်ထမ်းဆောင်ရခြင်းကြောင့် တာဝန်အရရုံးပြင်သို့ သွားရောက်ရသည့် အချိန်အခါမျိုးတွင် လျှောက်ထားသူကာယကံရှင်များ၏ ရုံးလက်ခံစစ်ဆေးခြင်းနှင့်လိုအပ်သည့် အချက်အလက်များ ရေးသားဖြည့်သွင်းခြင်းကိစ္စများအပါအဝင် အောက်ခြေအဆင့်ဆောင်ရွက်ရမည့်ကိစ္စများအား လက်ထောက်မြို့နယ်ဦးစီးဌာနမှူးနှင့်အဆင့်လိုက်တိုက်နယ်တာဝန်ခံဝန်ထမ်းများမှ ဆောင်ရွက်ပေးလျက်ရှိသော်လည်း နိုင်ငံသားအဖြစ် အသိအမှတ်ပြု လက်မှတ်ရေးထိုးအတည်ပြုရမည့်ကိစ္စများနှင့် ထောက်ခံချက်လက်မှတ်ရေးထိုးရမည့်ကိစ္စများအား ဌာနလုပ်ထုံးလုပ်နည်း သတ်မှတ်ကန့်သတ်ချက်များအရ အရာရှိအဆင့်မြို့နယ်ဦးစီးဌာနမှူးများကသာ တာဝန်ခံဆောင်ရွက်ပေးရမည့် ကိစ္စများဖြစ်ပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ပြန်ကြားချက်အား ဖော်ပြအပ်ပါသည်။

၁၂။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုများအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေးမြို့နယ်ခုနစ်မြို့နယ် စုပေါင်းသွေးလှူ

မန္တလေး ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည့်မန္တလေးခရိုင် မြို့နယ်ခုနစ်မြို့နယ် စုပေါင်းသွေးလှူဒါန်းပွဲသို့ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီး သွေးလှူဘဏ်အဆောက်အအုံ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သန်းသန်းမြင့်နှင့်တာဝန်ရှိသူများက သွေးလှူရှင်များအတွက် အလှူရှင်များက ကြက်ဥ၊ သွေးအားတိုးဆေးများပံ့ပိုးရန် စီစဉ်ထားရှိမှုနှင့် ဆေးကုမ္ပဏီများက ထောက်ပံ့လှူဒါန်းထားသည့်ဆေးဝါးများ အခြေအနေကိုလည်းကောင်း၊ သွေးလှူဘဏ်အတွင်းရှိ အအေးခန်းတွင် သွေးအိတ်များ စနစ်တကျထားရှိမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သွေးလှူရှင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ သွေးလှူဘဏ်အတွင်း စုပေါင်းသွေးလှူနေမှုများကို လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် လှူဒါန်းပြီးသွေးအိတ်များကို မန္တလေးခရိုင်အတွင်းရေးမှူး ဦးဘိုသင်းနှင့် ကော်မတီဝင်များက လွှဲပြောင်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သန်းသန်းမြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

တက်ရောက်

အဆိုပါ သွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်နှင့် မန္တလေးခရိုင်အတွင်းရှိမြို့နယ်များမှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ် ကော်မတီဝင်များ၊ မန္တလေးခရိုင်အတွင်းရှိ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရနှင့် ပုသိမ်ကြီးမြို့နယ်များမှ သွေးလှူရှင်အင်အား စုစုပေါင်း ၁၁၁ ဦး တက်ရောက်ကြသည်။

တင်မောင်(မန္တလေး)

ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ပညာပေးဟောပြော

ပုသိမ်ကြီး ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် UNION အဖွဲ့တို့ပူးပေါင်း၍ ကျောင်းကျန်းမာရေး ရက်သတ္တပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့်ကျန်းမာရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ပုသိမ်ကြီးမြို့အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သွားဆရာဝန် ဒေါက်တာဇော်ထိုက်၊ မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁)ဦးမြင့်မောင်နှင့် သူနာပြုဆရာမများ၊ UNION အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူလေးများအား သွားများစစ်ဆေးခြင်းနှင့် အခြားသောရောဂါလက္ခဏာများ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြသည်။ ဆက်လက်၍ ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှက အမှာစကား ပြောကြားပြီး သွားဆရာဝန် ဒေါက်တာဇော်ထိုက်က သွားနှင့်ခံတွင်းကျန်းမာရေးအကြောင်း၊ ကျန်းမာရေးမှူးအဆင့်(၁) ဦးမြင့်မောင်က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သန့်လေးသန့်အကြောင်း ဟောပြောကြကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ဘာသာပေါင်းစုံအတူယှဉ်တွဲ နေထိုင်ရေးနှင့် တွေ့ဆုံပွဲကျင်းပ

ကန့်ဘလူ ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ မြို့လယ်ကျောင်းတွင် ယနေ့နံနက်ပိုင်းက ဘာသာပေါင်းစုံ ဩဝါဒခံယူပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ ဘာသာပေါင်းစုံ ညီညွတ်စွာ အတူယှဉ်တွဲနေထိုင်ရေး၊ ပဋိပက္ခများမဖြစ်ပွားစေရေးတို့ ထိန်းသိမ်းဆောင်ရွက်ရန် ဆရာတော်များထံ လျှောက်ထားသည်။

ထို့နောက် ကန့်ဘလူမြို့နယ် မယ်ဇလီကုန်းဆရာတော် ဦးစန္ဒဝရ၊ မြို့လယ်ကျောင်း ဆရာတော် ဦးစန္ဒသီရိတို့က ဩဝါဒစကားနှင့် ဘာသာပေါင်းစုံညီညွတ်ရေး၊ အတူယှဉ်တွဲနေထိုင်ရေးတို့ကို ချီးမြှင့်မိန့်ကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် တိုင်းဒေသကြီး နယ်စပ်လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်းတို့က ဆရာတော်များထံ နဝကမ္မဝတ္ထုငွေများ ကပ်လှူသည်။ ယင်းနောက် မန္တလေးမြို့ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးအသင်းနာယက ဦးသိန်းဝင်းအောင်က မီးဘေးသင့် အိမ်ထောင်စုတစ်စုလျှင် တစ်သောင်းနှုန်းဖြင့် အိမ်ထောင်စု ၄၈ စုအတွက် ပေးအပ်လှူဒါန်းသည်။

ထို့နောက် ထန်းကုန်းကျေးရွာ အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဦးမောင်မောင်နှင့် ရပ်မိရပ်ဖ ဦးမြင့်သိန်းက ဘာသာပေါင်းစုံ အတူယှဉ်တွဲ နေထိုင်ရေးရှင်းလင်းတင်ပြကြသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီးနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

ကန့်ဘလူ ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ၌ ဩဂုတ် ၂၄ ရက်ညက ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ကယ်ဆယ်ရေးစခန်း၌ကျင်းပရာ သာသနာရေးဝန်ကြီး ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီး နယ်လုံခြုံရေးဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ခရိုင်၊ မြို့နယ်၊ စီ/ခန့်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မီးဘေးသင့် ပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့လှူဒါန်းသော ဆန် ၁၀ အိတ်ကို ဗိုလ်မှူးကြီးကြည်နိုင်ကလည်းကောင်း၊ ဆီ ၁၀ ပိဿာဝင် ဆီနှစ်ပုံးကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(ဝဲပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက အားပေးစကား ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မှုခင်းသတင်း

ဆိုင်ကယ်ဒူးကာအတွင်း သို့ဝှက်သယ်ဆောင်လာသော ဘိန်းဖြူများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၆

ယမန်နေ့ ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကလေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့ ဖောင်ကူးတံတားဆိပ်၌ တမူးမြို့မှကလေးမြို့သို့ ကလေးမြို့နယ် တင်သားကျေးရွာနေ ကျော်စိုး(ခ) စိုးနိုင်ဝင်း(၃၆ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ မနှင်းမူ (၃၅ နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဆိုင်ကယ်ဒူးကာအတွင်းမှ ဘိန်းဖြူ ၃၈ ဒသမ ၂ ဂရမ်နှင့် မနှင်းမူထံမှ ဘိန်းဖြူ ၇ ဒသမ ၈ ဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၆ ဒသမ ၈ သိန်းအား သိမ်းဆည်းရမိခဲ့သဖြင့် ကျော်စိုး(ခ) စိုးနိုင်ဝင်းနှင့် မနှင်းမူတို့နှစ်ဦးအား ကလေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(အောက်ပုံ)**

ထို့အပြင် ဩဂုတ် ၂၄ ရက် ညပိုင်းတွင် ရှမ်းပြည်နယ် မူဆယ်မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-တာမိုးညဲလမ်းမတွင် တက္ကနိုင်းရွာမှ ကွတ်ခိုင်သို့ တာမိုးညဲမြို့နယ်ခွဲ မန်ဂျယ်ကျေးရွာနေ ဘရန်နန်(၃၇ နှစ်) မောင်းနှင်ပြီး မိုးညှင်းမြို့ အောင်ချမ်းသာရပ်ကွက်နေ ကျော်ကျော်မိုး (၄၀ နှစ်) နောက်ထိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘရန်နန်ထံမှ ဘိန်းဖြူ ၀ ဒသမ ၅ ဂရမ်နှင့် ကျော်ကျော်မိုးထံမှ ဘိန်းဖြူ ၁၃၂ ဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၆ ဒသမ ၅ သိန်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဘရန်နန်နှင့် ကျော်ကျော်မိုးတို့ နှစ်ဦးအား ကွတ်ခိုင်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ခင်ဦး ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်သည် ကျွန်းလှမြို့နယ်အတွင်းမှာရှိသော သဖန်းဆိပ်ရေလှောင်တမံဆည်မှ လာသော ကင်းတပ်ရေလွှဲဆည်-ရွှေဘို မဟာနန္ဒာကန်တူးမြောင်းမှ ဆည်ရေသောက်လယ်မြေဧကပေါင်း ၂၅၄၉၉ ရှိပြီး ကာဘိုးရေလွှဲဆည်- ရွှေဘိုတူးမြောင်းမှ ဆည်ရေသောက်လယ်မြေဧကပေါင်း ၂၉၄၈၉ ရှိကြောင်း သိရသည်။

ရေထုတ်ပြွန်၊ ရေသွယ်မြောင်းများ ပြန်လည်ပြုပြင်ပေးစေလို

ပြီးခဲ့သော ပွင့်လင်းရာသီက ဆည်မြောင်း ဦးစီးဌာနမှ ကာဘိုး-ရွှေဘို တူးမြောင်းကို ပြုပြင်မွမ်းမံပြုလုပ်ခဲ့သည်။ သို့သော်ရေထုတ်ပြွန်များ၊ ရေသွယ်မြောင်းများ ပျက်စီးနေသဖြင့်၊ ကာဘိုး-ရွှေဘို တူးမြောင်းဖြတ် ရွှေဘို-ရေဦးမော်တော်ကားလမ်းရှိ လယ်ယာကုန်ထုတ်လမ်းများတွင် နွားလှည်းများ သွားလာ၍မရအောင် ပိတ်ဆို့နေကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ရေထုတ်မြောင်းများ၊ ရေသွယ်မြောင်းများ၊ လယ်ယာကုန်ထုတ်လမ်းများ အမြန်ဆုံးပြန်လည်ပြုပြင်ပေးပါရန် ကန်သစ်ကျေးရွာတောင်သူ ဦးမျိုးလင်းက ပြောကြားသည်။ **ရောင်နီတင်ဝင်း**

ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်နှင့်တွဲဖက်အတွင်းရေးမှူး (၂) ဒေါက်တာဂျိုဂျိုစန်း၊ မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များ၊ ခုတင် (၁၀၀၀) နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာနှင့် မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့၊ ဆရာဝန်၊ သူနာပြုများသည် ဩဂုတ် ၂၅ ရက်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျောက်ချပ်ကျေးရွာသို့ ကွင်းဆင်း၍ ရွေ့လျား ကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့ရာ အသင်းအတွင်းရေးမှူးက အမှာစကားပြောကြားပြီး တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်နှင့် ဆရာဝန်များက ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်း၊ အန္တရာယ်ကင်းသော မိခင်ဘဝနှင့် သားဆက်ခြားခြင်းတို့ကို ဟောပြောကြသည်။

ထို့နောက် အဘိုးအဘွားများအား အားဆေးနှင့် အာဟာရများ၊ ကိုယ်ဝန်ဆောင်မိခင်များအား အနီးပိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရအစားအစာများကို ထောက်ပံ့ပေးအပ်ကြပြီး ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ အထွေထွေ လူနာများအား ကြည့်ရှုစစ်ဆေးပေးခြင်း၊ လူနာများအား နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများအား ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဝမ်းတွင်းမြို့နယ်မှ ကျည်ဆန်ဟောင်းများတွေ့

ဝမ်းတွင်း ဩဂုတ် ၂၆

ဝမ်းတွင်းမြို့နယ် ညောင်ဦးဖီး ကျေးရွာအုပ်စု ကွဲသားရွာတွင် ဩဂုတ် ၂၂ ရက်က ဦးဝင်းသက်နိုင် (၄၂ နှစ်)သည် အိမ်ဆောက်ရန် အတွင်းဝိုင်းအတွင်း၌ အနက်နှစ်ပေခန့်ရှိ ကျင်း ၁၂ ကျင်းတူးရာမှ မြေကျင်းထဲမှ ကျည်ဆန်အရှည်တစ်လက်မခန့်ရှိ သံချေးတက်ဆွေးမြည့်နေသည့် ကျည်ဆန်ဟောင်း ၆၅၀ တွေ့ရှိခဲ့သည်။ ကျည်ဆန်တွေ့ရှိသည့်ရွာသို့ ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမောင်မောင်အောင်၊ စခန်းမှူးရဲအုပ်စောမြင့်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ညောင်ဦးဖီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင့်ဆန်း၊ ဆယ်အိမ်မှူး ဦးထူးတို့က သွားရောက်စစ်ဆေးပြီး ကျည်ဆန်များကို သက်ဆိုင်ရာသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

ပိုင်ရှင်မဲ့နွားများ လေလံတင်

ဝေါ ဩဂုတ် ၂၆

ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး၌ မြို့နယ်ပိုင်ရှင်မဲ့ပစ္စည်းများ လေလံတင်ထုခွဲရောင်းချရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်ဦးဆောင်လျက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ၊ မွေး/ကု ဦးစီးဌာနမှူး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်အတွင်းမှ ဖမ်းဆီးထားသော ပိုင်ရှင်မဲ့နွားထီး ၄၃ ကောင်ကို လေလံတင်ရောင်းချခဲ့ကြောင်း သိရသည်။ အဆိုပါလေလံတင်ရောင်းချပွဲတွင် လေလံဆွဲဝယ်ယူသူ ဒေသခံတောင်သူ ၃၀ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြပြီးလေလံပွဲမှာ မွန်းလွဲ ၁၂ နာရီခွဲတွင် အောင်မြင်ပြီးဆုံးကြောင်းနှင့် လေလံတင်ရောင်းရငွေစုစုပေါင်းမှာ ငွေကျပ် ၂၄၆၉၀၀၀၀ ရရှိပြီး ရောင်းရငွေများကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုန်းသော်(ဝေါ)

နေပြည်တော်သစ်တောဦးစီးဌာန ဥတ္တရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုး၊ ပျဉ်းမနားမြို့နယ်ဦးစီးအရာရှိ ဦးဝင်းဗိုလ်နှင့်ဝန်ထမ်းများအဖွဲ့သည် ဩဂုတ် ၂၄ ရက်က ဇေယျာသီရိမြို့နယ် ကျည်တောင်-ခေါမကျေးရွာ၊ မွန်းတည့်ခွင်ကျေးရွာ၊ ကျောက်ချက်ကျေးရွာများ၌ မော်တော်ယာဉ်ဖြင့် ရတနာတန်းဝင်ကျွန်းပင်များအပါအဝင် အရိပ်ရပင်နှင့် ပန်းအလှပင် စုစုပေါင်း အပင် ၄၃၀၀ ကို မိုးရာသီတွင် စိုက်ပျိုးနိုင်ရန် ပြည်သူများလက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးစဉ်။ ကိုသူ

အရက်အတူသောက်ရင်း ရန်ဖြစ်၍သေဆုံး

နတ်တလင်း ဩဂုတ် ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဖန်ခါးပင်ကျေးရွာ၌ ဩဂုတ် ၂၄ ရက် ညနေ ၆ နာရီခွဲက ရွာထိပ်သုသာန်ကုန်းအတွင်း လူတစ်ဦးသေဆုံးနေကြောင်း ဆင်မနိုင်ရဲစခန်းသို့ အကြောင်းကြားခဲ့သဖြင့် စခန်းမှူး ရဲအုပ်ထွန်းထွန်းဝင်းနှင့် အဖွဲ့သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ မြင့်ထွေး (၄၅ နှစ်) ကြို့ပင်ကုန်းကျေးရွာနေထိုင်သူဖြစ်ပြီး ဖန်ခါးပင်ရွာထိပ်သုသာန်တွင် နောက်စေ့ပေါက်ပြဲဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ဆက်လက်ပေါ်ပေါက်ရေးစုံစမ်းခဲ့ရာ အခင်းမဖြစ်ပွားခင် နတ်တလင်းမြို့နယ် ချင်းကုန်းကန်အုပ်စု သံကြိုးကန်ရွာနေ လင်းညို (၄၅ နှစ်)နှင့် ဖန်ခါးပင်ရွာတွင် အရက်အတူတူသောက်ကြကြောင်း သိရှိရ၍ ကွင်းဆက်လိုက်ပြီးစုံစမ်းရာ လင်းညိုအား ည ၁၂ နာရီတွင် သက်သေခံပစ္စည်းဖြစ်သော ကုက္ကိုသားတုတ်နှင့်အတူ ဖမ်းဆီးရရှိခဲ့ရာ ဆင်မနိုင်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မြင့်(နတ်တလင်း)

၂၇-၈-၂၀၁၃ (အင်္ဂါနေ့)	**မြန်မာ့ရုပ်မြင်သံကြား**	**နေ့လယ်ပိုင်း**	**ညပိုင်း**
နံနက်ပိုင်း		၁၂း၀၀ ပြည်တွင်းသတင်း	၂၀း၀၀ ပြည်တွင်းသတင်း
၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်	၁၀း၂၀ **အဖေနှင့်သား** ဇော်လင်း၊ကျော်သူ၊ချိုပြုံး၊မေဝင်းမောင် (ဒါရိုက်တာ-မောင်နှင်းမိုး)	၁၄း၃၀ မြန်မာ့ဝေလေ့ ရိုးရာလက်ဝှေ့	-ဆိုလိုက်ကြစို့
		၁၄း၄၅ Business News	-အိန္ဒိယရုပ်ရှင်
		၁၅း၀၀ ပြည်တွင်းသတင်း	**အသင့်သူ** (အပိုင်း-၁)

နမ့်ခမ်းမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြော

နမ့်ခမ်း ဩဂုတ် ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်၂၀ ရက်က မန့်နားကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဒေါ်နေခြည်သွေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်မိုင်းပန်းဦးက လူကုန်ကူးမှု ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်၊ လူကုန်ကူးခံရသူများအား ကယ်တင်ဖော်ထုတ်ခဲ့သောမှုခင်းဖြစ်စဉ်များ၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲသို့ ပြည်သူ ၇၅ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအဖြစ် မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ကိုယ်ဝန်ဆောင်မိခင်များအား မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်မင်းမင်းထွေးနှင့်အဖွဲ့ဝင်များ၊မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ဒေါက်တာ ဒေါ်မိမိတင်တို့က မြို့နယ်သားဖွားဆေးရုံတွင် ဩဂုတ် ၂၅ရက် မွန်းလွဲပိုင်းက ကိုယ်ဝန်ဆောင် မိခင်များအား အာဟာရကြက်ဥနှင့် အိုင်အိုဒင်းဆားများပေးအပ်ကြစဉ်။

(၀၄၄)

စတုတ္ထမြောက် မြေးရတနာအတွက် ဆုတောင်းလွှာ

ဘိုးဘိုး ဒုတိယဗိုလ်မှူးကြီးသန်းလွင်(ငြိမ်း)-ဘွားဘွား ဒေါ်ခင်မိမိနိုင်တို့၏ စတုတ္ထမြောက်မြေးရတနာ၊ မောင်ဘုန်းအိမ်လွင်၊ မလမင်းကာရုံလွင်၊ မောင်မြတ်ဘုန်းလွင်တို့၏ ညီ/မောင်၊ ဗိုလ်ကြီးတေဇာလွင်-ဒေါ်သစ်သစ်စံတို့၏ သားဦးရတနာအား မန္တလေးမြို့၊ မြတ်သုခဆေးရုံတွင် ၂၀၁၃ခုနှစ် ဩဂုတ် ၂၃ရက်(သောကြာနေ့) နံနက်တွင် အောင်မြင်စွာမွေးဖွားခဲ့ပါကြောင်းနှင့် သားဦးရတနာလေး ကျန်းမာပျော်ရွှင်စွာဖြင့် ဘိုးဘိုး ဘွားဘွား၊ ဖေဖေ မေမေ၊ ကိုကို မမတို့နှင့်အတူ လက်တွဲ၍ ဘဝလမ်းခရီး ဖြောင့်ဖြူးသာယာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းဆုပြုပါသည်။

ဘိုးဘိုး ဘွားဘွား
ဖေဖေ မေမေ
ဦးဦး ဒေါ်ဒေါ်
ကိုကို မမများ

ONE NINE မိသားစုအား တောင်းပန်ခြင်း

လားရှိုးမြို့၊ မန်ဆူပလာဇာ (B)ရုံ၊ အမှတ် (17,18)တွင် ဖွင့်လှစ်ထားသော ONE NINE အိမ်တွင်းမှုလုပ်ငန်းနှင့် စားသုံးကုန်မျိုးစုံဖြန့်ချိရေးအား ကျွန်တော်တို့ 555 ကုန်မျိုးစုံရောင်းဝယ်ရေးမှ ၂၃-၈-၂၀၁၃ရက်တွင် ONE NINE မိသားစုအား ဂုဏ်သိက္ခာထိခိုက်စေမည့် အပြုအမူများကို မရည်ရွယ်ဘဲ ကျူးလွန်မိပါသည်။ ထိုကိစ္စများအတွက် 555 မိသားစုမှ တာဝန်ရှိသူ ဦးရန်တီးလျံ ၁၃/လရန(နိုင်)၀၆၀၄၇၂သည် ကျူးလွန်မိသည့်အမှုကိစ္စအတွက် တောင်းပန်ပါကြောင်းနှင့် ထပ်မံမဖြစ်ပွားစေရန် တာဝန်ယူပါကြောင်း။

ဦးရန်တီးလျံ
555 **ကုန်မျိုးစုံရောင်းဝယ်ရေး**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးပိုင်အမှတ်၂၂/က၊ မြေတိုင်းရပ်ကွက်အမှတ်၅၆၊ ပါရမီလမ်း၊ ခြံအမှတ်၇ မြေကွက်ကြီးနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၁၈၂/၁၉၄၊ ရှစ်လွှာနေထိုင်သူဦးစိန်လင်း(ခ)အီစွပ်အာမက်ဂိုရာဘိုင် ၁၂/ကတတ(နိုင်)၀၂၅၃၈၂၊ ၎င်း၏ဇနီး ဒေါ်ဟဆာဘီဘီ ၁၂/ကတတ(နိုင်)၀၂၅၃၈၃နှင့် ၎င်း၏သမီး မစန္ဒာလင်း ၁၂/ကတတ(နိုင်)၀၀၁၉၀၇တို့က ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးပိုင်အမှတ် ၂၂/က၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆၊ ပါရမီလမ်း၊ ခြံအမှတ် ၇ မြေကွက်ကြီးကို ဦးစိန်လင်း(ခ)အီစွပ်အာမက်ဂိုရာဘိုင် ၁၂/ကတတ(နိုင်)၀၂၅၃၈၂က တစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားမည်သူမျှ အမွေဆက်ခံပိုင်ခွင့်မရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးစိန်လင်းတို့ မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်မာသည့်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း
တရားလွှတ်တော်ရှေ့နေ
အမှတ်၉/၁၁၊ အခန်း၃၀၁၊ တတိယထပ်၊
၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၃၁၁၂၁၁၈၊ ၀၉-၇၃၁၅၁၂၈၅



ပြည်တွင်းသတင်း

မန္တလေးကွမ်းဝင်ရောက်၍ ရခိုင်ကွမ်းရွက်ဈေးကျဆင်း

ပုဏ္ဏားကျွန်း ဩဂုတ် ၂၆

ရခိုင်ပြည်နယ်အတွင်းသို့ မန္တလေးကွမ်းရွက်များ အဆက်မပြတ်ဝင်ရောက်လာမှုကြောင့် ရခိုင်ပြည်နယ် ကွမ်းရွက်ဈေးကွက် ဈေးနှုန်းကျဆင်းသွားခဲ့ရကြောင်း ကွမ်းစိုက်တောင်သူများနှင့် ကွမ်းရွက်ရောင်းဝယ်သူများက ပြောသည်။

ပုဏ္ဏားကျွန်းမြို့နယ်သည် ရခိုင်ပြည်နယ်အတွင်း ကွမ်းရွက်၊ ငရုတ်ကောင်းနှင့် တညင်းသီးအများဆုံးထွက်ရှိသောမြို့နယ်ဖြစ်ပြီး ရခိုင်ပြည်နယ် မြို့တော်စစ်တွေ၏ ကွမ်းရွက်ဈေးကွက်ကို ထိန်းညှိပေးနိုင်သောမြို့နယ်ဖြစ်သည်။ယခင်က ဒေသထွက်ကွမ်းရွက်တစ်ပိဿာ ငွေကျပ် ၅၀၀၀ မှ ၆၀၀၀အထိရှိခဲ့ပြီး ယခု တစ်ပိဿာ ငွေကျပ် ၃၈၀၀-၄၀၀၀ ကျော်အထိသာရှိနေသဖြင့် ကွမ်းစိုက်တောင်သူများနှင့် ကွမ်းရောင်းဝယ်လုပ်ကိုင်သူများ ငွေလည်ပတ်မှုမရှိဘဲ အရောင်းအဝယ်ထိုင်းမှိုင်းနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နယ်စပ် ကွမ်းရွက်ရောင်းဝယ်မှု ဈေးကွက်လည်း မရှိသလောက်ဖြစ်နေခြင်းတို့ကြောင့် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုမရှိဖြစ်နေကြောင်း ပုဏ္ဏားကျွန်းမြို့ ကွမ်းရွက် အဝယ်ဒိုင်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

မန္တလေးကွမ်းရွက်များမှာ အရွက်ကြီးပြီး အမြင်ကောင်းသဖြင့် သာမန်အားဖြင့် လူကြိုက်များသော်လည်း လက်ရှိတစ်ပိဿာပေါက်ဈေး ငွေကျပ် ၁၅၀၀ သာရှိပြီး ကွမ်းစားရာတွင် စပ်ရှိန်းရှိန်းဖြစ်နေ၍ကွမ်းယာစားသုံးသူအများစုမှာ ရခိုင်ကွမ်းရွက်ကိုသာ ပိုမိုနှစ်သက်ကြကြောင်း ကွမ်းယာဆိုင်များမှ သိရသည်။

မည်သို့ဆိုစေ ကွမ်းရွက်စိုက်ပျိုးခြင်းလုပ်ငန်းမှာ သုံးရာသီပုံမှန်ဝင်ငွေရနေသော ရခိုင်ပြည်နယ်၏ ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း တွေ့ရမည်ဖြစ်သည်။

ညသူ

ငါး ပုစွန်သားဖောက်မွေးမြူရေးပညာသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၂၆

နေပြည်တော်ကောင်စီနယ်မြေ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးသားဖောက်/မွေးမြူရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းငါးလုပ်ငန်းစခန်း၌ ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဦးဝေ တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ငါးသားဖောက်/မွေးမြူရေးသင်တန်းကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေများတွင် တစ်ပြိုင်တည်းဖွင့်လှစ်လျက်ရှိပြီး ကျေးလက်နေပြည်သူများ ငါး ပုစွန်သားဖောက်မွေးမြူရေးပညာများ တတ်မြောက်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊အပိုဝင်ငွေရရှိစေရန်၊ ဒေသတွင်းငါးစားသုံးမှုလိုအပ်ချက်များ ပြည့်စုံမှုရှိစေရေး အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ပို့ချပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းသို့ စိတ်ပါဝင်စားသူများ၊ တပ်မတော်သားများ တက်ရောက်ခဲ့ကြပြီး သင်တန်းမှာ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၆ ရက်ထိဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီး

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၆-၈-၂၀၁၃ ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၁၆၅၀၀-၆၇၄၃၅၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၁၆၄၀၀-၆၇၄၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၆ - ၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၃ - ၁၃၁၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၅ - ၇၆၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၁ - ၃၁. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅ - ၁၅. ၈၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၃ - ၁၅၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၀ - ၂၉၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၈၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀-၃၂၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၅၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၆၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၂၀၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၈၃၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၃၀၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၂၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၁၀-၈၀၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၇၅
၈။	ကြို့ကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၅၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၀၀-၄၂၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၄၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၁၂။	သကြား	တစ်ပိဿာ	၉၇၅-၁၁၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

မိုးများ၍ ဘုရင့်နောင်ပွဲရုံအချို့ကုန်စည်ပျက်စီးဆုံးရှုံးမှုရှိ

ရန်ကုန် ဩဂုတ် ၂၆

ဩဂုတ်လနောက်ဆုံးပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းသကဲ့သို့ ထူးကဲဒီရေမြင့်တက်မှုကြောင့် ရန်ကုန်မြို့တွင်း နေရာအများအပြားတွင် ရေလွှမ်းမှုများဖြစ်ပွားရာ ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ပွဲရုံအချို့တွင် ရေဝင်ပျက်စီးဆုံးရှုံးမှုများနှင့် တွေ့ကြုံခဲ့ရသည်ဟု ပိတောက်လမ်းနေ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ မရမ်းကုန်းမြို့နယ်တွင်လည်း ၁၉၉၄ ခုနှစ်က မိုးရေချိန်စံချိန် ၅ ဒသမ ၂၈ လက်မထက်ကျော်လွန်၍ ၅ ဒသမ ၆၃ လက်မ ရွာသွန်းမှုရှိသည်ဟု ဩဂုတ် ၂၃ ရက် ကမ္ဘာ့အေးမိုးလေဝသစခန်း ထုတ်ပြန်ချက်အရသိရသဖြင့် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ထူးကဲဒီရေနှင့် သည်းထန်စွာရွာသောမိုးကြောင့်ရေလွှမ်းခဲ့ရာ ကံ့ကော်လမ်းမကြီးပေါ် သုံးနေရာ ရေကျော်ခြင်း၊ ပိတောက်လမ်း၊စိန်ပန်းလမ်း၊ ရေတမာလမ်း၊ ငုဝါလမ်းအပါအဝင် လမ်းသွယ်အများအပြားရှိ ပွဲရုံများရှေ့တွင် လမ်းလယ် ကတ္တရာလမ်းစပ်ရောက်သည်အထိ ရေလွှမ်းခဲ့ကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

၂၀၁၀ ဝန်းကျင်မှစ၍ ဘုရင့်နောင်ပွဲရုံခန်းများတွင် အုတ်စီရေတားများ ပြုလုပ်ထားသော်လည်း ဩဂုတ် ၂၂ ရက် ညနေပိုင်း ရေလွှမ်းမှုတွင် အချို့သော အုတ်စီရေတားများကျော်ကာ ပွဲရုံခန်းအတွင်း ရေဝင်ရောက်သဖြင့် ဆန်အိတ်၊ ကွမ်းသီးအိတ်အပါအဝင် ကုန်ပစ္စည်းများရေစိုပျက်စီးမှုများရှိခဲ့ကြောင်း၊ ဩဂုတ် ၂၃ ရက်တွင်လည်း ရေမြင့်တက်မှုရှိသော်လည်း ကုန် ပစ္စည်းများ ကြိုတင်ပြောင်းရွှေ့ထားခြင်းကြောင့် ကုန်ပစ္စည်းများ ပျက်စီးမှုမရှိကြောင်း၊ အချို့သောပွဲရုံခန်းများတွင် ရေတားများထပ်မံပြုလုပ်ခြင်းများကို ဩဂုတ် ၂၄ ရက်တွင် မြင်တွေ့နေရကြောင်း၊ ကံ့ကော်လမ်းမကြီးဘေးတစ်ဖက်ရှိ စားသောက်ဆိုင်များ ဆိုလျှင် ညနေပိုင်း ရေထဲတွင် ရောင်းချနေရကြောင်း မြင်တွေ့ရသည်ဟု ပွဲရုံလုပ်ငန်းရှင်များက ဆိုသည်။

ခင်ဆိုင်

ASIAN WINGS လေကြောင်းလိုင်း ပုံမှန်ပြေးဆွဲ

တာချီလိတ် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဩဂုတ် ၂၅ ရက်က လားရှိုးမြို့လေဆိပ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရာသီဥတုကောင်းမွန်မှုမရှိသဖြင့် ASIAN WINGS လေကြောင်းလိုင်းမှ လေယာဉ်သည် တာချီလိတ်မြို့ လေဆိပ်၌ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

ထွက်ခွာ

ASIAN WINGS လေကြောင်းလိုင်းသည် ဩဂုတ် ၂၅ ရက်က တာချီလိတ်မြို့မှ လားရှိုးမြို့သို့ ပျံသန်းထွက်ခွာမည်ပြုစဉ် လားရှိုးမြို့လေဆိပ်၌ မိုးသည်းထန်စွာရွာသွန်း၍ ရာသီဥတုကောင်းမွန်မှုမရှိသဖြင့် လေယာဉ်ဆင်းသက်မှု ပြုလုပ်၍မရသောကြောင့် တာချီလိတ်မြို့လေဆိပ်၌ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်မှ ညနေ ၄ နာရီအထိ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းမှုပြုလုပ်ခဲ့ပြီး ရာသီဥတုအခြေအနေ ပြန်လည်ကောင်းမွန်လာသဖြင့် တာချီလိတ်မြို့မှ လားရှိုးမြို့သို့ လိုက်ပါမည့် လေယာဉ်ခရီးသည် ၃၉ ဦးကိုတင်ဆောင်ပြီး ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပျံသန်းထွက်ခွာသွားကြောင်း သိရသည်။

(လ/၀၁၅)

ငါးရစ် ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ မြောင်မြို့နယ် လမ်းလုပ်ငန်းများတွင် ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများနှင့် သံချောင်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	(က) ခွဲကျောက်မျိုးစုံ	၁၄၉၄·၀၀ ကျင်း
	(ခ) ဂျင်းမြေ	၃၇၂·၀၀ ကျင်း
	(ဂ) သံချောင်းရှယ်စုံ	၁၃·၅၄၃ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၂-၉-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၈-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၇၂-၂၂၂၃၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဘိလပ်မြေ	၂၈၅ တန်
၂။	သံချောင်းရှယ်စုံ	၇၄ တန်
၃။	အုတ်	၂၉၆၇၅၀ ချပ်
၄။	အင်သစ်	၆၄ တန်
၅။	သစ်မာ	၅၈ တန်
၆။	မြစ်သဲ	၇၂၀ ကျင်း
၇။	မြစ်ကျောက်စရစ်	၂၂၅ ကျင်း
၈။	ခွဲကျောက်မျိုးစုံ	၄၂၆၂ ကျင်း
၉။	ဒီဇယ်ဆီ	၆၀၀၀ ဂါလန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၀-၉-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅:၀၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို မုံရွာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ၂၇-၈-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၇၁-၂၁၀၁၆

‘ကံကောင်း’

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁) အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။

(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

မန်စီးတီးတို့ အရှုံးနဲ့မိတ်ဖွဲ့ခဲ့ရပြီ

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၂) လက်ကျန်ပွဲစဉ်တွေကို ဩဂုတ် ၂၅ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ မန်စီးတီးတို့က အဝေးကွင်းမှာ တန်းတက်ကာဒစ်ကို ရှုံးပွဲကြုံတွေ့ခဲ့ရပေမယ့် စပါးက ဆွမ်ဆီးကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရအောင်ကစားနိုင်ခဲ့ပါတယ်။



ကာဒစ်နှင့် မန်စီးတီး

တန်းတက်ကာဒစ်ဟာ မန်စီးတီးကို မာမာတင်းတင်းတုံ့ပြန်ကစားခဲ့ပြီး မန်စီးတီးတိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုတွေကိုလည်း ကြိုးစားဟန့်တားခဲ့ပါတယ်။ မန်စီးတီးဟာ ဒီပွဲမှာ အဂူရို၊ ဒီဇီကို၊ ဆေးလ်ဗား၊ နီဂရီဒိုစတဲ့ ကစားသမားတွေနဲ့ပွဲထွက်ခဲ့ပြီး ကာဒစ်ကို ဖိအားပေးကစားခဲ့ပါတယ်။ မန်စီးတီးဟာ ပထမပိုင်းပွဲချိန် အတွင်းမှာ ဂိုးသွင်းခွင့်တွေရရှိခဲ့ပေမယ့် အဆုံးသတ်မပိုင်နိုင်ခဲ့လို့ ဂိုးတွေမရရှိခဲ့ပါဘူး။

ဒုတိယပိုင်းပွဲချိန် ၅၂ မိနစ်ရောက်မှသာ ဒီဇီကိုက မန်စီးတီးအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ မန်စီးတီးတို့ အဖွင့်ဂိုး သွင်းယူခဲ့ပေမယ့် ကာဒစ်တို့က ချေပဂိုးရရှိရေး ကြိုးစားခဲ့တာမို့ ပွဲချိန် မိနစ် ၆၀ မှာ ဂန်နာဆန်က ချေပဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

ဆက်လက်ပြီး ကာဒစ်တို့က မန်စီးတီးရဲ့တိုက်စစ်ကို ဟန့်တားရင်း ဂိုးရရှိရေးကြိုးစားခဲ့တာမို့ ပွဲချိန် ၇၉ မိနစ်မှာ ကမ်းဘဲလ်က ကာဒစ်အတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ကာဒစ်တို့ရဲ့ ဦးဆောင်ဂိုးသွင်းယူခံလိုက်ရတဲ့ မန်စီးတီးဟာတိုက်စစ်မြင့်တင်ခဲ့ပေမယ့် ကာဒစ်နောက်တန်းခံစစ်မှူးတွေက သိပ်သိပ်သည်းသည်း အမှားအယွင်းနည်းနည်းနဲ့ ကစားခဲ့တာမို့ မန်စီးတီးတို့အရာမထင်ခဲ့ပါဘူး။

ဆက်လက်ပြီး ပွဲချိန် ၈၇ မိနစ်မှာ ကမ်းဘဲလ်က တစ်ဂိုးသွင်းယူခဲ့ပြန်တာမို့ ကာဒစ်တို့သုံးဂိုးရရှိသွားခဲ့ပါတယ်။ ကာဒစ်ဟာ အိမ်ကွင်းမှာ ကစားအားတက်ပြီး ခြေစွမ်းပြနိုင်ခဲ့တာမို့ မန်စီးတီးတို့ချေပဂိုးရရှိရေး ခက်ခဲခဲ့ပါတယ်။ ပွဲချိန် မိနစ် ၉၀ မှာ နီဂရီဒိုက မန်စီးတီးအတွက် ချေပဂိုးတစ်ဂိုး သွင်းယူခဲ့တာမို့ ပွဲအပြီးမှာ ကာဒစ်က သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။ မန်စီးတီးတို့ကတော့ ဒီနှစ် ပရီမီယာလိဂ်မှာ ရှုံးပွဲကို စတင်ထိတွေ့ခံစားခဲ့ရပြီဖြစ်ပါတယ်။

စပါးနှင့် ဆွမ်ဆီး

ဂါရက်ဘေးလ်မပါတဲ့ စပါးဟာ ဆွမ်ဆီးကို နိုင်ပွဲရအောင် ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ စပါးအသင်းဟာ ပထမပိုင်းပွဲချိန်အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲချိန် ၅၈ မိနစ်မှာ ပယ်နယ်တီရရှိခဲ့ပါတယ်။ အဲဒီပယ်နယ်တီကို စပါးရဲ့ ဆိုလ်ဒါဒိုက သွင်းယူခဲ့တာမို့ စပါးတို့ တစ်ဂိုးရရှိခဲ့ပါတယ်။ အဲဒီဂိုးသွင်းပြီးနောက် ဆက်လက်ဂိုးမသွင်းနိုင်တော့ဘဲ ပွဲအပြီးမှာ စပါးက တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။ ။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ပီအက်စ်ဂျီအသင်းသည် နယူးကာဆယ် ကွင်းလယ်ကစားသမား ကာဘာရီကို ပေါင် ၁၇ သန်းဖြင့် စာချုပ်တော့မည်ဖြစ်သည်။
- ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာသည် အာဆင်နယ်သို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ၄င်း၏ အေးဂျင့်ဖြစ်သူက ပြောကြားသည်။
- စတုတ်၊ ကာဒစ်နှင့်ဆွမ်ဆီးအသင်းများက အသက် ၃၂ နှစ်အရွယ်ရှိ ဝက်စ်ဘရွန်း တိုက်စစ်မှူး အိုဒမ်ဝင်ဂီကို အပြိုင်ခေါ်ယူလျက်ရှိသည်။
- ချယ်လ်ဆီးက မန်ယူတိုက်စစ်မှူး ရွန်းနေကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ ပေးမည်ဟု ကမ်းလှမ်းလိုက်သည်။

နိုင်ငံတကာအားကစားသတင်း

ဘာစီလိုနာတို့နိုင်ပွဲဆက်

စပိန်လာလီဂါ လက်ရှိချန်ပီယံဘာစီလိုနာအသင်းသည် ဩဂုတ် ၂၅ ရက်က မာလာဂါကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်သဖြင့် ရာသီအစအနိုင်ရမှုရာနှုန်းပြည့် အစကောင်းနေဆဲဖြစ်သည်။ ဘာစီလိုနာအတွက် တစ်လုံးတည်းသောဂိုးကို နောက်တန်းလူအက်ဒရီယာနိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘရာဇီးကစားသမား အက်ဒရီယာနိုသည် ပွဲချိန် ၄၄ မိနစ်တွင် သွင်းယူခဲ့သည်။ မာလာဂါမှ ဖတ်ဘရစ်အိုလင်ဂါ ကန်သွင်းသောဘောလုံးမှာ ဂိုးတိုင်ထိမှန် ပြန်ထွက်သွားသဖြင့် မာလာဂါတို့ တစ်ဂိုးနစ်နာခဲ့ရသည်။ ဖာနန်ဒက်သွင်းယူသောဂိုးမှာလည်း ဘာစီလိုနာဂိုးသမားဗစ်တာဗယ်ဒက် ကာကွယ်ပေးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မက်ဆီဒဏ်ရာရနေ၍ မပါဝင်နိုင်သော်လည်း နေမာ လူစားပါဝင်ကစားခဲ့သည်။

ဘင်နီတက်ဇ်၏နာပိုလီ နိုင်ပွဲစတင်

အီတလီစီးရီးအေပြိုင်ပွဲများကို ဩဂုတ် ၂၅ ရက်က ယှဉ်ပြိုင်ကစားရာ ရာဖေးလ်ဘင်နီတက်ဇ်၏ နာပိုလီအသင်းသည် ဘိုလော့နာအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ စပိန်နိုင်ငံသား ဘင်နီတက်ဇ်သည် ပြီးခဲ့သောစီးရီးအေရာသီက ဒုတိယရသော နာပိုလီအသင်းသို့ မေလက ပြောင်းရွှေ့ခဲ့သည်။ ချယ်လ်ဆီး ယာယီနည်းပြ သက်တမ်းကုန်ဆုံးပြီးနောက် နာပိုလီသို့ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ နာပိုလီအတွက် ဂိုးများကို ဟိုဆေးကာလီဂျွန်နှင့်ဟမ်ဆစ်တို့က သွင်းယူပေးခဲ့ကြသည်။ နာပိုလီအသင်းသည် တစ်ချိန်လုံး ဘိုလော့နာအသင်းကို ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် လီဗာပူးမှ အငှားခေါ်ယူထားသော ဂိုးသမားကြီး ရေနာကိုလည်း နည်းပြ ဘင်နီတက်ဇ်က စတင်ပွဲထုတ်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

အမှတ်(၂၄/၂၆)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင်
မြဝတီဘဏ်ရုံးချုပ်၏ဘဏ်လုပ်ငန်းများကို ဆောင်ရွက်နေရာမှ
Myawaddy Bank Luxury Complex
အမှတ်(၁၅၁)၊ (၈) ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဝါးတန်းလမ်းထောင့်
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ သို့
(၉. ၉. ၂၀၁၃)ရက်မှ စတင်ပြောင်းရွှေ့၍
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို လုပ်ကိုင်မည်ဖြစ်ပါကြောင်း
မိတ်ဆွေသူများအား သတင်းကောင်းပါးအပ်ပါသည်။

Myawaddy Bank Luxury Complex
ဖုန်း - (၀၁) ၂၃၀၁၃၆၇၊ ၂၃၀၁၃၆၈

Myawaddy Bank (Sule)
ဖုန်း - (၀၁) ၂၅၆၀၅၇၊ ၂၅၆၀၅၉၊ ၃၈၀၇၀၃

email: mwdbankygn@mptmail.net.mm

ကြော်ငြာ

မြန်မာပြည်မှာ ပထမဆုံး အသံထွက် အက်ဆေး စာအုပ်
အင်္ဂလိပ်စာ ဆရာဘဝ နှစ်(၄၀)ပြည့် အထိမ်းအမှတ်
ဂုဏ်ထူး ဦးအောင်ဒိုင်
တစ်ပုဒ်ကို သရုပ်ဖော်ပုံ တစ်ပုံစီပါတဲ့ အထူးခြားဆုံး ရောင်စုံ ESSAYS & LETTERS စာအုပ်ကို
အသံထွက်ပါ နားထောင်ပြီး အလွယ်တကူ ဖတ် မှတ် လေ့လာ နိုင်စေဖို့ CD ချပ်နဲ့အတူ ထွက်ပါပြီ။
ဖြန့်ချိရေး → ၂၄၂ ပန်းဆိုးတန်းလမ်း ရန်ကုန်။ 01 252 919

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းရှိ မြန်မာ့လေကြောင်း၊ စက်မှုလုပ်ငန်းဌာနတွင် ဆောင်ရွက်ဆဲဖြစ်သည့် လေယာဉ်ရုံအဆောက်အအုံ တတိယအဆင့် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အထက်ပါလုပ်ငန်းနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ ပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း မြန်မာ့လေကြောင်း(ရုံးချုပ်)၊ အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ၂၉-၈-၂၀၁၃ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်များကို ဆောက်လုပ်ရေးလုပ်ငန်းကော်မတီ ဖုန်း-၀၉-၄၃၀၃၉၁၇၁၊ ၀၉-၄၃၀၃၉၁၄၅ တို့သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့လေကြောင်း

မွေးသက္ကရာဇ်အမှန်

ဦးကျော်နိုင်၏သား ရန်ကုန်မြို့၊ တက္ကသိုလ်ဝင်တန်း အထက(၆)အလုံ(B) မှ မောင်ပြည့်ဖြိုးမောင်၏မွေးသက္ကရာဇ် အမှန်မှာ ၂၆-၁၁-၁၉၉၇ ဖြစ်ပါသည်။

DMA အသိအမှတ်ပြု O.O.W နှင့် Chief Mate
ECDIS နှင့် RADAR / ARPA သင်တန်းများ
ကပ္ပတိန်စမ်းမိုးအောင် (ကျောင်းအုပ်ကြီး)
(Master Mariner, Fleetwood,U.K.), နှင့်
သင်ကြားမှုပိုင်ရှင်ကပ္ပတိန်ကြီးများ၊ Ph.D Instructor များ စုစည်း
သင်ကြားမည်။ ပြည်တွင်း၊ စက်တင်ဘာနှင့်အောက်တိုဘာလများအတွင်း
ကြိုတင်စာရင်းသွင်း (သို့) သင်တန်းတက်ရောက်သူများအတွက်
SUCCESS MARITIME ACADEMY
20% Discount
No.(131), Bogalayzay Street
Ph: 256954, 203046, 393048

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (အဆင့်မြင့်)၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈U10၊ မြေကွက်အမှတ် ၂၂၆၊ အကျယ်အဝန်း ၀ ဒသမ ၁၁၀ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ထားသူ ဒေါ်လူစီ ၉/မရတ(နိုင်)၁၀၆၈၀၄ ၏ တူဖြစ်သူ ဦးစောနိုင် ၆/ခအဇ(နိုင်) ၀၀၀၅၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L၊ **အထက်တန်းရှေ့နေ**
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖက်(စ်)-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် တ/၈၇၊ အကျယ်အဝန်း (အလျားပေ ၄၀×အနံပေ ၁၀၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ထားသူ ဦးငွေးမြင့် EMGI-၁၀၇၉၆၀ထံမှ အရပ်ကတိစာချုပ်အရ ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးစိုးသိုက် ၆/မအရ(နိုင်)၀၉၇၉၅၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L၊ အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖက်(စ်)-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

၂၃-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၂၅-၈-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာတို့တွင် တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဦး၏ အများသိစေရန် ပြန်လည်ကြေညာချက်ကို ရုပ်သိမ်းပေးရန်နှင့် အများသိစေရန် ရှင်းလင်းကြေညာခြင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ ကွင်းအမှတ် (၁၁၅၅)၊ လာဂမို့ကွင်း၊ ဦးပိုင်အမှတ် (N-၂၆/၁)၊ မြေဧရိယာ ၀ဒသမ၉၀ဧကရှိ မြေကွက်ကို ၆-၃-၂၀၁၃ရက်တွင် ပဲခူးတိုင်းဒေသကြီး မြို့ကွက်မြေနေရာချထားရေးကော်မတီမှ ဦးသန်းမြင့် ၇/ပခန(နိုင်)၀၁၁၆၅၄ အား မြေနေရာချထားပေးခဲ့ခြင်းဖြစ်ပြီး ဒေါ်နှင်းဆီမှာ တွဲဖက်ပိုင်ရှင်မဟုတ်ပါ။ ၂၄-၆-၂၀၁၂ရက်က ဒေါ်မြင့်မြင့်ရီနှင့် ဦးသန်းမြင့်တို့ ချုပ်ဆိုခဲ့သည်ဆိုသောစာချုပ်မှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့်အပြင် ဒေါ်မြင့်မြင့်ရီဘက်မှ စတင်ဖောက်ဖျက်ခဲ့ခြင်းသာ ဖြစ်ပါသည်။ မြေပုံမြေရာဇဝင်ကူးပြီး စာချုပ်ချုပ်ဆိုလွှဲအပ်၍ ကျန်ငွေပေးချေရန်နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းမရှိပါ။ ဒေါ်နှင်းဆီနှင့် ဦးသန်းမြင့်တို့မှာ ပဲခူးမြို့တွင် အခြေချနေထိုင်ကာ ကိုယ်ပိုင်စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်နေသူများဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်အတွက် မြေရာဇဝင်ကူးယူခြင်း မဆောင်ရွက်ဘဲ မရိုးမဖြောင့်သောသဘောဖြင့် အကြောင်းအမျိုးမျိုးပြ၍ တိမ်းရှောင်လျက်ရှိကြောင်း စွပ်စွဲဖော်ပြခဲ့သည့် ကြေညာချက်သည် မှန်ကန်မှုမရှိပါသဖြင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဦးအားတောင်းဆိုလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်မင်းစိုး	**ဦးရာဇာနိုင်(စဉ်-၃၄၆၀၂)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၃၇)	**ဒေါ်ယဉ်မင်းသူ (စဉ်-၃၉၂၁၆)**
အမှတ် ၁၄၇၉၊ ဆိုရှယ်လစ် ၁၄လမ်း၊	**ဦးစိုးသီဟ(စဉ်-၄၁၉၆၇)**
ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။	**အထက်တန်းရှေ့နေများ**

ရောင်းချရန်ကြော်ငြာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖျာပုံခရိုင်တရားရုံးတော်
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၁၇

မြဝတီဘဏ်လီမိတက်	**နှင့်**	၁။ ဦးအေး
[၄င်းဘဏ်၏ကိုယ်စား အခွင့်ရ		၂။ ဒေါ်ခိုင်ခိုင်အေး (တူမ)
ကိုယ်စားလှယ်-ဒေါ်သက်သက်မာ(မန်နေဂျာ)]		
တရားနိုင်		**တရားရှုံးများ**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်တရားရုံး၏ ၂၀၁၂ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၀ အမှုတွင် တရားနိုင်ဘဏ်ကရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးများပိုင် အောက်ဖော်ပြပါ ပစ္စည်းများအား ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၆ ရက် (၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ကျေးရွာအုပ်စု-သလိပ်ကြီး၊ ကွင်းအကွက်အမှတ်နှင့်အမည် ၄၅၂N/A၊ အုန်းပင်အရှေ့ကွင်း၊ ဦးပိုင်အမှတ် ၆/၃+၇၊ မြေဧရိယာ ၂ ဒသမ ၇၈ ဧကရှိ ဦးအေး၊ ဒေါ်ခိုင်ခိုင်အေးအမည်ပေါက် လ/န-၃၉ ဆန်စက်မြေနှင့် ယင်းမြေပေါ်ရှိ ရွှေပြည်မိုးဆန်စက်၊ ဦးပိုင်အမှတ် ၆/၃+၇၊ ကွင်းအကွက်အမှတ် ၄၅၂N/A၊ အုန်းပင်အရှေ့ကွင်း၊ သလိပ်ကြီးကျေးရွာအုပ်စု၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးဟု ခေါ်တွင်သည့် ခြံဝင်းအတွင်းရှိ အဆောက်အအုံများအားလုံးနှင့် အခြားအကျိုးခံစားခွင့်များ နှင့် ပူးတွဲပါစက်ပစ္စည်းများအားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၂၉၈၀ တိတိ။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်စည်းကမ်းချက် အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေလေးညို)
ခရိုင်တရားသူကြီး
ဖျာပုံခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လူနေရပ်ကွက်အမှတ်-လေဆိပ်ဝန်းကျင် ဖွံ့ဖြိုးရေးစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁-က)၊ မြေကွက်အမှတ်(၄၄/ခ)အကျယ် (အလျား × အနံ ၅၅')နှင့်မြေကွက်အမှတ်(၄၃/က)၊ အကျယ်(အလျား ၃၈'× အနံ ၅၅')အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော(အရှေ့ဘက်ခြမ်း)(အလျား ၁၃'× အနံ ၅၅')ရှိ နှစ် ၆၀ဂရန်မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အိမ်သုံးလုံးအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဥမ္မာကျော် ၁၂/မဂဒ(နိုင်)၀၁၃၆၄၀ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B,D.B.L၊ အထက်တန်းရှေ့နေ
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖက်(စ်)-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ရောင်းချရန်ကြော်ငြာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖျာပုံခရိုင်တရားရုံးတော်
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၂၂

မြဝတီဘဏ်လီမိတက်	**နှင့်**	၁။ ဦးမောင်ကျော်ကျော်
[၄င်းဘဏ်၏ကိုယ်စား အခွင့်ရ		၂။ ဒေါ်သန်းသန်းငွေ
ကိုယ်စားလှယ်-ဒေါ်သက်သက်မာ(မန်နေဂျာ)]		
တရားနိုင်		**တရားရှုံးများ**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်တရားရုံး၏ ၂၀၁၂ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၈ အမှုတွင် တရားနိုင်ဘဏ်ကရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးများပိုင် အောက်ဖော်ပြပါပစ္စည်းများအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မိကျောင်းအိုင်၊ မြေကွက်အမှတ် ၂၀၂/က၊ မိကျောင်းအိုင်ကွင်း၊ ဦးပိုင်အမှတ် ၄/၃၊ မြေဧရိယာ ၂ ဒသမ ၅၄ ဧကရှိ ဦးမောင်ကျော်ကျော် အမည်ပေါက် လ/န-၃၉ ဆန်စက်မြေနှင့် ယင်းမြေပေါ်ရှိ ကောင်းကျော်ဆန်စက်၊ စက်အမှတ် ၁၁၄၂၊ မိကျောင်းအိုင်ကျေးရွာ၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးဟု ခေါ်တွင်သည့် ခြံဝင်းအတွင်းရှိ အဆောက်အအုံများအားလုံး၊ အခြားအကျိုးခံစားခွင့်များအားလုံးနှင့် ပူးတွဲပါစက်ပစ္စည်းများအားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀၀ တိတိ။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်စည်းကမ်းချက် အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေလေးညို)
ခရိုင်တရားသူကြီး
ဖျာပုံခရိုင်တရားရုံး

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သဲကုန်းရွာအနီးတွေ့ရှိရသည့် သတ္တဝါနှစ်ကောင်အရိုးစုများ သုတေသနပြုမည်

မိတ္ထီလာ ဩဂုတ် ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ညောင်ကန်ကျေးရွာအုပ်စု သဲကုန်းကျေးရွာအနီးတွင် တွေ့ရှိခဲ့သော သတ္တဝါနှစ်ကောင်၏ အရိုးစုများကို ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနပညာရှင်များနှင့် ပူးပေါင်းပြီး သုတေသနပြုလေ့လာသွားမည်ဖြစ်သည်ဟု မိတ္ထီလာတက္ကသိုလ် သတ္တဗေဒဌာနမှူး ပါမောက္ခ ဒေါ်မေသက်ဦးက ပြောသည်။

သတ္တဝါနှစ်ကောင်၏ အရိုးစုများကို ရှာဖွေတွေ့ရှိ ထိန်းသိမ်းထားသူ ညောင်ကန်ကျေးရွာအုပ်စု သဲကုန်းကျေးရွာက ဒေါ်သန်းနှင့်သားဖြစ်သူ စိုးမြင့်နိုင်တို့က ၎င်းအရိုးစုများကို မိတ္ထီလာတက္ကသိုလ် သတ္တဗေဒဌာနပါမောက္ခဒေါ်မေသက်ဦးနှင့် တာဝန်ရှိသူများထံသို့ ဩဂုတ် ၂၄ ရက်နံနက်က လွှဲပြောင်းပေးအပ်ခဲ့သည်။ **(ယာပုံ)**

ဩဂုတ် ၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ ၌ နဂါးနှစ်ကောင်၏ အရိုးများနှင့် ဆင်တူသည့် အရိုးစုများတွေ့ရှိ သတင်းကို ဓာတ်ပုံနှင့်တကွ ထင်ထင်ရှားရှား ဖော်ပြပေးခြင်းကြောင့် ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနက တာဝန်ရှိသူများ ဖတ်မိပြီး အရိုးစုများ၏ ထူးခြားမှု၊ အရိုးဖွဲ့စည်းပုံ ထူးခြားခြင်းကြောင့် သတ္တဝါမျိုးစိတ်သစ်ဖြစ်နိုင်ကြောင်း ယူဆကာ သုတေသနပြု လေ့လာမည်ဖြစ်ကြောင်း၊ သုတေသနပြု လေ့လာကြည့်ပြီးနောက် သတ္တဝါမျိုးစိတ်သစ်ဖြစ်နေပါက နိုင်ငံအတွက် အကျိုးကျေးဇူးရှိသည့် တွေ့ရှိမှုတစ်ခုဖြစ်လာနိုင်ကြောင်း သိရသည်။

အဆိုပါ အရိုးစုများကို မိတ္ထီလာတက္ကသိုလ် သတ္တဗေဒဌာနတာဝန်ရှိသူများ သာမန်လေ့လာကြည့်ရာတွင် ဦးခေါင်းရိုးမပါရှိဘဲ ကြီးမားပြီး ထူးခြားသည့် အရိုးဖွဲ့စည်းပုံကို တွေ့ရှိရပြီး မည်သည့်သတ္တဝါမျိုးဖြစ်သည်ကိုမူ စနစ်တကျအချိန်ယူသုတေသနပြု လေ့လာသွားမှ သိနိုင်မည်ဖြစ်ကြောင်းသိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဘဝအမောပြေ

ကူညီလို့ တော်သေးတာပေါ့

နံနက်ခင်းမှာပင် မင်္ဂလာပွဲပြုလုပ်ထားသော ပူပူနွေးနွေးသတို့သမီးလေးမှာ ညဘက်အရောက် ပျောက်ချင်းမလှပျောက်သွားလေသည်။ သတို့သားနှင့် မိဘဆွေမျိုးတို့မှာ အိပ်မပျော်နိုင်ဘဲမိုးလင်းခဲ့ရာ နံနက်ခင်း စောစောစီးစီးတွင် သတို့သမီးပြန်ရောက်အလာ-

သတို့သား ။ ။ မင်း ဘယ်တွေသွားလို့ ဘာလုပ်နေလဲ၊ ပြောစမ်းပါဦး။

သတို့သမီး ။ ။ ပြောပါ့မယ် အစ်ကိုရယ်။ ကျွန်မကို ဗေဒင်ဟောထားတာရှိလို့ သွားတာပါ။

သတို့သား ။ ။ ဘာ-ဗေဒင်ဆရာက ဒီလိုညမှာ မင်းကိုအပြင်ထွက်အိပ်ရမယ် မှာထားလို့လား။

သတို့သမီး ။ ။ မဟုတ်ပါဘူး။ ဗေဒင်ဆရာက ပြောတယ်။ ကျွန်မက ဒုတိယအိမ်ထောင်နဲ့မှ မြဲမယ်လို့ ပြောပါတယ်။ ဒါကြောင့် ရှင်နဲ့ အကွဲမခံနိုင်လို့ ကျွန်မညတွင်းချင်းပဲ ပထမအိမ်ထောင်ထူလိုက်ရပါတယ်။ ကံကောင်းတာက အဲဒီဗေဒင်ဆရာက ကူညီလို့ တော်သေးတာပေါ့။

သတို့သား ။ ။ ဘာကွ။

ထက်မြတ်ကြယ်စင်

ပျဉ်းမနား ဩဂုတ် ၂၆

ပျဉ်းမနားမြို့၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဥယျာဉ်စုအုပ်စု ဦးကျေးရွာတွင် အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုဘိုးဘွားများကို လူငယ်များအဖွဲ့က ကြီးမှူး၍ သက်ကြီးပူဇော်ပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲက ဦးကျေးရွာရှိ ငြိမ်းချမ်းရေး သာရေး၊ နာရေး၊ လူမှုအဆောက်အအုံ၌ ကျင်းပခဲ့သည်။

ပေးအပ်

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် "Peace For Youth" အဖွဲ့ သက်ကြီးပူဇော်ပွဲ သဘာပတိ ဦးဝင်းဖေက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်က အမှာစကားပြောကြားသည်။ အစီအစဉ်အရ ဦးကျော်လွင်က သက်ကြီးဘိုးဘွားပူဇော်ပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အသက် ၇၀ နှင့်အထက် ဘိုးဘွား ၁၅၀ ကို အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများ ဂုဏ်ပြုပေးအပ်ရာ သက်ကြီးဘိုးဘွားများကိုယ်စား ဘိုးဘွားနှစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၂၃ ရက်က ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများကို နံနက်စာအာဟာရကြက်သားဆန်ပြုတ်တိုက်ကျွေးစဉ်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	012/HIE (2)/HI (21)/ M & E/ 2013-2014	Mechanical & Electrical Spare Parts (192 Items) for No.21 Heavy Industry (Thaton)
(ခ)	013/HIE (2)/HI (22)/ M & E/ 2013-2014	Mechanical & Electrical Spare Parts (57 ltems) for No.22 Heavy Industry (Belin)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့်အသေးစိတ်အချက်အလက်များကို ၂၇-၈-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၉-၂၀၁၃ရက် ၁၃:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၅၁

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၈-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ(ဃ)ပါ အိတ်ဖွင့်တင်ဒါ ကျန်းမာရေးကြော်ငြာတွင် တင်ဒါပိတ်ရက်အား ၂၆-၉-၂၀၁၃ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံတက္ကသိုလ် တတိယနှစ် ရူပဗေဒအထူးပြုဖြင့် တက်ရောက်နေသော မဝါဝါခိုင်(ခ)မခိုင်ဝါဝါငွေး ၃/ကကရ(နိုင်)၁၄၆၇၄၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မဝါဝါခိုင်(ခ)မခိုင်ဝါဝါငွေး

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက တညောင် တက္ကသိုလ်ဝင်တန်း(B)တွင် ပညာသင်ကြားနေသော မနွယ်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးတင်ဝမ်း ၈/စလန(နိုင်)၀၁၇၂၀၅ ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မီတာများအား ဆီးလ်ခတ်ရန်အတွက် လိုအပ်သော Meter Seal With Wire(400000)Nos ကို မြန်မာကျပ်ငွေ(kyat)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပိတ်မည့်ရက် - ၂-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-ဖက်စ်-၀၆၇-၄၁၁၀၆၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ စစ်ကိုင်းကျေးရွာအနီးအတွင် နစ်မြုပ်လျက်ရှိသော (CB-9)ကုန်တွဲရေယာဉ်တစ်စင်းအား ဆယ်ယူရန်အတွက် ပြင်ပသင်္ဘောဆယ်ယူရေးအဖွဲ့အား ငှားရမ်းအသုံးပြုလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ၂-၉-၂၀၁၃ ရက်မှ ၁၃-၉-၂၀၁၃ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း အထွေထွေမန်နေဂျာ (သာကေတကမ်းလွန်ရေနံ အခြေစိုက်စခန်း) ဖုန်း-၀၁-၅၄၂၇၃၂၊ ၀၁-၅၄၅၇၄၀တွင် စုံစမ်းမေးမြန်းနိုင်ပြီး အိတ်ဖွင့်တင်ဒါပုံစံများကို လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၉-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် တင်ဒါရွေးချယ်ရေးအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ ရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

လျှပ်စစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်း၊ သတ္တုထည့်အိတ်ခွံနှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့် ဆေးဝါးပစ္စည်း၊ Printer/Copier/Fax/Computer ဆက်စပ်ပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်း၊ စက္ကူနှင့် စာရေးကိရိယာပစ္စည်း၊ စက်ဆီ/ချောဆီပစ္စည်း၊ Tyre & Battery ပစ္စည်း၊ ရုံးအသုံးအဆောင်/ဧည့်ရိပ်သာသုံးပစ္စည်းများ၊ သုတ်ဆေးများနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၆-၈-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၃-၉-၂၀၁၃ ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာနှင့် နယ်စီမံကိန်း/ရုံးခွဲများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

(က) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၁
(ခ) နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး (ပျဉ်းမနား)၊ ပုဗ္ဗသီရိမြို့နယ်။ ဖုန်း-၀၆၇-၂၂၁၂၆
(ဂ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၅၆-၂၁၀၂၉
(ဃ) အထွေထွေမန်နေဂျာ (တနင်္သာရီတိုင်းဒေသကြီး)ရုံး၊ ထားဝယ်မြို့။ ဖုန်း-၀၅၉-၂၁၁၀၀
(င) ဒုအထွေထွေမန်နေဂျာ (တနင်္သာရီတိုင်းဒေသကြီး)ရုံး၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၂၉၄
(စ) အထွေထွေမန်နေဂျာရုံး (ကယား၊ ရှမ်း၊ မန်း)မန္တလေးမြို့။ ဖုန်း-၀၂-၅၉၈၇၅
(ဆ) ကယားပြည်နယ်၊ မော်ချီးသတ္တုတွင်းစီမံကိန်း၊ လွိုင်ကော်ရုံးခွဲ၊ လွိုင်ကော်မြို့။ ဖုန်း-၀၈၃-၂၁၀၇၆
(ဇ) စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းစီမံကိန်းရုံး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၂၉၇၀
(ဈ) အထွေထွေမန်နေဂျာရုံး (ကချင်ပြည်နယ်)၊ မြစ်ကြီးနားမြို့။ ဖုန်း-၀၇၄-၂၆၃၀၄

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ် အကောက်ခွန်ဦးစီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီးဌာနများအား ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) မြဝတီမြို့နယ်အကောက်ခွန်ဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ၊ နှစ်ထပ် RC အဆောက်အအုံဆောက်လုပ်ခြင်း
(ခ) ဘားအံမြို့နယ်အကောက်ခွန်ဦးစီးဌာန ကုန်လှောင်ရုံ RC အုတ်ညှပ်အဆောက်အအုံဆောက်လုပ်ခြင်း

၂။ သို့ဖြစ်ပါ၍ စိတ်ဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ ဆောက်လုပ်ရမည့်ပုံစံ၊ အတိုင်းအတာ အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ကရင်ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ဘားအံမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၈-၂၀၁၃ ရက်
တင်ဒါပုံစံရောင်းချမှုနောက်ဆုံးရက် - ၂၂-၉-၂၀၁၃ ရက်၊ ၁၆:၀၀ နာရီ

၄။ အသေးစိတ်သိလိုသော အချက်အလက်များအား တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ ဖုန်း-၀၅၈-၂၃၂၂၈ သို့လည်းကောင်း၊ ကရင်ပြည်နယ်အကောက်ခွန်ဦးစီးဌာန ဖုန်း-၀၅၈-၂၁၈၀၈ သို့လည်းကောင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
ကျွမ်းကျင်မှုမြှင့်တင်ရေး၊ သင်တန်းနှင့်လက်မှတ်ထုတ်ပေးရေးဌာန
လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အဦ)သင်တန်း ၄/၂၀၁၃

သင်တန်းသားခေါ်ယူခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် လုပ်ငန်းခွင်ဝင်ရောက်မည့် အင်ဂျင်နီယာများအတွက် လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အဦ)သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ(အဆောက်အဦ)လက်မှတ် ထုတ်ပေးမည်ဖြစ်ပါသည်။

သင်တန်းအမည် - လုပ်ငန်းခွင်ဆောက်လုပ်ရေးအင်ဂျင်နီယာ (အဆောက်အဦ)
သင်တန်းကာလ - ၄ ပတ်
သင်ကြားမည့်သင်တန်းသားဦးရေ - ၅၀
သင်တန်းသား၏အရည်အချင်း - AGTI, B.Tech, BE (Civil, Archi)
သင်တန်းဖွင့်လှစ်မည့်ရက် - ၁၀-၉-၂၀၁၃ ရက်
လျှောက်လွှာပိတ်ရက် - ၇-၉-၂၀၁၃ ရက်
မှတ်ချက်။ ။သင်တန်းတက်ရောက်မည့်သူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်(Member)များ ဖြစ်ရမည် ဖြစ်ပါသည်။ (အသင်းဝင်များ မဖြစ်သေးပါက သင်တန်းမတက်ရောက်မီ လျှောက်ထားနိုင်ပါသည်။)

ကျွမ်းကျင်မှုမြှင့်တင်ရေး၊ သင်တန်းနှင့်လက်မှတ်ထုတ်ပေးရေးဌာန
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အဦ၊ လှိုင်တက္ကသိုလ်နယ်မြေ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၁၉၆၇၃~၆ (လိုင်းခွဲ ၁၁၂) Fax: 95-1-519681,
E-mail: mes.stcc@gmail.com

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လူငယ်တို့၏ အနာဂတ်အတွက် အထူးအလေးထားရန် ကယားပြည်နယ်ဝန်ကြီးချုပ်ပြောကြား

လွိုင်ကော် ဩဂုတ် ၂၆

အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အလုပ်လုပ်ကြသည့်အခါ တစ်ဦးနှင့်တစ်ဦး အတွေးအခေါ်မတူခြင်းကို ပေါင်းစပ်ပြီး စည်းကမ်း၊ ဥပဒေများ လိုက်နာရန် လိုအပ်ကြောင်း၊ စုစည်းညီညွတ်ပြီး ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင်လုပ်မည်ဆိုသည့်ရည်ရွယ်ချက်မှန်ကန်သည်ဆိုပါကစည်းကမ်းရှိရမည်ဖြစ်ပြီး အကြီးမားဆုံးအန္တရာယ်မူးယစ်ဆေးဝါးတိုက်ဖျက်ကြရမည်ဖြစ်ကြောင်း၊ လူငယ်များသည် ဆန်းသစ်သည့် အတွေးအခေါ်များနှင့်ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြစေလိုကြောင်း၊ မိမိပြည်နယ်အေးချမ်းသာယာလာသည်နှင့်အမျှ ကူညီပံ့ပိုးမှုများ အများကြီးရဖို့ရှိကြောင်း၊ ယနေ့လူငယ်ထုသည် နောင်အနာဂတ်ကာလတွင် ကယားပြည်နယ်၏ တာဝန်များကို တစ်ထောင့်တစ်နေရာမှ စီမံခန့်ခွဲမည့်သူများဖြစ်ခြင်းကြောင့် လူငယ်ဘဝဖွံ့ဖြိုးတိုးတက်ရန် လက်တွဲလုပ်ဆောင်ကြရန်ဖြစ်ကြောင်း ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁ နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော Kayah State Youte Forum တွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်အား ပြည်နယ်အတွင်းရှိ လူငယ်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အသေးစိတ်ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

ပျောက်ဆုံးနေသောသမီးငယ်ကို မိခင်ထံပြန်လည်အပ်နှံ

တာချီလိတ် ဩဂုတ် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့နှင့် ဝေါ်ဗွီးရှင်း(မြန်မာ)(တာချီလိတ်)တို့ပူးပေါင်းပြီး ရန်နိုင်(၂)ကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် မိုင်းကိုးကျေးရွာအုပ်စု ကျေးရွာအခြေပြု စောင့်ကြည့်ရေးအဖွဲ့ဝင်များကို လူကုန်ကူးမှုတားဆီးရေး ဆင့်ပွားသင်တန်းပို့ချစဉ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းကတ်ခမ်းနှင့် မယ်ဖုန်းလုံရွာနေ မအေးလာတို့ ရောက်ရှိလာပြီး ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီက မအေးလာနှင့် ၎င်း၏ခင်ပွန်းဦးယာတု စကားများရန်ဖြစ်ရာမှ သမီးဖြစ်သူ မနာဒါဝီ (သုံးလသမီး)ကို ဖခင်ဖြစ်သူက လုယူသွားခဲ့ကြောင်း၊ ဩဂုတ် ၂၃ ရက်အထိ မိခင်ထံသို့ ပြန်လည်ပို့ဆောင်ခြင်းမရှိဘဲ ရောင်းစားခဲ့သည်ဟု ထင်ရသဖြင့် ကူညီစုံစမ်းရှာဖွေပေးရန် လာရောက်အကူအညီတောင်းခံခဲ့သဖြင့် တာဝန်ရှိသူများက လိုက်လံစုံစမ်းရာ ဆီလီမွန်းရွာနေ ဦးအိုက်ပျန်းနေအိမ်သို့ ရောက်ရှိနေပြီး နာဒါဝီအား ၎င်း၏ ဖခင် ဦးယာတုက လင်မယားချင်း ရန်ဖြစ်ထား၍ မွေးစားလိုက ခေတ္တ မွေးစားရန် ပေးအပ်ခြင်းကြောင့် ခေါ်ယူထားခြင်းဖြစ်ကြောင်း ပြောကြားပြီး ၎င်းမိဘများထံ ပြန်လည်ပို့ဆောင်အပ်နှံခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(လ/၀၁၅)

လားရှိုး Mobile Team အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

လားရှိုး ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ်ခေနင်းကျေးရွာအေးရှားဝေါလ်တိုးဂိတ်အနီးဖွင့်လှစ်ထားသည့်လားရှိုး Mobile Team သည် ဇူလိုင် ၅ ရက်က ဖွင့်လှစ်ခဲ့ပြီး အကောက်ခွန်မဲ့ပစ္စည်းများ၊ တရားမဝင်ပစ္စည်းများကို ရှာဖွေစစ်ဆေးလျက် ရှိသည်။

ဖမ်းဆီးစစ်ဆေးရာတွင် တရားမဝင်အထည်၊ လျှပ်စစ်ပစ္စည်း၊ ဖုန်းအမျိုးမျိုး၊ ကားပစ္စည်း၊ ဆိုင်ကယ်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အေးခဲအမဲသား၊ အမဲသားပြားခြောက်၊ အမဲခြောက်မှုန့်များ၊ လိုင်စင်မဲ့ယာဉ်များ၊ကျောက်စိမ်းဟုယူဆရသောကျောက်များ၊တရုတ်နိုင်ငံထွက်ကြက်သွန်ဖြူများ၊ ကြက်အူချောင်းများ၊ ကြက်အသည်းများ၊ အစပ်ချောင်းများ၊ ရွက်ဖျန်း ဆေးများအစရှိသောအကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိသည်။ **(အောက်ပုံ)** ထိုအကောက်ခွန်မဲ့ ပစ္စည်းများအား လူစီးယာဉ်ပေါ်တွင်လည်းကောင်း၊ အခြားရှောင်ကွင်းလမ်းများမှလည်းကောင်း၊ တင်ဆောင်သယ်ယူသွားလာလျက်ရှိသည်။လားရှိုး Mobile Team အဖွဲ့က ဖွင့်ထားသောနေရာတွင်သာမက တရားမဝင်ရှောင်ကွင်းနေသောလမ်းများအထိပါ စစ်ဆေး ရှာဖွေဖမ်းဆီးလျက်ရှိပြီး ဩဂုတ် ၂၈ ရက်အထိ စုစုပေါင်းကာလပေါက်ဈေး ခန့်မှန်းတွက်ချက်တန်ဖိုးငွေကျပ် ၄၅၉၀၇၅၀၀ဖမ်းဆီးရမိကြောင်း သိရသည်။ **(၄၀၃)**

မြန်မာ-ထိုင်းစီးပွားရေး လုပ်ငန်းရှင်များ အကျိုးတူပူးပေါင်း

မန္တလေး ဩဂုတ် ၂၆

ထိုင်းနိုင်ငံ Thailand Convention and Exhibition Bureau (TCEB),MICE Capabilities မှ ဒါရိုက်တာ Ms.Nichaya Yoswee ဦးဆောင်သည့်ထိုင်းစီးပွားရေးလုပ်ငန်းရှင်၂၀ သည် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်းတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် Venue, Organizer,Infrastructure နှင့် ဒီဇိုင်း၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးတွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ ရက်က မန္တလေးမြို့Mandalay Hill Resort ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(၀၄၀)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ [illegible]

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမည်/တည်နေရာ
၁	[illegible]	[illegible]
၂	[illegible]	[illegible]
၃	[illegible]	[illegible]
၄	[illegible]	[illegible]
၅	[illegible]	[illegible]
၆	[illegible]	[illegible]
၇	[illegible]	[illegible]
၈	[illegible]	[illegible]
၉	[illegible]	[illegible]

[illegible]

၂။ [illegible]

ဖခင်အမည်မှန်

လှိုင်မြို့နယ်၊ အမှတ်(၃)၊ အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မရီရီနှင်းနှင့် အဌမတန်း(A)မှ မစန်းသော်တာမောင်၏ ဖခင်အမည်မှန်မှာ ဦးအုန်းမောင် ၅/စကန(နိုင်)၁၁၆၉၇၆ ဖြစ်ပါသည်။

ဦးအုန်းမောင်

ဖုန်းဓာတ်ဆဲလ် ဆိုင်ရာ ပြဿနာ ဖြေရှင်းနည်း

ANDROID ROOT GUIDE

Android ရဲ့ ICS, 4.0.1–4.0.4,

Jellybean 4.1.1,4.1.2 တို့ရဲ့ Root လုပ်နည်းများ

Offical Firmware ပြန်တင်နည်း

Mobile Phone များရဲ့ OS ကို Root လုပ်ပြီး ထိန်းချုပ်နည်း

Phone ထဲကို မြန်မာ Font နှင့် မြန်မာ Keyboard ထည့်သွင်းနည်း

Phone ထဲမှ အရေးကြီးသော Data များ မပျောက်စေရန် Recovery Backup လုပ်ထားနည်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.17/DHPI/Material/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	Specification
1.	H-Beam 300 mm × 300 mm × 10 mm × 15mm (L-6m)	Ton	12	JIS-G3101.
2.	H-Beam 150 mm × 150mm × 7 mm × 10 mm (L-12 m)	Ton	290	Q 235, SS400
3.	H-Beam 200 mm × 200 mm × 8 mm × 12 mm (L-12m)	Ton	80	Equilvalant.
4.	GI Pipe ø 4", L-6m and Socket	Set	508	China

၂။ ပစ္စည်းများ၏ (Specification, Manufacture, Country of Origin)တို့အား ၃-၉-၂၀၁၃ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် စက်တင်ဘာ ၁၀ရက် မွန်းတည့် ၁၂:၀၀နာရီဖြစ်ပြီး ၁၃:၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ် -၄၁၁၀၈၁

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၈/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-069(2013-2014)	Plastic Valve Cups and Plastic Seating Cup	(8)Items	US$
(၂)	IFB-070(2013-2014)	Spares for National Drive Group (Bearing & Oil Seal)	(5)Items	US$
(၃)	IFB-071(2013-2014)	Spares for National Drive Group (Air Clutch)	(6)Items	US$
(၄)	IFB-072(2013-2014)	Spares for National Drive Group (Rotor Seal & Valve)	(5)Items	US$
(၅)	DMP/L-031(2013-2014)	Sucker Rod Coupling & Change Over Coupling	(4)Items	Kyat
(၆)	DMP/L-032(2013-2014)	Wire Cables for Solar Cell	(3)Items	Kyat
(၇)	Container (2/ 2013)	ရန်ကုန်ဆိပ်ကမ်းများမှ သာကေတရေနံအခြေစိုက်စခန်း(အသွား/အပြန်)ကွန်တိန်နာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (၆-လ အတွက်သာ)		Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၅-၉-၂၀၁၃ ရက် ၁၃:၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

သီပေါ၌စေတနာရှင်များ ငွေနှင့် ပစ္စည်းလှူဒါန်း

သီပေါ ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ရှောင်မိသားစုများနှင့်ကလေးသူငယ်များအတွက် စေတနာရှင်များ၏အလှူငွေနှင့်အဝတ်အထည်ပစ္စည်းများလွှဲပြောင်းလှူဒါန်းပွဲကို ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက သီပေါမြို့လယ် ဓမ္မာရုံ သာသနာ့ဗိမာန်၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး အလှူငွေရှာဖွေရေးအဖွဲ့ခေါင်းဆောင် ဦးအောင်ခင်က အလှူငွေနှင့်အဝတ်အထည်ပစ္စည်းများရရှိမှုအခြေအနေကိုရှင်းလင်းတင်ပြသည်။

ထို့နောက် သီပေါမြို့မှ စေတနာရှင်များလှူဒါန်းသော အမျိုးသားအမျိုးသမီးနှင့် ကလေးဝတ်အင်္ကျီ၊ လုံချည်၊ ဘောင်းဘီ၊ ပုဆိုး၊ အိပ်ရာခင်း၊ ခြင်ထောင်စသည့် ပစ္စည်းစုစုပေါင်း ၄၆၆၆ ထည်နှင့် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်ပစ္စည်းများအပါအဝင် အလှူငွေကျပ် ၁၀ သိန်းတို့ကို စေတနာရှင်သီပေါမြို့သူ မြို့သားများကိုယ်စား အလှူငွေရှာဖွေရေးအဖွဲ့ခေါင်းဆောင် ဦးအောင်ခင်က PAT; X MYANMAR GROUP အဖွဲ့ထံသို့ပေးအပ်သည်။ အဆိုပါ အလှူငွေနှင့်လူသုံးကုန်ပစ္စည်းများကို ကွတ်ခိုင်မြို့နယ်နှင့် တန့်ယန်းမြို့နယ်အတွင်းမှ စစ်ရှောင်မိသားစုနှင့်ကလေးငယ်များအတွက် ကူညီလှူဒါန်းရန် သီပေါ မြတ်မွန်စေတနာလူမှုကူညီရေးအသင်း၊ သီရိသုဝဏ္ဏလူငယ်အသင်း၊ ဝမ်းမောအဖွဲ့နှင့်လူမှုရေးလူငယ်အသင်းတို့က အလှူခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက် အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း၏ ဩဂုတ်လ အာဟာရ ရက်သတ္တပတ်လှုပ်ရှား မှု အဖြစ် ကျောင်းသား ကျောင်းသူများကို အလှူရှင် ဦးခင်သောင်း-ဒေါ်ခင်မြင့်(အောင်ချမ်းသာပွဲရုံ)မိသားစုက အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။

တင်ထွန်းတာ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့်

ဥတ္တရသီရိ ဩဂုတ် ၂၆

ဥတ္တရသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား မြို့နယ်အဆင့်ဖွင့်ပွဲကို ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် အလကကျောင်းတွင် ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝဏ္ဏမျိုးထွန်းက အာဟာရအုပ်စုအကြောင်း ဟောပြောဆွေးနွေးခြင်း၊ ဆရာမကြီး ဒေါ်ငြိမ်းငြိမ်းလှက နို့တိုက်မိခင်အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ကြပြီး ရွှေနံ့သာ အလကမှ ကျောင်းသား ကျောင်းသူ ၆၅၀ တို့ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အာဟာရအဖြစ် ကြက်သားဆန်ပြုတ်တိုက်ကျွေးကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား ဗီတာမင်အေဆေးတိုက်ကျွေးခြင်း၊ သန်ချဆေးများတိုက်ကျွေးခြင်းများ ဆောင်ရွက်ကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် မွေးထုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ထွေ/အုပ်)

မိုင်းယောင်း၌ မြေပြို၍ ယာဉ်တိမ်းမှောက်

မိုင်းယောင်း ဩဂုတ် ၂၆

မိုင်းဖြတ်ခရိုင်မိုင်းယောင်းမြို့နယ် မုန်းလိုက်အုပ်စု မိုင်းဟန်ရွာတွင် ဩဂုတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီက ယာဉ်အမှတ်၉၅/. . အီတဲန်ယာဉ်တစ်စီးနှင့်ရှောင်ရာတွင် မြေပြိုသဖြင့် မိုင်းဖြတ်- မိုင်းယောင်းလမ်းမ၏ ယာဘက်ဘေးရှိ ချောက်အတွင်းသို့ ထိုးကျသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းယောင်းမြို့နယ် ဟောင်ကြန့်အုပ်စု ခိုကဲကျေးရွာနေသူ ယာဉ်မောင်း စိုင်းမြင့်အောင် (၃၁ နှစ်) ယာဉ်အမှတ်၉၅/. . . (အပြာရောင်) အီတဲန်ယာဉ်သည် တာချီလိတ်မှ မိုင်းယောင်းအပြန် မိုင်းဟန်ရွာအနီး ကုန်းတက်နားတွင် မိုင်းယောင်းမှ ပြန်လာသည့် ကုန်တင်ယာဉ်တစ်စီးနှင့်ရှောင်လိုက်ရာ လမ်းမ၏ ယာဘက်တွင် မြေပြိုသဖြင့် ပေ၅၀ခန့်အနက်ရှိသော ချောက်ထဲသို့ ထိုးကျသွားသောကြောင့် ဟောင်ကြန့်အုပ်စု ပါဆက်ရွာနေ ဒေါ်အီအင်ခမ်း (၄၂ နှစ်) သေဆုံး၍ ဒေါ်အိခ်မ်းလုံန်း (၂၈ နှစ်)နှင့် အီအွန်ကျောက် (၅နှစ်)၊ ဦးလို့ခေး (၂၅ နှစ်)တို့ ပွန်းပဲ့ဒဏ်ရာရရှိပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေရကြောင်း၊ ဦးလို့ခေး၏ ဒဏ်ရာသည် စိုးရိမ်ရသဖြင့် ကျိုင်းတုံဆေးရုံသို့ ဆေးဝါးကုသရန် ချက်ချင်းပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အမှုဖွင့်အရေးယူ

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သည့် ယာဉ်မောင်း စိုင်းမြင့်အောင်ကို မြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရှောလမွန်(မိုင်းယောင်း)

ဖြူးဆရာတော် တပည့်ဖြူးမဟာစည်ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဝရ အထူးတရားပွဲ

မန္တလေးမြို့၊ အိမ်တော်ရာစေတီတော်မြတ်ကြီး၊ ဝါတွင်းကာလ ဥပုသ်နေ့အခါသမယဝယ် သာသနာ့ရောင်ခြည်သက်န်းတိုက် ဦးမြတ်ကျော်-ဒေါ်ခင်စန်း၊ သားသမီးမြေးတစ်စုတို့၏ မတည်လှူဒါန်းအပ်သော ဓမ္မဒါန၊ ဓမ္မပူဇာတရားပွဲ၌ ဝါခေါင်လပြည့်ကျော် ၈ရက် (၂၉-၈-၂၀၁၃ ရက်) ကြာသပတေးနေ့ နေ့လယ်ပိုင်းအချိန်တွင် ဖြူးမဟာစည်ရိပ်သာများ၏ **ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A, Ph.D (Thesis)** အရှင်သူမြတ်က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂သို့ ဆက်သွယ်နိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ကလေးမြို့နယ်တရားမရုံး၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၄

ဦးဟရန်မန်း	**နှင့်**	ဒေါ်ထားထားလှိုင်
တရားလို		**တရားပြိုင်**

ကလေးမြို့၊ တပ်ဦးသီတာနယ်မြေ(၁၀)ရပ်နေ သိစေရမည်။ ဒေါ်ထားထားလှိုင် တပ်ဦးသီတာနယ်မြေ(၁၀) ကလေးမြို့ (ယခုနေရပ်လိပ်စာမသိ)

သင့်အပေါ်၌ ဦးဟရန်မန်းက အိမ်နှင့်ဝင်းမြေ(သို့မဟုတ်)အိမ်ဝင်းမြေတန်ဖိုး ပေးချေထားသည့်ငွေ ၆၀၀၀၀၀၀/-နှင့် နစ်နာကြေးငွေသိန်း ၃၀ စုစုပေါင်း သိန်း ၉၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၂၉ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မောင်မောင်အေး
မြို့နယ်တရားသူကြီး
ကလေးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ဘောက်ထော်ပြည်သာယာအိမ်ရာ၊ တိုက် ၁၊ အခန်း ၀၄ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ခင်ဦးထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ရီရီဝင်း ၁၂/ရကန(နိုင်)၀၄၃၆၁၇က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၁/ခ(၃-ခ)၊ မြေကွက်တည်နေရာအမှတ် ၄၃၃/စီ၊ ဓမ္မာရုံလမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်မေသန်းရီအမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဇနီး ဒေါ်မေသန်းရီကွယ်လွန်သဖြင့် ဦးအောင်မြင့် ၇/တငန(နိုင်)၀၀၅၈၂၆က တစ်ဦးတည်းသော တရားဝင် ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၄၊ မြေကွက်အမှတ် ၁/ခ၊ B-၂၄၄၊ ဧရိယာ ၀ဒသမ ၀၅၃ဧကရှိ မြေကွက်နှင့်မြေကွက်အမှတ် ၁/ခ၊ B-၂၄၄ A၊ ဧရိယာ ၀ဒသမ ၀၅၀ဧကရှိ နှစ် ၆၀ မြေငှားဂရန်၊မြေကွက်တည်ရှိရာအမှတ် ၈၀၆၊ အောင်စေတီလမ်း၊ မြေကွက်နှစ်ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လယ်လယ်အောင် ၁၂/လသယ(နိုင်)၀၂၁၂၈၄ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၉၅၄/၂၀၁၃ ရရှိထားသူ အစ်မဒေါ်တင်မိုးအောင် ၁၂/ဗတထ(နိုင်)၀၁၈၈၃၉နှင့် ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပထမအရစ်စရန်ငွေအဖြစ်ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်များနှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ (စဥ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/စီမံကိန်း-၁)၊ လူနေရပ်ကွက်အမှတ်(စီမံကိန်း-၁)၊ မြေကွက်အမှတ် ၁၄၉၊ ယုဇနလမ်း၊ အိမ်အမှတ် ၁၄၉/က၊ ဧရိယာ(၂၂ပေ×ပေ၆၀)အကျယ်အဝန်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ မြေငှားချထားသည့် ဒေါ်အမာအမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်စန်းစန်းဝင်း ၁၂/ဥကတ(နိုင်)၁၀၃၈၇၅က ယခုလက်ရောက်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုကာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းငြိမ်းတင့်က အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသည့်ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထက်နေဝင်း	**ဒေါ်ဆန်းသီတာဝင်း**
LL.B,LL.M, WIPO (Switzerland), IP-302,DBL,DIT	**LL.B, WIPO (Switzerland)**
စဉ်-၃၃၈၆၅	**စဉ်-၄၁၁၂၀**

အထက်တန်းရှေ့နေနှင့်ဥပဒေအကြံပေးများ
အမှတ် ၉၉၊ ရာဇသင်္ကြန်လမ်း၊ လမုတန်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ဖုန်း-၀၉-၇၃၀၁၃၅၈၄၊ ၀၉-၄၂၁၀၁၅၇၄၅

CHERRY BUSINESS GROUP ၏ မိခင်ကြီး ဒေါ်ကျင်ရီ(ခ)ဒေါ်ကွေအင်း (အောင်ပန်းမြို့)၏ (၇၄)နှစ်မြောက် မွေးနေ့မင်္ဂလာဆုမွန်လွှာ

မေမေရဲ့ ၂၇-၈-၂၀၁၃ရက်မှာ ပြည့်မြောက်တဲ့ (၇၄)နှစ်မြောက် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သော သားသမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ရင်း လောကီ လောကုတ္တရာရေးရာ နှစ်ဖြာကို ဆတက်ထမ်းပိုးတိုးလို့ ကူညီဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ချစ်သော သား၊ သမီး၊ မြေးများ-

ချစ်သား၊ သမီးများ - ကိုစိုးသိန်း-မတင်တင်ဦး (Cherry Business Group)
ဒေါက်တာရဲမြင့် (ဆေးပညာအထူးကုသမားတော်၊ NYGH)-မအေးအေးဝင်း
ဒေါက်တာကျော်မြင့်(ခွဲစိတ်အထူးကုပါရဂူ၊ Urosungical Ward, NYGH)-မစန္ဒာဝင်း
ကိုစိုးနိုင်-မခင်ခင်လင်း(Cherry စားပွဲရုံ)
မယဉ်ယဉ်နွယ်-ကိုကျော်ကျော်လွင်နှင့် မြေးများ

ချစ်မြေးများ-

မဇင်နွယ်ဦး 3rd M.B.,B.S ဆေး(၁)
မောင်ဘုန်းမြင့်အောင် 1st BDS သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်
မောင်ကျော်စိုးအောင် Grade-10 အထက(၂) လမ်းမတော်
မောင်အုပ်စိုးထိုက် Grade-11 အထက(၁) ဒဂုံ
မောင်ဘုန်းထက်အောင် Grade-9 အထက(၁) ဒဂုံ
မအိနှင်းဖြူ Grade -7 အထက(၁) ဒဂုံ
မမေစပယ်မြင့် TOTAL School
မောင်ဟန်မင်းထွန်း
Junior စိုးနိုင်
မောင်ကျော်ဇင်သန့် Grade -8 အထက(၁) ဒဂုံ
မရွှန်းလဲ့ဝေ Grade -3 အထက(၁) ဒဂုံ

အမြန်ပြန်လာပါ

ကိုဝင်းဗိုလ်

အိမ်မှထွက်သွားသည်မှာ ကြာသွားပါပြီ။ အိမ်မှာအရေးကြီးကိစ္စရှိနေပါသည်။ မန္တလေးအိမ်မှ အမေ့ကိုပြုစုမည့်သူလည်းမရှိပါ။ အလုပ်ကိစ္စများ အရေးကြီးရှိနေပါသည်။ သမီးကိစ္စလည်း အရေးကြီးနေပါသည်။ တောင်ငူအိမ်ကို ဆက်သွယ်ပါ။

ဖုန်း-၀၉-၅၃၅၀၇၄၉၊ ၀၉-၆၃၀၀၈၄၄၊ ၀၉-၄၂၈၂၀၀၅၂ မိသားစု

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်းတွင်နေထိုင်သည့် ကျွန်ုပ်၏သားဖြစ်သူ စိုးနေလင်း ၁၂/ပဘတ(နိုင်)၀၀၀၆၇၃သည် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးကြင်လှိုင် ၁၂/ပဘတ(နိုင်)၀၂၁၂၈၉**

မှုခင်းသတင်းနှင့်ကြော်ငြာ

တန့်ယန်းမြို့နယ် နောင်ဟကျေးရွာတွင်ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၆

ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီက ရှမ်းပြည်နယ် တန့်ယန်း(မူးယစ်)မှတပ်ဖွဲ့ဝင်များသည် တန့်ယန်းမြို့နယ် နောင်ဖာကျေးရွာရှိ မအေးထွမ်း (၄၃ နှစ်)၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၅၆ ဒသမ ၅၁၇ ဂရမ် တန်ဖိုးငွေကျပ် ၁၁ ဒသမ ၃၀၃၄ သိန်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀ တန်ဖိုးငွေကျပ် ၄ ဒသမ ၈ သိန်းနှင့် မြန်မာငွေကျပ် တစ်သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် မအေးထွမ်းအား တန့်ယန်းမြို့မရဲစခန်း မယ(ပ) ၃၅/၂၀၁၃ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)၊၂၀(က)အရ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၆

ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မုံရွာမြို့ နန္ဒာဝန်ရပ်ကွက် သုဗောဓာရုံကျောင်းတိုက်ရှေ့ ဗိုလ်တေဇလမ်းတွင် မုံရွာမြို့ မြဝတီရပ်နေ ကိုကိုဇော်(ခ)မောင်ကို(၃၉နှစ်) မောင်းနှင်ပြီး ထီးချိုင့်မြို့နယ် မြတောင်ရွာနေသူများဖြစ်သည့် နောင်နောင်(၃၃နှစ်)နှင့်ကျော်ဆန်းဝင်း(၃၅နှစ်)တို့လိုက်ပါလာသော ဆိုင်ကယ်ကို ရှာဖွေရာ နောင်နောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား၁၅၉၀နှင့်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၄င်းတို့သုံးဦးအား အမှုဖွင့်အရေးယူထားသည်။ ထို့အတူ ညပိုင်းတွင် တောင်ကြီးမူးယစ်(အထူး)အဖွဲ့မှတပ်ဖွဲ့ဝင်များသည် နမ့်စန်မြို့နယ် နမ့်စန်-မိုင်းစိတ်ကျေးရွာသွားလမ်းတွင် နမ့်စန်မြို့ ရပ်ကွက်(၂)နေ ထိန်လင်းမောင် (ခ)ပီးတူ(၃၁နှစ်)မောင်းနှင်လာသော ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြားကို သိမ်းဆည်းရမိသဖြင့် ထိန်လင်းမောင်(ခ) ပီးတူအား နမ့်စန်မြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ ငါးလုပ်ငန်းစက်ရုံတွင် အလုပ်ရမည်ဟုပြောဆိုပြီး ပြည်ပသို့ တရားမဝင် ပို့ဆောင်ပေးခဲ့သူများအားအရေးယူ

ရန်ကုန် ဩဂုတ် ၂၆

၂၀၁၂ ခုနှစ် ဇူလိုင် ၁၈ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နေ ဒေါ်အေးအေးမော်၏ သားဖြစ်သူ ပြည့်မိုးဇော်နှင့်အေးကို (စိစစ်ဆဲ)၊ ခင်ဇော် (စိစစ်ဆဲ)တို့ သုံးဦးကို သဃ်န်းကျွန်းမြို့နယ်နေ ထွန်းသိန်းကထိုင်းနိုင်ငံရှိငါးလုပ်ငန်းစက်ရုံတွင် တစ်လလျှင်ဘတ်ငွေ ၁၀၀၀၀ ဖြင့် အလုပ်ရရှိမည်ဖြစ်ကြောင်း၊ပို့ဆောင်ခငွေကျပ်ငါးသိန်းကို လစာမှအရစ်ကျပေးဆောင်၍ရကြောင်း ပြောဆိုပြီး ထိုင်းနိုင်ငံတွင် နေထိုင်သူ ဆန်းဝင်း (စိစစ်ဆဲ)ထံသို့နယ်စပ်မှတစ်ဆင့် တရားမဝင် ပို့ဆောင်ပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က အေးကိုနှင့်ခင်ဇော်တို့သည် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ပြည့်မိုးဇော်မှာ ငါးဖမ်းသင်္ဘောတစ်စင်းနှင့်အလုပ်လုပ်ကိုင်နေစဉ် သေဆုံးသွားကြောင်း ပြောပြ၍ သိရသည်။

သို့ပါ၍ ပြည့်မိုးဇော်ပါ သုံးဦးကို ပြည်ပသို့ တရားမဝင်ပို့ဆောင်ခဲ့သူ ထွန်းသိန်းနှင့်ဆန်းဝင်းတို့အား အရေးယူပေးပါရန် ဩဂုတ် ၂၁ ရက် က ပြည့်မိုးဇော်၏မိခင် ဒေါ်အေးအေးမော်က တိုင်တန်းခဲ့၍ သုဝဏ္ဏနယ်မြေရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

အင်းတော် ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် အလယ်ကျွန်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက မုံရွာမူးယစ်(အထူး) အဖွဲ့က ဒုရဲအုပ်ကျော်စိုးနိုင်ဦးစီး၍ ဒုရဲအုပ်နိုင်ဝင်း၊ တပ်ကြပ်ကြီးကျော်ကျော်စိုး၊ အင်းတော်ရဲစခန်းက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သောင်းစိန်ထွန်းတို့သည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါး သတင်းအရ အလယ်ကျွန်းကျေးရွာနေ ချစ်ပု၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ချစ်ပုလွယ်ထားသော ကချင်ဘေးလွယ်အိတ်အတွင်း အဖြူရောင်ပလတ်စတစ်ဖြင့် ထည့်လျက် ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့် အလေးချိန် ၁၄ ဂရမ်ခန့်ကို သက်သေများရှေ့တွင် ရှာဖွေတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

ချစ်ပုအားစစ်ဆေးရာ ဖမ်းဆီးရမိဘိန်းဖြူများကို လွန်ခဲ့သော ၁၀ ရက်က တစ်ရွာတည်းနေ ခင်မောင်ဝင်းထံက ငွေကျပ်နှစ်သိန်းဖိုး ဝယ်ယူခဲ့ကြောင်း ပြောပြသဖြင့် ခင်မောင်ဝင်း၏ နေအိမ်ကို ပူးပေါင်းအဖွဲ့မှ ဆက်လက်ရှာဖွေရာ ခင်မောင်ဝင်းကို မတွေ့ရှိရဘဲ နေအိမ်မှ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိရခြင်း မရှိခဲ့ကြောင်း။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ချစ်ပု (၃၈နှစ်) အင်းတော်မြို့နယ်နေသူနှင့် ခင်မောင်ဝင်း(၂၇နှစ်) အင်းတော်မြို့နယ် (ဖမ်းမမိသေး)တို့ကို ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကေအမ်တီ

ကောလင်းမြို့နယ်အတွင်း တရားမဝင်ကျွဲများ ဖမ်းမိ

ကသာ ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် မရိတ်ရွာနှင့်ဥတုံးပင်ရွာကြားတွင် ဩဂုတ် ၂၂ ရက် ည ၇ နာရီခွဲက ကသာရဲစခန်းမှူး ဒုရဲအုပ်သန်းဇော်အဖွဲ့သည် သတင်းတပ်ဖွဲ့နှင့်ပူးပေါင်း၍ သတင်းအရ သက်သေများနှင့်အတူ မရိတ်ကျေးရွာနှင့် ဥတုံးပင်ကျေးရွာကြားတွင် ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် ဝင်းဇော်ဦးပါလေးဦးတို့ထံမှ ကျွဲထီး ကိုးကောင်နှင့်အတူ သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရှိစစ်ဆေးရာ ခွင့်ပြုချက် အထောက်အထားမပါဘဲ ကျွဲများကို ကန့်ဘလူမြို့နယ်အတွင်းမှ ဝယ်ယူသယ်ဆောင်လာခဲ့ပြီး ကောလင်းမြို့နယ်ကို ဖြတ်သန်း၍ ထီးချိုင့်မြို့နယ်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ပို့ဆောင်မည့် မှောင်ခိုကျွဲများဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ထားသည်။ ဖမ်းဆီးရမိသော သက်သေခံပစ္စည်း ကျွဲထီး ကိုးကောင်၏ တန်ဖိုးမှာ ငွေကျပ် ၄၅ သိန်းခန့် ဖြစ်ကြောင်း သိရသည်။

လှအောင်(ကသာ)





တောင်ဒဂုံ-၅၅ ရပ်ကွက်၊ ၈၂ မြေနှင့် အိမ်ဝယ်မည် ကန့်ကွက်နိုင်သည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅၊ နတ်မောက်လမ်း၊ မြေကွက်အမှတ် ၈၂၊ ဦးယောရှ အမည်ပေါက် ပါမစ်မြေအကျယ်(အလျားပေ ၄၀×အနံပေ ၆၀)ရှိသည့်အနက် တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ခေါင်းရင်းခြမ်း(အလျား ၂၆½ပေ× အနံပေ ၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်နှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ပါမစ်အမည်ပေါက် ဦးယောရှ AA -103264ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဒေါ်တိုးတိုးက မပန်းအိဖြူသို့ရောင်းချခဲ့ပြီး မပန်းအိဖြူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးကျော်ဌေးက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ခေတ္တရာ ဦးမြင့်အောင် LL.B, DML **ဦးမျိုးအောင် LL.B, DIL, DIR, DML**

ဦးတင်မောင်မြင့် LL.B, DIL

တရားလွှတ်တော်ရှေ့နေများ (Emperor Law Firm)

အမှတ် ၈၃/၁၆ ဘီ၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၀၁၉၅၀၆၊ ၀၉-၄၉၃၁၅၆၅၁၊ ၀၉-၄၃၀၆၄၁၉၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ ရွှေဖီခိုင်ညွှာလမ်း၊ မြေကွက်အမှတ်(၂၇၀/ခ)၊ မြေအကျယ်အဝန်းပေ(၂၀×၆၀)ရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမြင့်သိန်း ၁၂/ဥကတ(နိုင်)၀၃၉၉၂၆အမည်ဖြင့် မှတ်သားတည်ရှိပြီး ၄င်းအမည်ပေါက်ပိုင်ဆိုင်သော မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေထံသို့ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)

အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၄၃၁၁၄၆၅၄

နယ်သတင်းနှင့်ကြော်ငြာ

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်၍ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်

ဘားအံ ဩဂုတ် ၂၆

ကရင်ပြည်နယ် ဘားအံမြို့တွင် ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘားအံမြို့တွင်း ရပ်ကွက်အနိမ့်ပိုင်းရှိ နေအိမ်များ ရေနစ်မြုပ်၍ ပြည်သူများ ရေဘေးကယ်ဆယ်ရေး စခန်းများသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ရသည်။

ဘားအံမြို့နယ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခုဖွင့်လှစ်ထားရှိပြီး ယင်းစခန်းများရှိ ရေဘေးသင့်ပြည်သူများ၏ စားဝတ်နေရေး လိုအပ်ချက် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့မှ လုပ်ဆောင်ပေးလျက်ရှိသည်။

ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိသည့် ကြားတောရဘုန်းတော်ကြီးကျောင်း၊ ပြည်နယ်ပုံနှိပ်တိုက် မိုးလုံလေလုံ အားကစားရုံ၊ ပြည်နယ်ကမ္ဘောဇ္ဇာန်းကျောင်းနှင့်ရွှေယဉ်မျော်ဘုရားရှိ ရေဘေးသင့်ပြည်သူများထံသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ဩဂုတ် ၂၂ ရက် ညနေ ၆နာရီက သွားရောက်အားပေးစကားပြောကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် သီရိရတနာလမ်းတွင် ရေဝင်ရောက်နစ်မြုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(အပေါ်ပုံ)

ဘားအံမြို့နယ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခုတွင် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၃၉၆ စု လူဦးရေစုစုပေါင်း ၇၃၃၆ ဦး၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးစခန်း ၁၄ ခုတွင် အိမ်ထောင်စု ၅၁၅ စု၊ လူဦးရေ ၂၂၇၀ တို့အား စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မာဂဓိသာစည်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စေတနာရှင်များ စုပေါင်းထောက်ပံ့လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃)ရပ်ကွက် ကြေးတိုင်စု ၂လမ်း၊ မာဂဓိသာစည်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ဆရာကျော်မဟိဒ္ဓိတိုင်းရင်းဆေးထုတ်လုပ်ရေးကကြီးမှူး၍ မူလတန်းမှ အလယ်တန်းအဆင့်အထိ ကျောင်းဆောင်သစ် စုပေါင်းမတည်လှူဒါန်းနိုင်ရန်နှင့် စေတနာရှင်များ၏ စုပေါင်းထောက်ပံ့လှူဒါန်းပွဲကို ဩဂုတ်၂၄ရက် နံနက်က မာဂဓိရွှေဝိသုံဂါမသိမ်တော်၌ ကျင်းပသည်။

ရှေးဦးစွာ မာဂဓိသာစည်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပဓာနနာယက ကျောင်းအုပ်ဆရာတော် အရှင်နေမိန္ဒကဩဝါဒစကားမြွက်ကြားပြီး အလှူရှင်များအား ရေစက်သွန်းချအမျှပေးဝေသည်။

ဆက်လက်၍ အလှူရှင်များက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် ဖိနပ်မျိုးစုံတို့ကို ကျောင်းသား ကျောင်းသူများအားပေးအပ်လှူဒါန်းကြပြီး နံနက်စာ ထမင်းဟင်း ကျွေးမွေးကြသည်။

(အောက်ပုံ)

အဆိုပါဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ကျောင်းသားကျောင်းသူ ငါးရာကျော်၊ ဆရာ ဆရာမ ၁၅ဦးဖြင့် ပညာသင်ကြားလျက်ရှိပြီး မူလတန်းမှ အလယ်တန်းအဆင့်အထိကျောင်းဆောက်လုပ်ရန် ဖုန်း-၀၉-၅၀၉၆၈၂၉၊ ၀၉-၄၅၁၂၆၅၅၅၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

တင်စိုး (မြန်မာ့အလင်း)

မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (အတွဲ-၁၊H)မှ မောင်ဇင်ပိုင်စိုး၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်ဌေးဌေးသန်း ဖြစ်ပါကြောင်း။

ဒေါ်ဌေးဌေးသန်း ၆/ကစန(နိုင်)၀၅၂၁၂၆

တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံတက္ကသိုလ် ပထမနှစ်ဂုဏ်ထူးတန်းတွင် တက်ရောက်လျက်ရှိသော နန်းမိုးနန္ဒာဝင်း(ခ) နန်းမိုးစန္ဒာဝင်း ၃/ဘအန(နိုင်)၂၆၃၈၂၇သည် တစ်ဦးတည်းဖြစ်၍ ဖခင်ဖြစ်သူ ဦးဖူးကျော်(ခ) ဦးပုကျော်၃/ဘအန(နိုင်)၁၉၈၆၄၅မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။**နန်းမိုးနန္ဒာဝင်း(ခ)နန်းမိုးစန္ဒာဝင်း**

ဦးဖူးကျော်(ခ)ဦးပုကျော်





Happy Birthday August Family

ဩဂုတ်လ ၂၇ရက်တွင် ကျရောက်သော ချစ်ဇနီး **သဲ(ခ)သဲသဲမွန်**၊ ဩဂုတ်၂၉ရက်တွင်ကျရောက်သော ချစ်သား **အီကီ(ခ)အောင်ကောင်းသစ်** တို့၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်ပြည့်စုံပြီး ပျော်ရွှင်ဖွယ်ရာ နေ့ရက်ပေါင်းများစွာကို ပျော်ရွှင်ချမ်းမြေ့သောမိသားစုဖြင့် ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း - ကိုဖုန်းအောင်လင်း

ချစ်သမီး-သဲရွှေရည်လင်း(ခ)ဆုမို

ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၊မြေကွက်အမှတ်၂၃၇၊ မြေကွက်တည်နေရာအမှတ် ၂၃၇၊ သခင်ဘသောင်းလမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့နယ်၊ ဦးခင်မောင်ချစ်အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးခင်မောင်ချစ် ကွယ်လွန်သဖြင့် ဒေါ်ခင်အုန်းမြင့် ၁၂/လကန(နိုင်)၀၃၀၈၄၉ကတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာနှင့် မြေချပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိပြု ချက်ပူးတွဲတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

သိပ္ပံကျော်ဦးကျော်မြင့်

IGCSE, SAT(Maths)

IGCSE(သို့)တက္ကသိုလ်ဝင်တန်းအောင်ပြီး ကမ္ဘာကျော်တက္ကသိုလ်ကြီးများသို့ ဝင်ခွင့်ရလိုသူများအတွက်

GCE(A)Maths

၁၀၈(လေးလွှာ)၊ ၃၈ လမ်း၊ ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား

ဖုန်း-၀၉-၅၀၀၀၇၈၉၆၊ ၀၁-၃၈၆၆၃၉







ကန့်ကွက်နိုင်ပါသည်

မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ် ရွှေပြည်သာကွက်သစ်၊ မြေကွက်အမှတ် ၂၈၄ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်မှာ ဦးခင်မောင်မြင့် ISN-၅၆၅၆၂၀ အမည်ဖြင့် ၂၆-၄-၂၀၀၄ ရက်မှ ၂၅-၄-၂၀၃၄ ရက်အထိ နှစ် ၃၀ မြေငှားဂရန်ရရှိပြီးဖြစ်ပါသည်။ အဆိုပါမြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် ဦးခင်မောင်မြင့်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းမြင့်အေး ၁၃/မဆတ(နိုင်)၀၃၄၆၂၀မှ မြေငှားဂရန်မိတ္တူမှန် လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် ကြော်ငြာသည့်ရက်မှ ၂၈ရက်အတွင်းမူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။

မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဖုန်း-၀၈၂-၅၀၅၀၃၊ ၅၀၆၉၀

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၃B၊မြေကွက်အမှတ်V၉၆၊မြေကွက်တည်နေရာ (၇၈) စက်တွင်းလမ်း၊ ဂဠုန်ရပ်ကွက်၊ အလုံမြို့နယ် ဘော်လဒွင်မာလာနှင့်ရီဘက်ခါအမည်ပေါက် နှစ်၉၀မြေငှားဂရန်မြေအားပိုင်ဆိုင်စာချုပ်အမှတ် ၁၉၇/၁၉၇၉ ဖြင့်ရီဘက်ခါမှ ပိုင်ဆိုင်လာခဲ့ပြီး အရောင်းစာချုပ်အမှတ် ၈၅၃/၁၉၈၃ ဖြင့် ဦးတိတ်ချွန်း၊ ဒေါ်ခင်ဆွေထံသို့ ရောင်းချခဲ့ပြီး ၄င်းတို့မှ အရောင်းစာချုပ်အမှတ် ၃၇၈/၉-၃-၉၄ ဖြင့် ဦးဂျော်နီ ၁၂/ လသန(နိုင်) ၀၀၅၀၇၁သို့ ရောင်းချခဲ့ရာ ဦးဂျော်နီမှ ဝန်ခံကတိပြုချက်၊ မှတ်ပုံတင်မိတ္တူ၊ စာချုပ်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ မြေခွန်ပြေစာမိတ္တူတို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားပေးလာခြင်းအား၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စီးပွားရေးကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၁၇)ဘဏ်မြောက်

နမ့်ခမ်းဘဏ်ခွဲ ကို

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့ တွင်

၂၇.၈.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

<u>ဆက်သွယ်ရန်လိပ်စာ</u>

နမ့်ခမ်းဘဏ်ခွဲ

အမှတ်(၆၀/ခ)၊ ကောင်းနောင်မိုရပ်ကွက်၊ ပြည်ထောင်စုလမ်း၊
နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
ဖုန်း – (၀၈၂) ၆၁၅၆၉
ဖက်စ် – (၀၈၂) ၆၁၀၇၂၊ ၆၁၅၇၅

www.kbzbank.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက် (၆/၂၀၁၃)
နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၃ ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် သက်တမ်းကုန်ဆုံးသည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅) တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေး ခိုင်မာမှုရှိကြောင်း၊ မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ စက်တင်ဘာလ ၁၈ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ဖခင် အမည်မှန်

ဘားအံတက္ကသိုလ် တတိယနှစ် ရူပဗေဒအထူးပြုဖြင့် တက်ရောက်နေသော နန်းမလင်းအောင် ၃/ဘအန(နိုင်)၂၆၃၇၃၆ ၏ ဖခင်အမည်မှန်မှာ ဦးကျော်လာဖောင်(ခ)ဦးစောကျော်လင်းစိန် ၃/ဘအန(နိုင်)၀၅၁၇၄၄ ဖြစ်ပါသည်။

ဦးကျော်လာဖောင်(ခ)ဦးစောကျော်လင်းစိန်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ လူနေရပ်ကွက်အမှတ် ဆ/ခ၊ မြေကွက်အမှတ် ၅/စ၊ ဧရိယာ အလျား ၁၃ပေ×အနံ၅၅ပေအကျယ်ရှိ ၃(ခ) မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၇၀၁၊ ရတနာလမ်း၊ (ဆ/ခ) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးမြင့်အောင် ၉/အမရ(နိုင်)၀၈၂၇၉၀နှင့် ဒေါ်အေးသန်း ၉/အမရ(နိုင်)၀၈၂၇၈၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါလျှင် ဤကြေညာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင်(စဥ်-၇၀၉၇) **ဦးနိုင်ဝင်း(စဥ်-၃၁၁၁၁)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ငမိုးရိပ်တံတားအနီးတွင်တည်ရှိသော မြယမုံစမ်းရိပ်မြိုင် အဆင့်မြင့်အိမ်ရာစီမံကိန်း၏ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ လူနေရပ်ကွက်အမှတ် မြယမုံစမ်းရိပ်မြိုင်(အပိုင်း-၂)၊ မြေကွက်အမှတ် ၁၆၉၊ မြယမုံအမှတ် ၁၇၅၊ ဧရိယာအကျယ် ၀ဒသမ ၁၃၀၈ဧက (စတုရန်းပေ ၅၆၇၆)ရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးတင်ဦး ၁၂/ရကန(နိုင်)၀၅၆၉၂၅နှင့် ဒေါ်စန္ဒာဦး ၁၂/သလန(နိုင်) ၁၀၃၃၆၅တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင် (စဥ်-၇၀၉၇) **ဦးနိုင်ဝင်း (စဥ်-၃၁၁၁၁)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မန္တလေးတက္ကသိုလ်
အကြိမ်(၅၀)မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတက္ကသိုလ်က ကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်များ၏ (ဘွဲ့) စာမေးပွဲနှင့် ဒီပလိုမာဘွဲ့ စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးတက္ကသိုလ်၏ အကြိမ်(၅၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို **၂၀၁၃ခုနှစ် ဩဂုတ် ၂၆ရက်မှ စက်တင်ဘာ ၂၇ရက်အထိ** လျှောက်ထားနိုင်ကြပါသည်။

(က) (၂၀၁၂-၂၀၁၃) ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ (PhD) ပါရဂူ (ဘွဲ့) စာမေးပွဲကို အောင်မြင်ပြီးသူများ။

(ခ) (၂၀၁၂-၂၀၁၃) ပညာသင်နှစ် မန္တလေးတက္ကသိုလ်၏ (M.Res) မဟာသုတေသန(ဘွဲ့) စာမေးပွဲကို အောင်မြင်ပြီးသူများ။

(ဂ) (၂၀၁၂-၂၀၁၃)ပညာသင်နှစ် ၂၀၁၃ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ်၏ မဟာဝိဇ္ဇာ/သိပ္ပံ/ဥပဒေ (ဒုတိယနှစ်) သင်တန်း (၂၀၀၆ အပထအောင်) (ဒုတိယနှစ်ဝက်)(ဘွဲ့) စာမေးပွဲကို အောင်မြင်ပြီးသူများ။

(ဃ) (၂၀၁၂-၂၀၁၃) ပညာသင်နှစ် ၂၀၁၃ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် မန္တလေးတက္ကသိုလ် ၏ (Dip: E.L.T) အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာဘွဲ့ စာမေးပွဲကို အောင်မြင်ပြီးသူများ။

(င) မန္တလေးတက္ကသိုလ်၏ (DTSM) ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာဘွဲ့ (၂/၂၀၁၂)စာမေးပွဲကို အောင်မြင်ပြီးသူများ။

(စ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (မန္တလေးတက္ကသိုလ်)၏-

- (DBL) စီးပွားရေးဥပဒေဒီပလိုမာဘွဲ့(၁၁/၂၀၁၂)စာမေးပွဲကို အောင်မြင်ပြီးသူများ၊
- (DIL) အပြည်ပြည်ဆိုင်ရာဥပဒေဒီပလိုမာဘွဲ့ (၁/၂၀၁၂)စာမေးပွဲကို အောင်မြင်ပြီးသူများ၊
- (DOS) အရှေ့တိုင်းပညာဘွဲ့လွန်ဒီပလိုမာဘွဲ့(၁/၂၀၁၂)စာမေးပွဲကို အောင်မြင်ပြီးသူများ၊
- (DIR) နိုင်ငံတကာဆက်ဆံရေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့(၁/၂၀၁၂) စာမေးပွဲကို အောင်မြင်ပြီးသူများ၊

၂။ လျှောက်ထားသူများသည် မန္တလေးတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် သုံးလအတွင်း ရိုက်ကူးထားသော [မြန်မာဝတ်စုံ/ တိုင်းရင်းသားဝတ်စုံ/ အနောက်တိုင်း (အမျိုးသား)ဝတ်စုံ]-(၂" ×၁½") အရွယ် ဓာတ်ပုံသုံးပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)တို့ကို ပူးတွဲ၍လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်ထားသူများ၏ ဘွဲ့နှင်းသဘင်ကြေးငွေမှာ တက်ရောက်ဘွဲ့ကျပ် (၁၅၀၀/-) (ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ကျပ် (၁၀၀၀/-) (ကျပ်တစ်ထောင်တိတိ)ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်ကြေးငွေကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မန္တလေးတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၅။ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**ဟု ဖော်ပြပြီး၊ ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရှင်၏ **အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်/ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံ**ကို တိကျစွာ ဖော်ပြရပါမည်။ **(ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့်ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)**

၆။ (၂၀၁၁-၂၀၁၂)ပညာသင်နှစ်မတိုင်မီက (ဘွဲ့)စာမေးပွဲနှင့် ဒီပလိုမာဘွဲ့ စာမေးပွဲများကို အောင်မြင်ပြီးသူများသည် **အဝေးရောက်ဘွဲ့**အတွက်သာလျှောက်ထားနိုင်ပါသည်။

၇။ အဝေးသင်တက္ကသိုလ် (ယခင် မန္တလေးတက္ကသိုလ်၊ စာပေးစာယူသင်တန်းဌာန)၏ (၁၉၈၁-၈၂)ပညာသင်နှစ်မှ (၁၉၈၇-၈၈)ပညာသင်နှစ်အတွက်၊ ဝိဇ္ဇာ/သိပ္ပံ (ဘွဲ့) စာမေးပွဲအောင်မြင်ပြီးသူများသည် **အဝေးရောက်ဘွဲ့**အတွက် မန္တလေးအဝေးသင်တက္ကသိုလ်တွင် လျှောက်ထားနိုင်ပါသည်။

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(မြင့်မြင့်သန်း)
မော်ကွန်းထိန်းအဆင့်(၁)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
မန္တလေးတက္ကသိုလ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ဃ/၅၃၅၁၇ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သွယ်ဇာဝင်း ၉/မရတ(နိုင်)၁၁၈၂၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ဃ/၆၃၊ မြေကွက်တည်နေရာအမှတ် ၂၃၄၊ စကားဝါလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံ ဦးချို အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးချို ကွယ်လွန်သဖြင့် ဒေါ်ငွေတင် ၁၂/ဒပန (နိုင်)၀၃၀၀၇၁က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆၃၊မြေကွက်အမှတ်၂၉၆၄/ဇ၊ မြေကွက်တည်နေရာအမှတ်၂၉၆၄/ဇ၊ စက်မှုပတ်လမ်း၊ ၆၃-စက်မှုဇုန်-၂ ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဦးဘဲလရာ ၁၂/တကန(နိုင်)၁၃၉၈၃၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက်ဦးဘဲလရာ ကွယ်လွန်သဖြင့် ဒေါ်ဂူဂန်ပါး ၁၂/ဥကတ(ယ)၀၀၀၀၀၁က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နှစ်ဦးသဘောတူလက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ
ဦးကျော်ကျော်ဦး-ဒေါ်အေးအေးမြင့် တို့၏သား
မောင်ထွဋ်အောင်ဝေ B.Sc(Physics)
၁၂/မဂန(နိုင်)၁၄၆၅၅၅
နှင့်
ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးဟန်သွင်-ဒေါ်တင်မာကြည် တို့၏သမီး
မလှဲ့ရည်ဝင်း (B.Act)
၁၂/တကန(နိုင်)၁၈၁၇၁၄

တို့သည် ၂၃-၈-၂၀၁၃ ရက်တွင် ပန်းဘဲတန်းမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

မောင်ထွဋ်အောင်ဝေ-မလှဲ့ရည်ဝင်း



ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၁၅၈)ရပ်ကွက်၊ မြေကွက်အမှတ် ၃၀၈၊ မြေအမည်ပေါက် ပိုင်ဆိုင်သူ ဦးစံလှ ISN-၅၅၈၇၅၉က မြေချပါမစ်အပောင်းအပ်နှံ၍ အသစ်လဲလှယ်ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

စက်မှုဇုန်ဂိုဒေါင်ငှားရန်

ဒဂုံအရှေ့စက်မှုဇုန်၊ အပိုင်း(၁)၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန်အဝိုင်းအနီး မြေ ၂ ဒသမ ၅ဧကေ ဂိုဒေါင် (၂)လုံး၊ ပေ(၆၀ ×၁၂၀)၊ ပေ(၈၀ ×၁၈၀)၊ မီး 500 KVA TR၊ အဝီစိရေ၊ ဖုန်း (၁)လုံး။

ဆက်သွယ်ရန်ဖုန်း- ၀၉-၅၁၅၁၁၁၆၊ ၀၁-၇၁၀၆၉၈၊ ၀၁-၂၁၇၄၄၈

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၉၀၈၊ စိန်ပန်းမြိုင်လမ်းဟုခေါ်တွင်သော အကျယ်အဝန်းပေ (၃၉×၆၀)၊ နှစ် ၆၀ မြေငှားဂရန်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက် ဦးကျော်အုန်း CG-၀၅၈၈၃၉ထံမှ ဒေါ်ခင်စော ၁၂/တမန(နိုင်)၀၅၀၄၂၀၊ ဒေါ်ခင်မူ ၁၂/တမန(နိုင်) ၀၅၀၄၃၈၊ ဒေါ်ခင်ဌေးရီ ၁၂/တမန(နိုင်)၀၅၀၃၂၆ထံမှ ဦးလှကြိုင် ၁၂/ဥကတ(နိုင်) ၁၂၂၄၇၅စာချုပ်အဆက်ဆက်ဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ကျွန်ုပ်ထံသို့ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် ဦးလှကြိုင်အနေဖြင့် ကျွန်ုပ်ထံမှ စရန်ငွေလက်ခံရယူပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်မြင့် (ခ) ဦးမောင်မေး
၁၂/ကမရ(နိုင်)၀၀၈၈၈၉
အမှတ် ၄၂၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိသံရည်ကျိုစက်မှုဇုန်၊ မြေကွက်အမှတ် ၂၄၆၊ ဧရိယာ ၂ ဒသမ ၁၅၈ ဧကကို အမည်ပေါက် ဦးကြည်ဝင်း ၁၂/ဗဟန(နိုင်) ၀၄၅၃၈၁ နှင့် ဦးဝေလင်းအောင် ၁၂/မရက(နိုင်)၀၀၂၇၅၈ တို့ထံမှ ပြန်လည်ဝယ်ယူထားသူ ဒေါ်ခင်လှဲ့လှဲ့နိုင် ၁၂/တမန(နိုင်)၀၀၉၆၃၄ က ၎င်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ်ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အခန်းငှားမည်

ပန်းဘဲတန်း၊ ကုန်စျေးတန်းလမ်း၊ မြေညီထပ် ၁၈ ပေ × ပေ ၆၀ ထပ်ခိုးအပြည့်၊ Aircon ပါ။

ဖုန်း-၀၉-၅၁၂၈၄၃၂၊ ၀၉-၅၁၄၂၀၃၂

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
မောက်မယ်မြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁

ဦးစိုင်းမင်းနောင် **နှင့်** ၁။ နန်းမြညွန့်(ခ)ပီဆွမ်
၂။ ပီမြင့်(ခ)ဦးစိုင်းအောင်မြင့်
၃။ နန်းစံခမ်း

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

အမှတ် (စ/၁၄)၊ သရဖီလမ်းသွယ်၊ စျေးတန်းရပ်ကွက်၊ မောက်မယ်မြို့(ယခုနေရပ်လိပ်စာမသိ) (၁) နန်းမြညွန့်(ခ)ပီဆွမ်နှင့် (၂) ပီမြင့်(ခ)ဦးစိုင်းအောင်မြင့် (အတူနေဇနီးမောင်နှံ)အား သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း ၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း၊ အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ ခုနှစ် ဩဂုတ် ၂၉ရက်၊ (၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သက်မှုပြုလုပ်၍ ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၂၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဉာဏ်လှလင်း)
မြို့နယ်တရားသူကြီး
မောက်မယ်မြို့နယ်တရားရုံး

ရုံးငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
ပင်လောင်းမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၄

ဦးသိန်းမြင့် **နှင့်** ၁။ ဦးကျော်မင်းထွန်း
၂။ ဒေါ်နန်းခင်အုံးရီ } အတူနေလင်မယား
၃။ ဦးလှကြည်
၄။ ဒေါ်တင်ရီ } အတူနေလင်မယား

တရားလို **တရားပြိုင်များ**

ဖယ်ခုံမြို့၊ စျေးနောက်ရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၅၅)တွင် နေထိုင်သူများ (ယခုနေရပ်လိပ်စာမသိ) ဦးကျော်မင်းထွန်း၊ ဒေါ်နန်းခင်အုန်းရီတို့ သိစေရမည်။

သင်တို့အပေါ် တရားလိုက အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လက်ရှိနေထိုင်သူများအား ထွက်ခွာဖယ်ရှားစေပြီး လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ (သို့မဟုတ်)အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ဖြစ်စေ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၉ ရက် (၁၃၇၅ ခုနှစ် တော်သလင်းလဆန်း ၅ ရက်) နံနက် ၁၀ နာရီတွင် အထက်ပါတရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ပင်လောင်းမြို့နယ်တရားရုံးသို့ လာရောက်ရမည်။ ထို့အပြင် သင်တို့သည် ရုံးသို့လာရန်ပျက်ကွက်က သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ သင်တို့က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို ယူလာရမည်။ (သို့မဟုတ်)သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံပို့လိုက်ရမည်။ သင်တို့က ချေလွှာတင်သွင်းလိုလျှင် အမှုရက်ချိန်းမတိုင်မီလေးရက်အလိုက တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဥမ္မာစမ်း)
မြို့နယ်တရားသူကြီး
ပင်လောင်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့်၅)
ကောလင်းမြို့နယ်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၄၈

မစုပြည့်ဝိုင်း **နှင့်** မောင်ထွန်းကျော်သူ
တရားလို **တရားပြိုင်**

ကောလင်းမြို့၊ သရက်ခွဲကျေးရွာနေ မောင်ထွန်းကျော်သူ (ဘ)ဦးဝင်းညွန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မစုပြည့်ဝိုင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၄ ရက် (၁၃၇၅ ခုနှစ် ဝါခေါင်လကွယ်နေ့) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၁၉ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်ဦး)
ဒုတိယမြို့နယ်တရားသူကြီး
ကောလင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ မြေတိုင်း(၅)ရပ်ကွက်၊ တိဿလမ်း၊ အမှတ် ၆၆၈ အား မမြင့်သန္တာလှိုင် ၇/ပခန(နိုင်)၂၃၆၁၀၄ နှင့် မငုဝါဝါထွန်း ၆/ကဝန(နိုင်)၀၆၇၆၀၉ တို့မှ ဝယ်ယူထားသော ဦးဌေးအောင်အမည်ပေါက်ပါမစ်ရရှိထားပြီး ယခုအခါ မူရင်းပါမစ်ပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူလျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

မြင့်သန္တာလှိုင် ၇/ပခန(နိုင်)၂၃၆၁၀၄၊ မငုဝါဝါထွန်း ၆/ကဝန(နိုင်)၀၆၇၉၀၉

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၄လမ်း၊ အမှတ် ၁၆၉/၁၇၁၊ ဒုတိယထပ် (ဝဲဘက်ခန်း)၊ အခန်းအမှတ် ၂၀၁ ဟု ခေါ်တွင်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာန၊ စုပေါင်းပိုင်အဆောက်အအုံစီမံကိန်းအရ ဆောက်လုပ်သောတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဒေါ်သန်းသန်းဌေး ၁၀/မဒန(နိုင်)၀၄၄၀၃၇ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။

ထိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါလျှင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ဖော်ပြပါနေ့ရက်မှ ကျော်လွန်ခဲ့လျှင် တိုက်ခန်းအရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးတင်ဝင်းအောင် (လူမှုထူးချွန်)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၃)
B.A(Law), LL.B, D.B.L, D.M.L, D.L.L, D.A, Psy
အမှတ် ၂၅၊ လမ်း ၁၃၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၇၃၂၀၈၉၈၁

ဦးတင်နု “ဝေဖြိုး အိမ်၊ ခြံ၊ မြေ အကျိုးဆောင်”
ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နယ်နေသူနှင့်
အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ချင်းတွင်းလမ်း၊ အမှတ် ၇၀ နေ ဦးမြင့်ကြည် ၁၂/လမတ(နိုင်)၀၂၂၇၉၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးတင်နုသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ မြေတိုင်းအမှတ်(၁)၊ အကွက်အမှတ် ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၉၀၊ ၉၁ မြေကွက် ခုနစ်ကွက်ကို ငွေသွင်းချလန်မူရင်း၊ မြေခွန်ပြေစာမူရင်းများနှင့်တကွ အရောင်းအဝယ်စာချုပ်များချုပ်ဆို၍ ဦးမြင့်ကြည်သို့ တရားဝင်ရောင်းချခဲ့ပြီး မြေကွက်များအတွက် အထူးကိုယ်စားလှယ်လွှဲစာများဖြင့် လွှဲအပ်ထားခဲ့ပါသည်။ ထိုသို့ရောင်းချခဲ့စဉ်က အရောင်းအဝယ်ပြုလုပ်သော ခြံမြေကွက်များ၏ မြေချပါမစ်အတွက် ခြံမြေများလက်ရောက်ပေးအပ်မည်ဟု ကတိပြုပြောဆိုရောင်းချသဖြင့် ဦးမြင့်ကြည်မှ ၄င်း၏ကတိစကားကိုယုံကြည်ပြီး ခြံမြေများကို လက်ရောက်ရယူခဲ့ခြင်းမရှိဘဲ စောင့်ဆိုင်းနေခဲ့ပါသည်။

နောက်ပိုင်းတွင် ဦးတင်နုသည် ဦးမြင့်ကြည်ဝယ်ယူထားသော ခြံမြေများကို ဦးမြင့်ကြည်သို့ လက်ရောက်ပေးအပ်ခြင်းမပြုဘဲ ခြံမြေများကို တရားမဝင်လက်ဝယ်ထားရှိခဲ့သဖြင့် ဦးမြင့်ကြည် ဝယ်ယူထားသော မြေကွက်ခုနစ်ကွက်အတွက် မြေချပါမစ်မရရှိသေးပါ။ ဦးမြင့်ကြည်ဝယ်ယူထားခဲ့သော ခြံမြေများကို လက်ရောက်ပေးအပ်ရန် ဦးတင်နုထံသို့ နို့တစ်စာပေးပို့ခဲ့သော်လည်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိသဖြင့် ဦးမြင့်ကြည်မှ ဦးတင်နုအပေါ်တွင် ခြံမြေကွက်များ လက်ရောက်ရရှိရေးအတွက် တရားစွဲဆိုရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည် ဦးမြင့်ကြည်ဝယ်ယူခဲ့ပြီးသော အထက်ပါခြံမြေကွက် ခုနစ်ကွက်ကို ဦးမြင့်ကြည်၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ မြေကွက်အမည်ပြောင်းခြင်း၊ မြေချပါမစ်လျှောက်ထားရယူခြင်းများမပြုရန် ဦးတင်နုနှင့် အများသိစေရန် သတိပေးတားမြစ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ငွေ	**ဒေါ်ခင်ဝင်းဖြူ**	**ဒေါ်ဝင်းဝင်းခိုင်**
B.A (Eng)., R.L	**LL.B., D.B.L**	**LL.B**
တရားလွှတ်တော်ရှေ့နေ(၂၄၂၅)	**အထက်တန်းရှေ့နေ(၂၆၁၃၆)**	**အထက်တန်းရှေ့နေ(၃၂၀၅၅)**

အမှတ် ၄၆ (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်(တောင်ပိုင်း)ခရိုင်၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ အကွက်အမှတ် ၂၈၊ ညောင်သုံးပင်မြောက်ကွက်၊ ဦးပိုင်အမှတ် ($\frac{၂}{က/၂၃၃}$)၊ ဧရိယာ ဝဒသမဝ၅ဝဧကရှိ ဂရန်အမှုတွဲအမှတ် RP.NO ၇၂/V /၂၀၀၅-၂၀၀၆ ဖြစ်သည့် ဂရန်မြေကွက်၏ အမည်ပေါက်ပိုင်ရှင် ဒေါ်နန်းစောမြတ်ထံမှ သန်လျင်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပိုင်ဆိုင်ခွင့်ဆက်စပ်စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဖြူဖြူဖြိုး ၁၂/သလန(နိုင်)၀၈၃၅၉၃၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူ ဒေါ်ဌေးဌေးဝင်း ၁၂/သလန(နိုင်)၀၁၁၈၂၃ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ် ချုပ်ဆိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်နေအိမ်တို့၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်ကြည် LL.B	**ဦးမောင်မောင်ထွန်း**
အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)	**B.A (Law), LL.B (Advocate)**
	တရားလွှတ်တော်ရှေ့နေ (စဉ်-၂၆၅၃)

အမှတ် (၅၀)၊ လေးလွှာ (ခေါင်းရင်းခန်း)၊ မလွှကုန်းလမ်း၊ ကျောက်/ရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၃၈၂၂၊ ၀၉-၄၃၁၁၄၆၅၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၅၃၇/က)၊ သဒ္ဒါလမ်းဟုခေါ်တွင်သော နှစ် ၆၀ဂရန်မြေအမျိုးအစား အကျယ်အဝန်းပေ (၂၀×၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၅၃၇/ခ)ဟုခေါ်တွင်သော (ခေါင်းရင်းဘက်ခြမ်း) အကျယ်အဝန်းပေ(၁၀×၆၀)အကျယ်ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော မူလအမည်ပေါက်ပိုင်ရှင် ကွယ်လွန်သူ ဒေါ်ကြီးမေ၏ အမွေဆက်ခံသူသားသမီးများဖြစ်ကြသည့် ဦးအေးချို ၁၂/ဥကတ(နိုင်)၀၃၃၉၇၃ နှင့် ဦးအောင်နိုင်မြင့် ၃/ဘအန(နိုင်)၀၀၉၀၇၂တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဘေဘီဦး ၉/မနတ(နိုင်)၀၃၂၅၆၈က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်မှတ်ပုံတင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေမျိုးထွဋ် (စဉ်-၂၉၄၃)	**ဦးသန့်ဇင်ထွန်း (စဉ်-၃၃၅၈)**
LL.B., Diploma in Business Law	**LL.B., Diploma in Business Law**

အထက်တန်းရှေ့နေများ
Pioneer Law Firm
အမှတ် (၁၃၂/အေ)၊ အခန်း (၃)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၄၂၀၀၄၆၂၁၆၊ ၀၉-၄၂၀၁၀၅၁၈၁

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှ
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သစ်တောဦးစီးဌာန
အသက် (၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၂/၉၅၀ နေ (ဒေါ်ခင်မာမာ)၏ခင်ပွန်းဖြစ်သူ ဦးတင်လှ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန) သည် ၂၄-၈-၂၀၁၃ ရက် ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှ
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သစ်တောဦးစီးဌာန
အသက် (၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၂/၉၅၀ နေ (ဒေါ်ခင်မာမာ)၏ခင်ပွန်းဖြစ်သူ ဦးတင်လှ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန) သည် ၂၄-၈-၂၀၁၃ ရက် ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
သစ်တောဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှ
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သစ်တောဦးစီးဌာန
အသက် (၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၂/၉၅၀ နေ (ဒေါ်ခင်မာမာ)၏ခင်ပွန်းဖြစ်သူ ဦးတင်လှ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)သည် ၂၄-၈-၂၀၁၃ ရက် ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **မြန်မာနိုင်ငံသစ်တောအသင်း**

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းလှိုင်
ဒုကြီးကြပ်ရေးမှူး (သွား/လာ)၊ စစ်တွေ၊ မြန်မာ့မီးရထား

ဦးထွန်းလှိုင် ဒုကြီးကြပ်ရေးမှူး (သွား/လာ)၊ မြန်မာ့မီးရထား (စစ်တွေ) သည် ၂၃-၈-၂၀၁၃ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရခိုင်ပြည်နယ်မှ မြန်မာ့မီးရထားဝန်ထမ်းများ

ရောင်းမည်

တောင်ဒဂုံ၊ (၆၅)ရပ်ကွက်
(၁၂၇×၆၀)ပေ

ဖုန်း-၀၉-၇၃၁၁၂၇၂၁၊
၀၉-၇၃၁၁၂၇၂၅

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေကွက်အမှတ် (၁/၁၀၃)၊ မြေကွက်တည်နေရာအမှတ် (၁/၁၀၃)၊ ကာယ ၅ လမ်း၊ သဃ်ာန်းကျွန်းကြီးကျေးရွာ၊ ယင်စာရင်းအမည်ပေါက် ဒေါ်ခင်ပြုံးထံမှ ၁၂-၁၁-၂၀၁၀ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးထွန်းထွန်းဝင်း ၅/ခဥတ(နိုင်)၀၀၀၉၈၉ က အရောင်းအဝယ်ကတိစာချုပ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေကွက်အမှတ် (၁/၁၀၂)၊ မြေကွက်တည်နေရာအမှတ် (၁/၁၀၂)၊ ကာယ ၅ လမ်း၊ သဃ်ာန်းကျွန်းကြီးကျေးရွာ၊ ယင်စာရင်းအမည်ပေါက် ဦးထွန်းနုထံမှ ၁၂-၁၁-၂၀၁၀ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးထွန်းထွန်းဝင်း ၅/ခဥတ(နိုင်)၀၀၀၉၈၉ က အရောင်းအဝယ်ကတိစာချုပ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၆၄၅၊ မြေကွက်တည်နေရာအမှတ် ၆၄၅၊ သံသုမာလမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ဝင်းကြည်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဝင်းကြည် အမျိုးကြီးဘဝဖြင့်ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်သန်း ၁၂/ကမရ(နိုင်)၀၂၈၆၀၅၈က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊ အိမ်ရာ၊ တိုက်(၁၆၉/၁၇၁)၊ အခန်း ၂၀၁ကို၊ မူလအမည်ပေါက်ပိုင်ရှင် ဒေါ်သန်းသန်းဌေးထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးမြင့်သိန်း ၁၂/ကတတ(နိုင်)၀၀၃၉၄၆ က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက် ၁၃၊ အခန်း ၀၃ကို၊ မူလအမည်ပေါက်ပိုင်ရှင် ဒေါ်တင်ရွှေထံမှ စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူထားသူ ဦးသိန်းထွန်း ၁၂/ဗတထ(နိုင်)၀၁၃၀၇၉ က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာ

ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်းသွယ်၊ အမှတ် ၆၇/စီ၊ အခန်း(အေ)၊ မြေညီထပ်နေ (ဦးလှ-ဒေါ်မေကြည်)တို့၏သမီး၊ (ဦးဆက်မောင်)၏ဇနီး၊(ဦးဆက်မော်)၊ ဦးဆက်အောင်-ဒေါ်မေသန်းလွင်တို့၏မိခင်၊ မယွန်းသံသာဆက်အောင်၊ မမေဖုန်းမြတ်ဆက်အောင်တို့၏အဘွားသည် ၂၅-၈-၂၀၁၃ရက် ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ

အသက်(၇၅)နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် ဒေါ်မေသန်းလွင်တို့၏ချစ်လှစွာသောမိခင် ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ အသက်(၇၅)နှစ်သည် ၂၅-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံတော်သမ္မတ၏အကြံပေးများ

ဦးစစ်အေး၊ ဒေါ်ခင်မျိုးမြင့်၊ ဦးကိုကိုလှိုင်၊

ဒေါက်တာနေဇင်လတ်၊ ဒေါက်တာစိန်လှမိုင်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၆၇(စီ)၊ အခန်း(အေ)၊ မြေညီထပ်နေ (ဦးလှ-ဒေါ်မေကြည်)တို့၏သမီး၊(ဦးဆက်မောင်)၏ချစ်လှစွာသောဇနီး၊ (ဦးဆက်မော်)၊ ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်မေသန်းလွင်တို့၏ချစ်လှစွာသောမိခင် ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှသည် ၂၅-၈-၂၀၁၃ရက် ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ

အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၆၇/စီ၊ အခန်း(အေ)၊ မြေညီထပ်နေ (ဦးဆက်မောင်)၏ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့်ဇနီး ဒေါ်မေသန်းလွင်တို့၏မိခင် ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ အသက်(၇၅)နှစ်သည် ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့

ကမ္ဘောဇဘဏ်လီမိတက်

ဦးတင်ရွှေ

ရေယာဉ်မှူးကြီး(ငြိမ်း)၊ စွမ်းအင်ဝန်ကြီးဌာန

အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နေ (ဦးမောင်ညွန့်-ဒေါ်သန်း)တို့၏သား၊ သာကေတမြို့နယ်၊ (၄)ရပ်ကွက်(တောင်ပိုင်း)၊ မြို့မလမ်း၊ အမှတ် ၆၇၃/ခနေ ဒေါ်တင်တင်သော်(ခ)အန်တီမာ၏ခင်ပွန်း၊ မောင်ဇော်မင်းတင်-မခင်မျိုးမြတ်(ခေတ္တ-USA)၊ ကိုဇော်ဇော်(ခေတ္တ-USA)၊ ကိုကိုထွေး(A/B Vs New World Shipping)-မခင်ငြိမ်းငြိမ်းရွှေ(ဒုဦးစီးမှူး၊ DBE-1)တို့၏ဖခင်၊ မောင်ဝေယံမင်းဒင်(ခေတ္တ-USA)၏အဘိုးသည် ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၈း၁၃နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာဦးလှမင်း

ပါမောက္ခဌာနမှူး(ငြိမ်း)

မန္တလေးသွားဘက်ဆိုင်ရာ

ဆေးတက္ကသိုလ်

အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊သပြေကုန်းရပ်ကွက်၊အမှတ် ၇၈၊ ၁၂၄လမ်းနေ (ဦးစက်ဘို)-ဒေါ်ခင်လှိုင်တို့၏သား၊ ဦးအရိယဝံသ (ဩစတြေးလျ)၊ ဒေါ်ခင်မြကြည်တို့၏ညီ/မောင်၊ ဦးမောင်မောင်-ဒေါ်ဘေဘီလှိုင်၊ ဦးစံရွှေ-ဒေါ်ခင်မမ၊ ဦးဇော်မင်း၊ဒုရဲမှူးအောင်ဌေး(မုံရွာ) - ဒေါ်ခင်စန်းတင့်တို့၏အစ်ကို၊ တူ၊တူမ ၁၂ယောက်တို့၏ဘကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးထွန်းနောင် (လက်ပံတန်း)

အသက်(၄၇)နှစ်

လက်ပံတန်းမြို့နယ်၊ ကျွန်းကလေး၊ မြို့မရပ်ကွက်၊ လမ်းမတော်လမ်းနေ (ဦးထွန်းရင်) - ဒေါ်ခင်ဝင်းတို့၏သား၊ ဒေါ်သင်းသင်း၏ခင်ပွန်း၊ ဦးထွန်းထွန်း ဦး-ဒေါ်မွှေးမွှေးတို့၏ညီ/မောင်၊ ဦးတေဇာလင်း-ဒေါ်သင်းယုနောင်၊ ကိုကောင်းမြတ်(ပထမနှစ်၊ပထဝီ၊ ပြည်တက္ကသိုလ်)တို့၏ဖခင်၊ မောင်သုတဇော်၏အဘိုးသည် ၂၅-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှကျွန်းကလေးအရှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ကျေးဇူးရှင်ဆရာမကြီး ဒေါ်ခင်မျိုးကြူသည် ၂၂-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ဆရာမကြီး၏ ကျန်ရစ်သောမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဇနီး ဒေါ်မြင့်မြင့်ခိုင်

မိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်နှင်းနွယ်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၅လမ်း၊ အမှတ် ၈၆နေ (ဦးထွန်းရင်-ဒေါ်ငွေနု)တို့၏သမီး၊ ဦးအောင်ဝင်း-ဒေါ်မာခွန်၊ ဦးမြဝင်း၊ ဦးမောင်မောင်ကြိုင်-ဒေါ်လှလှဝမ်း၊ ဦးလှဝမ်း-ဒေါ်ထွေးထွေးရီ၊ ဦးရွှေဝမ်း-ဒေါ်သွင်သွင်ဦး၊ (ဦးမြင့်စိန်)-ဒေါ်အေးသိန်းတို့၏မိခင်၊ မြေး ၂၀၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၅-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်လှ

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန

အသက်(၈၀)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူနှင့် ဂျီနီဗာမြို့၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အဖွဲ့ရုံးစာရေး ဒေါ်မြစန္ဒာတို့၏ဖခင် ဦးတင်လှ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)သည် ၂၄-၈-၂၀၁၃ရက်(စနေနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ဝန်ထမ်းမိသားစု

အာဆီယံရေးရာဦးစီးဌာန

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးမောင်ထွန်း(ခ) Muhammad Siddique Omar Raidin

(မော်လမြိုင်)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၆လမ်း(အောက်လမ်း)နေ (ဦးမောင်လေး-ဒေါ်ခသီဆာဘီ)တို့၏သား၊ ဒေါ်အမီနာဘီ၏အစ်ကို၊ ဒေါ်ခင်ရီ၏ခင်ပွန်း၊ မသန္တာဦး-ကိုမောင်မောင်၊ ဒေါ်ခင်သူဇာ(KBZ Bank)၊ ဦးကျော်မျိုးထွန်း-ဒေါ်နွယ်နီဝင်း၊ ကိုအောင်ကျော်ထွန်းတို့၏ဖခင်၊ မြေးငါးယောက်၏အဘိုးသည် ၂၄-၈-၂၀၁၃ရက် (စနေနေ့)တွင် နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးစွန်နီကဘာရ်စတန်ဥယျာဉ်တော်သို့ ပို့ဆောင်၍ ဇဟိုရ်နမာဇ်အပြီးတွင် ဂျာနဇာနမာဇ်ဖတ်ပြီး ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမဒေါ်ဖာတမာဝါလီရှဖီး(ခ)ဒေါ်ခင်မမ(ခ) Rosalind (တောင်ကြီး)

ကျောင်းဆရာမ(ငြိမ်း)၊ ဂန္ဒီကျောင်း၊ St.Anne ကျောင်းသူဟောင်း

အသက်(၇၈)နှစ်

တောင်ကြီးမြို့၊ မင်းလမ်းနေ (ဦးအာမက်ဝါလီမိုဟာမက်-ဒေါ်ဒေါ်တင်)တို့၏သမီး၊ သီပေါမြို့နေ (ဦးတင်-ဒေါ်မမလေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကန်တော်ကြီးတာဝါနေ [အလ်ဟာဂျ်မိုဟာမဒ်ရှဖီး(ခ)ဒေါက်တာဦးသန်းဝင်း](AMS၊ မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံ၊ဘားလမ်း)၏ဇနီး၊ ဦးGeorge ဝင်းမောင်ဦး (Win Theingi Engineering Co.,Ltd.)-ဒေါ်သီဂီလွင် (Peace Garment)၊ ဒေါ် Dimple ဝင်းမေသန်း (Summit International Learning Centre)-ဦးခင်ဇော်၊ ဒေါက်တာဝင်းမေထွေး(Child Fund Myanmar)၊ ဦးဇော်ဝမ်း(လားရှိုး)၊ ဒေါ်မြမြ(ခ)ရွှေရွှေတို့၏မိခင်၊ Johnathan ထက်မြက်၊ Derrick ကောင်းမြတ်၊ Roger မိုးမြတ်၊ Honey ချို့နွဲ့ဦး၊ Cherry မေသက်ဦး၊ Cindy ဖြူနှင်းဦးတို့၏ဘွားဘွားသည် ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့)ည ၇း၅၅နာရီတွင် ကန်တော်ကြီးတာဝါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) ဇဟိုရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

လီကျွမ်စိန်(ခ) မောင်မောင်ဝင်း

B.A (History)

အသက်(၄၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊လသာမြို့နယ်၊ ၁၇လမ်း၊ အမှတ် ၁၃၂၊ အခန်းအမှတ် ၀၂၇နှင့် အမှတ် ၁၁၁၊ အခန်းအမှတ် ၅၃၊ ၁၈လမ်း၊ လသာမြို့နယ်နေ (တန်တိန့်ချွန်း-ငေါ်ရှုအိမ်း)တို့၏မြေး၊ (ဦးလီစင်ဟင်း - ဒေါ်တန်ကင်လွှိ)တို့၏သားထွေး၊ လီပိုးလျှံ(ခ)ဒေါ်စန်းစန်းမြင့်၊ လီချွန်ဟုတ်(ခ)ဦးမင်းအောင်၊ ဦးမျိုးအောင်-မစန်းမြင့်၊ လီပို့ပို့(ခ)ဒေါ်ပို့ပို့တို့၏ညီ/မောင်သည် ၂၆-၈-၂၀၁၃ရက် နံနက် ၀၀း၁၀နာရီတွင် လမ်း ၂၀၊ နိုဗယ်စကွဲယားဆေးရုံ (Nobel Square Hospital)တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၈-၈-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (၁၈လမ်း နေအိမ်နှင့် ၁၉လမ်း၊ ခရစ်တော်မက်သဒစ်အသင်းတော်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒုတိယရဲမှူးစံအုပ်

(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)

အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ် ၄၄၊ ပထမထပ်နေ (ဦးစောမွန်-ဒေါ်နီသိန်း)တို့၏သား၊ (ဆရာကြီး ဦးလွန်ထန်း)-ဒေါ်ခင်ရွှေတို့၏သားသမက်၊ ဦးထွန်းအောင်-ဒေါ်နုချိုးတို့၏ညီ၊ဆရာမဒေါ်မော်မော်ရီ(အလပြ၊ သံဖို)၊ ဆရာမဒေါ်စောရီ(အလပြ၊ သံဖို)၊ ဒေါ်စောနီ-Rev. Co Sang (L.B.A ကလေးမြို့)၊ U Hmil Sang-Daw Aa Khin တို့၏အစ်ကို၊ ဆရာမဒေါ်ဆွေတဲလ်(အထက်တန်းပြ၊အထက-၃၊ ကမာရွတ်)၏ခင်ပွန်း၊ မောင်ဂျွန်စောအုပ်ထန်း(USA)၊ မောင်ယောနသန်ဘွဲ့ဒင်ဆန်း(Grade 10-A၊ အထက-၃၊ ကမာရွတ်)တို့၏ဖခင်သည် ၂၅-၈-၂၀၁၃ရက် နံနက် ၀၀း၃၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၇-၈-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ချင်းနှစ်ခြင်း ခရစ်ယာန်မေ့မ္ဘရိပ်သာရှေ့၊ အမှတ် ၄၄၊ ဝေဠုဝန်လမ်းကျယ်၊စမ်းချောင်း၊အထက-၃၊ကမာရွတ်ကျောင်းရှေ့တို့မှကားများ နံနက်၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစံဝ

(တိုင်းရင်းသမားတော်ကြီး)

အသက်(၉၂)နှစ်

မော်လမြိုင်မြို့၊ဒိုင်းဝန်ကွင်း၊ ကျိုက္ခဲရပ်၊ အောင်သိပ္ပံလမ်း၊အမှတ် ၅၈/Bနေ (ဦးသန့်-ဒေါ်ဖွားခင်)တို့၏သား၊ (ဒေါ်စိန်တင်)၏ခင်ပွန်း၊ (ဦးသန်းထွန်း)-ဒေါ်အေးအေးသန်း၊ ဦးစန်းထွန်း-ဒေါ်ညွှန့်သန်း၊ (ဦးသန်းလွင်)-ဒေါ်တင် တင်လှ၊ ဦးမျိုးသန်း-ဒေါ်မြင့်မြင့်ခိုင်၊ ဦးဝင်းနိုင် (ဆသရ) - ဒေါ်ငွေငွေနွယ် (ဆသရ)၊ ဦးအောင်ရွှေဘိုတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၅-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကျော်မြင့် (ငြိမ်း)

ကြည်း-၆၉၃၊ (စက်မှု/စားကုန်)

အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊၁၀/တိုးချဲ့ရပ်ကွက်၊ အမှတ် A(3)၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ကံ့ကော်လမ်းနေ ဒေါ်အုံးမြင့်(ခ)ဒေါ်နီနီ၏ခင်ပွန်း၊ ဦးမြင့်ဦး၊ ဒေါ်သွင်မာမြင့်၊ ဦးသိန်းဇော်ထွန်း-ဒေါ်နုယဉ်မြင့်၊ ဒေါ်ချိုမာမြင့်၊ ဦးစိုးပိုင်၊ ဒေါ်စိုးမြတ်ထွေးတို့၏ဖခင်၊ မဝင့်ပြည့်ပြည့်ထွန်း၏အဘိုးသည် ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရားဒါယိကာမ

ဒေါ်ရီပိုး

အသက်(၇၇)နှစ်

ဦးအိုက်စီ၏ဇနီး၊ ဒေါ်အေးအေး-ဦးသန်းနိုင်လင်း၊ (ဦးထွန်းအောင်)-ဒေါ်စန်းစန်းရီ၊ ဒေါ်သန်းသန်း-ဦးအပ်ရွှေတို့၏မိခင်၊ မသဲနုနုဇန်၊ မောင်မင်းခန့်ကျော်၊ မောင်ဟိန်းထက်အောင်၊ မောင်အောင်မြင့်ကျော်၊ မမေသဇင်ခိုင်၊ မလင်းလက်ဖြူ၊ မသီဂီဝင်း၊ မောင်ရဲရင့်ထက်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် ၂၄-၈-၂၀၁၃ရက် ည ၁၁း၃၀နာရီတွင် ဘုရင့်နောင်ပွဲရုံလမ်း၊(၁)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ အမှတ် က/၁၊ ကံ့ကော်လမ်းသွယ်(၃)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးတရုတ်ဖူကျန့်သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ထွန်းလင်း(ခ) ဦးအောင်ကြီး (သန်လျင်)

မန္တလာမင်း

အဆင့်မြင့်ခရီးသွားလုပ်ငန်း

အသက်(၄၄)နှစ်

သန်လျင်မြို့နေ ဦးကျင်သောင်း-(ဒေါ်မြသောင်း)တို့၏သား၊(ဦးလှမြင့်)-ဒေါ်စန်းရီတို့၏သားသမက်၊ ဦးအောင်လှ-ဒေါ်အေးအေးတင့်၊ ဦးအောင်လင်း-ဒေါ်လှလှအေး၊ ဦးလှကြိုင်-ဒေါ်မိုးမိုးမြင့်(ဂျာမနီ)၊ ဦးဇော်မင်းစိုး-ဒေါ်မျိုးမျိုးမြင့်(ဂျာမနီ)၊ ဦးအောင်အောင်-ဒေါ်စိမ့်စိမ့်လှိုင်(ဂျာမနီ)တို့၏ညီ/မောင်၊ ဒေါ်လေးလေးမြင့်၏အစ်ကို၊ ဒေါ်ဖြိုးဖြိုးမြင့်၏ခင်ပွန်း၊မကြယ်စင်ထွန်းလင်း၏ဖခင်၊ တူ၊ တူမ ၁၂ယောက်တို့၏ဦးလေးသည် ၂၅-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂နာရီတွင် သန်လျင်မြို့ ဗိုလ်ချုပ်ရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အရှင်ဇဝနဉာဏာဘိဝံသ

သာသနဓဇသိရီပဝရဓမ္မာစရိယ

စေတိယင်္ဂဏဓမ္မာစရိယ

သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊တောင်ပိုင်းခရိုင်၊သန်လျင်မြို့နယ်၊ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်၏ ပဓာနနာယက၊ ရန်ကုန်မြို့၊ ပုဇွန်တောင် ဆုတောင်းပြည့်ကျောင်းတိုက်၏ဩဝါဒါစရိယ၊ သန်လျင် ကျိုက်ခေါက်ဆံတော်ရှင်ဘုရားကြီး၏ဩဝါဒါစရိယ၊ သန်လျင်မြို့ ကျိုက်ဇောဓိ ပဝါရဏာဂိုဏ်းကြီး၏ ဂိုဏ်းချုပ်သက်တော်ရှည်ဆရာတော် အရှင်ဇဝနဉာဏာဘိဝံသသည် (၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားကို သန်လျင်တောရကျောင်းတိုက်တွင် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) ၁-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တတေဇိန္ဒ (သာသနာဒီပသဲအင်းဂူ)

(သုံးခွမြို့၊ ဘုရားကြီးကျေးရွာဇာတိ)

သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၃၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ သာသနာဒီပ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၃၂)ဝါရှိ ဘဒ္ဒန္တတေဇိန္ဒ အရှင်မြတ်သည် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက်) ၂၄-၈-၂၀၁၃ရက် (စနေနေ့) ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်) ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမစျာပနမီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(ကျောင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

သာသနာဒီပသဲအင်းဂူ၊ တိုးကြောင်ကလေး၊ စျာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဗုဒ္ဓဝံသ

(တောင်ကုတ်မြို့နယ်၊ တန်းလွဲ-ရွာမဇာတိ)

သက်တော်(၂၇)နှစ်၊ သိက္ခာတော်(၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်၊ သဲချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဗုဒ္ဓဝံသသည် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) ၂၅-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယကာကြီး

ဦးမြစိုး(တိုးကြောင်ကြီး) အသက်(၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်နေ (ဦးစံ-ဒေါ်လှရီ)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဘုတလင်မြို့နယ်၊ သဖန်းကျေးရွာနေ(ဦးဖိုးကွန်း-ဒေါ်စောညွှန့်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟလမ်း၊ အမှတ် ၁၂၆၂/ခနေ (ဒေါ်လှမှီ)၏ခင်ပွန်း၊ မောင်ခင်မောင်လတ်(နာရေးကူညီမှုအသင်း၊ ရန်ကုန်)၏ဖခင်သည် ၂၅-၈-၂၀၁၃ရက် ည ၁၀း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ပညာရီ

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ

သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌ သီတင်းသုံးနေထိုင်သော ဆရာကြီး ဒေါ်ပညာရီသည် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (ရိပ်သာမှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှဝင်း (SGS Myanmar Ltd.)

အသက်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်နေ (ဦးချိန်ဟိုး)-ဒေါ်ပုလေးတို့၏သားကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၈၄၆၊ သုမိတ္တာ ၂၂လမ်း၊ (၁)ရပ်ကွက်နေ (ဦးလှကြိုင်)-ဒေါ်မြသန်းတို့၏သားသမက်၊ ဒေါ်ဝင်းမြင့်၏ခင်ပွန်း၊ ဦးသန်းချော-(ဒေါ်မြင့်မြင့်သန်း)တို့၏မောင်၊ ဦးစိုးတင့်-ဒေါ်ခင်အေးသီ၊ (ဦးခင်မောင်ထွေး)-ဒေါ်စန်း၊ ဦးမြစိုး(စီးပွား/ကူးသန်း)၊ ဦးသက်တင်-ဒေါ်နွဲ့နွဲ့ထွေးတို့၏အစ်ကို၊ ဦးသန်းနိုင်၊ ဒေါ်နှင်းသီတာချော(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)၊ ဦးမြတ်သူရိန်၊ ဦးရန်လင်းပိုင် (Lwin and Swan Trading)၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၁၁း၀၅နာရီတွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ တစ်နေရာတည်းတွင် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ စက်မှုဝန်ကြီးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသို့ ရောက်ရှိသည်။

ဒုတိယသမ္မတအား စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် တာဝန်ရှိသူတို့က ဌာနစတင်ဖွဲ့စည်းခဲ့မှု၊ ရည်ရွယ်ချက်နှင့်လုပ်ငန်းတာဝန်များ၊ ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ၂၀၁၂ ခုနှစ် ဧပြီလတွင် စတင်တည်ထောင်ခဲ့သည်။ ယင်းဌာနကို နိုင်ငံစီးပွားရေး၏ အဓိကအသက်သွေးကြောဖြစ်သော အသေးစားနှင့် အလတ်စားလုပ်ငန်းများအား ထိရောက်စွာ ကူညီထောက်ပံ့အားပေးနိုင်ရေး၊ အောင်မြင်သည့် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖြစ်ပေါ်လာစေရေးနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများမှ အကြီးစားလုပ်ငန်းများသို့ ကူးပြောင်းခြဲ့ထွင်လာနိုင်စေရန် ထောက်ပံ့ကူညီပေးနိုင်ရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ရန်ကင်းမြို့နယ်ရှိ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ (One Stop Service for Investment) ရုံးသို့ရောက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

ဒုတိယသမ္မတ ဦးညဏ်ထွန်း မင်္ဂလာဒုံစက်မှုဇုန်အတွင်းရှိ မုန့်ဘီလူးနှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

အပြန်အလှန်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်

နေပြည်တော် ဩဂုတ် ၂၆

မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ အားလုံး၏ VISA ထုတ်ပေးခြင်းမှ ကောက်ခံရရှိငွေအနေဖြင့် တစ်နှစ်လျှင်ပျမ်းမျှ ယူရိုငွေမှာ ၁၁၁၇၉၉၀၂ (အမေရိကန်ဒေါ်လာ ၁၃၄၈၆၇၇၉)ခန့် ဖြစ်ပါကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က ယနေ့ ကျင်းပသည့် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့၌ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၏ **နိုင်ငံတကာရှိ မြန်မာသံရုံးများမှ VISA ထုတ်ပေးရာတွင် ကောက်ခံရရှိငွေများ** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတကာရှိ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ VISA ထုတ်ပေးခြင်းမှရရှိသည့် နိုင်ငံခြားငွေမျိုးစုံအား သက်ဆိုင်ရာရုံးများမှ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ (၃)လတစ်ကြိမ် ယူရိုငွေကြေးဖြင့် လွှဲပြောင်းပေးပို့ရပါကြောင်း၊ မြန်မာနိုင်ငံခြားကုန်သွယ်မှု ဘဏ်သို့ ရောက်ရှိလာသည့် ယူရိုငွေကြေးပမာဏနှင့် ညီမျှသည့် ကျပ်ငွေအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား

စာမျက်နှာ ၇ ကော်လံ ၃ ✻

အမျိုးသားလွှတ်တော်အစည်းအဝေး

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က ဆွေးနွေးရန်သဘောတူ

နေပြည်တော် ဩဂုတ် ၂၆

ယနေ့တွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို အစီအစဉ် (၁၂)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် တင်သွင်းထားသည့် **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အဆုံးအဖြတ်ကိုရယူရာ ထောက်ခံ ဆန္ဒမဲများသည့်အတွက် လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးမြင့်ထွန်းက ဖတ်ကြားတင်သွင်းပြီး လွှတ်တော်က ယင်းအစီရင်ခံစာကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုပါအစီရင်ခံစာ၌ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၄-၇-၂၀၁၃ ရက်တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)နှင့်လည်းကောင်း၊ ၂၆-၇-၂၀၁၃ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့်လည်းကောင်း တွေ့ဆုံခဲ့ပါကြောင်း၊ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ၁၉-၈-၂၀၁၃ ရက်တွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တင်ပြခဲ့ပါကြောင်း၊ ၂၃-၈-၂၀၁၃ ရက်တွင် ကျင်းပသည့် အမျိုးသား လွှတ်တော် အစည်းအဝေးတွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက အကြံပြုဆွေးနွေးခဲ့ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ ◆

ယနေ့ မာတိကာ

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်း စာ - ၅

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း စာ - ၆

ဘာသာပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရေးနှင့် တွေ့ဆုံပွဲကျင်းပ စာ - ၁၀

မြန်မာအသင်းနှင့် ဘရူနိုင်းအသင်းတို့ပွဲတွင် မြန်မာအသင်းမှ ကစားသမားတစ်ဦး ဘောလုံးဖျက်ထုတ်နေစဉ်။

ဩစတြေးလျ အုပ်စုပထမရပြီး မြန်မာအသင်း ပထမဆုံးနိုင်ပွဲရ

နေပြည်တော် ဩဂုတ် ၂၆

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာဆီယံ ယူ-၁၆ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲအုပ်စု (က)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပရာ အိမ်ရှင်မြန်မာအသင်းက ဘရူနိုင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နှစ်ပွဲဆက်ရှုံးနိမ့်ထားသည့် အိမ်ရှင်မြန်မာလူငယ်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြပြီး နိုင်ပွဲစတင်ရရှိခဲ့သည်။ အုပ်စုတွင် အားအနည်းဆုံးဖြစ်သည့် ဘရူနိုင်းအသင်းမှာ မြန်မာအသင်းကို

စာမျက်နှာ ၃ ကော်လံ ၆ ❖

မုတ်သုံလေ အားအလွန်ကောင်း

နေပြည်တော် ဩဂုတ် ၂၆

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အလွန်ကောင်းနေခြင်းကြောင့် ယနေ့မွန်းတည့်မှနောက် ၃၆ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(သတင်းစဉ်)**

ပြင်ဆင် ဖတ်ရှုပါရန်

၂၆-၈-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၄ တွင် ဖော်ပြပါရှိသော **စင်ကာပူအသင်း နိုင်ပွဲစတင်ရရှိသတင်း၏ ပုံစာကို မလေးရှားအသင်းနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။** (စာတည်း)